www.burmeseclassic.com



တက္ကသိုလ်

# နေဂမင်းဇအောင်

ကျင်းဖုံး၏ရောင်ယှဉ့်လန်း

နှင်းတောင်မဟာ

တားကွန်ချာ

ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com



## အဖွင့်

ခွန်လွန်တောင်ထိပ်သို့ ခွန်လွန်ဂိုဏ်းဌာနချုပ်စခန်း "စောင်းတော်ဆောင်" ၏သီးသန့်အခန်းငယ်လေး တစ်ခုထဲတွင် ခွန်လွန်ဂိုဏ်းချုပ်ကြီး ကိုက်ယုန်တည်သည် ခွန်လွန်သိုင်းထိပ်သီးသုံးဖော်ကို အရေးကြီးသော စကားများ ပြောဆိုနေသည်။

ခွန်လွန်သိုင်းထိပ်သီး သုံးဖော်ဆိုသော်လည်း တကယ်တော့ ခွန်လွန်ဂိုဏ်း၏ သိုင်းလူဆွန် ရှားပင်စိန်တစ်ယောက်တည်းသာ ဖြစ်သည်။

ရှားပင်စိန် ...။

ရှားပင်စိန်သည် ခွန်လွန်မိုးပျံလက်ဝါးသိုင်း၊ ခွန်လွန် စောင်းသံသာသိုင်းနှင့် ခွန်လွန်စစ်တုရင်သိုင်းဟူသော လျှို့ဝှက်နက်နဲသည့် အဆင့်မြင့်အစွမ်းထက် သိုင်းပညာဆန်းသုံးမျိုးကို ထူးချွန်စွာ အောင်

www.burmeseclassic.com

www.burmeseclassic.com



မြင်တတ်မြောက်ခဲ့ရာ ထိုသိုင်းပညာဆန်းတစ်မျိုးစီသည် အဆင့်မြင့် သိုင်းအကျော်အမော်တစ်ယောက်ပမာ ရှိသည်ကို အစွဲပြုကာ ရှားပင်စိန်ကို သိုင်းလောကတွင် ခွန်လွန်သိုင်း ထိပ်သီးသုံးဖော်ဟု တင်စားခေါ်ဝေါ်နေကြသည်။

"ထျန်းလုံမျိုးနွယ်စု သိုင်းသမား ငါးဆယ့်ခြောက်ယောက် ရှမ်းယန်မြို့ မြောက်ဘက် ယောက်ကိုင်မြင်းနားစခန်းကို လာမယ့် ကိုးလပိုင်း ဆယ်ရက်နေ့မှာ ခိုလှုံရောက်ရှိကြမယ်ဆိုတဲ့အကြောင်းမင်းလည်း သိပြီးရောပေါ့"

ဂိုဏ်းချုပ်ကြီးကိုက်ယုန်တည်က စကားစလိုက်သည်။

"ဟုတ်ကဲ့ ... ကြားမိပါတယ် ဂိုဏ်းချုပ်ကြီး"

ရှားပင်စိန်က ပြန်အဖြေပေးသည်။

"မွန်ဂိုတွေကို တိုက်ခိုက်ဖို့ ခိုလှုံလာတယ်၊ သူတို့နဲ့အတူ မွန်ဂိုတွေရဲ့ အရေးကြီးစစ်ရေးလှုပ်ရှားမှု လျှို့ဝှက်သတင်းတွေ ပါလာတယ်လို့ဆိုပေမယ့် ငါကတော့ ထျန်းလုံမိသားစု သိုင်းသမား ငါးဆယ့်ခြောက်ယောက်ဟာ မွန်ဂိုတွေစေလွှတ်လိုက်တဲ့ လျှို့ဝှက်သူလျှိုအဖျက်သမားတွေလို့ပဲ ယုံကြတယ် ...၊

ဒါပေမဲ့ ရှောင်လင်ဂိုဏ်းချုပ်, ဝူတန်းဂိုဏ်းချုပ်, အော်မေ့

BURMESE CLASSIC .com



ဂိုဏ်းချုပ်အပါအဝင် သိုင်းလောက ဦးစီးခေါင်းဆောင်အများစုက ငါ့အယူအဆကို လက်မခံကြဘူး၊ နန်းတွင်းက မှူးကြီးမတ်ရာ သေနာပတိတွေကလည်း ထျန်းလုံမျိုးနွယ် သိုင်းသမားတွေဆီက ရမယ့် လျှို့ဝှက်သတင်းပေးချက်တွေက မွန်ဂိုတွေကိုတိုက်ရာမှာ အများကြီး အသုံးချနိုင်တယ်လို့ ယုံကြည်နေကြတယ် ...၊

အဲဒီလိုအကြောင်းတွေကြောင့် ထျန်းလုံမျိုးနွယ် သိုင်းသမား ငါးဆယ့်ခြောက်ယောက် ခိုလှုံအခြေချဖို့ ခွင့်ပြုချက်ပေးလိုက်တဲ့ အခြေအနေအထိ ရောက်လာခဲ့တယ်၊ ငါကတော့ ထျန်းလုံမျိုးနွယ် သိုင်းသမားတွေ ရောက်လာတာနဲ့ မြောက်ဘက်နယ်စပ်မှာ အခြေအနေတွေ ရှုပ်ထွေးလာတော့မယ်လို့ လုံးဝယုံကြည်တယ်၊ သူတို့က ငါတို့တိုင်းပြည်ထဲမှာ အခြေချပြီး တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း အဖျက်လုပ်ငန်းတွေကို နည်းမျိုးစုံနဲ့ လုပ်ကြလိမ့်မယ်၊ ဒီလိုမလုပ်ရအောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ရောက်လာမယ့် ထျန်းလုံမျိုးနွယ် သိုင်းသမားငါးဆယ့်ခြောက်ယောက်ကို တိုက်ခိုက်ချေမှုန်း သုတ်သင်ပစ်ဖို့ ငါဆုံးဖြတ်လိုက်တယ်၊ အဲဒါ မင်း ဘယ်လိုသဘောရလဲ ရှားအော်"

"ဂိုဏ်းချုပ်ကြီးရဲ့ ဆုံးဖြတ်ချက်အပေါ် ကျွန်တော့်အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ပြောစရာမရှိပါဘူး"

ရှားပင်စိန်က ပြန်အဖြေပေးသည်။

ကိုက်ယုန်တည်က ရှားပင်စိန်ကို စိန်းစိန်းကြည့်လိုက်ပြီး ...

"ထျန်းလုံမိသားစု သိုင်းသမားငါးဆယ့်ခြောက်ယောက်ကို တိုက်ခိုက်ချေမှုန်းရမယ့်ကိစ္စမှာ မင်း တာဝန်ယူဦးစီးရမယ်ဆိုရင် ကော"

"ကျွန်တော်က ဂိုဏ်းချုပ်ကြီးရဲ့ သားတပည့်ပါ၊ ခွန်လွန်း ဂိုဏ်းရဲ့ အမာခံဂိုဏ်းဝင်တစ်ယောက်လည်း ဖြစ်ပါတယ်၊ ဂိုဏ်းချုပ်ကြီးက အမိန့်ပေးရင် ကျွန်တော် နာခံဆောင်ရွက်ပါမယ်"

"လူအင်အား ဘယ်လောက်လိုမလဲ"

"မလိုပါဘူး ... ကျွန်တော်တစ်ယောက်တည်းပဲ ဆောင်ရွက်နိုင်ပါတယ်"

"မင်း သိုင်းပညာစွမ်းရည်ရှိပြီး လုပ်ရည်ကိုင်ရည် ပြည့်ဝ ထက်မြက်တာ ငါသိပါတယ် ရှင်းအော်၊ ဒါပေမဲ့ အခုကိစ္စ အရမ်း အရေးကြီးသလို အနှောင့်အယှက်တွေကလည်း များနိုင်တာမို့ စောင်းတော်ဆောင်က စောင်းတော်ရှင်သိုင်းသမား ဆယ့်ရှစ်ဖော်ကို မင်းနဲ့ အတူ ခေါ်သွား"



"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

ကိုက်ယုန်တည်က ခွန်လွန်ဂိုဏ်းချုပ်ကြီး၏ သွေးစောင်းတော်အမိန့်ပြားကို ထုတ်ယူကာ ရှားပင်စိန်လက် အပ်သည်။

ရှားပင်စိန်က ရိုသေစွာ လက်ခံရယူသည်။

စောင်းတော်ဆောင်၌ စောင်းတော်ရှင် သိုင်းသမား ၁၈ ဖော်သည် ခွန်လွန်ဂိုဏ်းတွင် သိုင်းပညာအစွမ်းဆုံး လက်ရွေးစင်များ ဖြစ်ကြကာ ဂိုဏ်းချုပ်ကိုယ်တိုင် သို့မဟုတ် ဂိုဏ်းချုပ်၏ တိုက်ရိုက် တာဝန်လွှဲအပ်သူကသာ အမိန့်ပေး ကွပ်ကဲနိုင်သည်။

ထို့ကြောင့် ခွန်လွန်ဂိုဏ်းချုပ်၏ ကိုယ်ပွားဟုဆိုနိုင်သည့် ရွှေစောင်းတော်အမိန့်ပြားကို ရှားပင်စိန်လက် အပ်နှင်းလိုက်ခြင်း ဖြစ်သည်။

ရွှေစောင်းတော်အမိန့်ပြား လက်ကိုင်ရရှိသူ ရှားပင်စိန်သည် ခွန်လွန်ဂိုဏ်းကြီးတစ်ခုလုံးကို အမိန့်ပေးနိုင်သည့်အာဏာ ရှိသည်။

"စီစဉ်စရာတွေ အမြန်ဆုံး စီစဉ်ပြီး ခရီးထွက်တော့"

"အမိန့်အတိုင်းပါ ဂိုဏ်းချုပ်ကြီး"

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်ကာလမှာ ...

အာရှအလယ်ပိုင်းဒေသမှ မွန်ဂိုမျိုးနွယ်စုများ စုစည်းမိကြကာ အင်အားတောင့်တင်းလာပြီး အခြားသောမျိုးနွယ်စုများကိုပါ တိုက်ခိုက်သိမ်းသွင်းကာ 'အင်ပါယာ' ထူထောင်နေချိန်ပင် ဖြစ်လေသည်။

'ကျင်းနိုင်ငံ'၊ 'ချိတန်းနိုင်ငံ'၊ 'စီးရာခိုင်' စသည့် နိုင်ငံများ မွန်ဂိုလက်အောက်ကျရောက်ကုန်ကြပြီ ဖြစ်သည်။

တရုတ်ပြည်ကြီးကိုပင် မွန်ဂိုတို့၏ နယ်ချဲ့အန္တရာယ်က ခြိမ်းခြောက်နေသည်။

တရုတ်ပြည်မြောက်ပိုင်းနယ်စပ်ဒေသများကို မွန်ဂို ကျူးကျော်ရေးတပ်များ ထိပါးတိုက်ခိုက်နေကြရာ ပီကင်းနေပြည်တော်၌ အထူးတပ်ဖွဲ့များ စေလွှတ်ကာကွယ်နေရသည်။

ထိုအထူးတပ်ဖွဲ့များတွင် တိုင်းချစ်ပြည်ချစ် သိုင်းသမားများကလည်း အင်ဆင့်အားဆင့် ပါဝင်နေကြသည်။



ရှားပင်စိန်သည် အထူးတပ်ဖွဲ့ စစ်ကြောင်းတစ်ကြောင်းကို တာဝန်ခံကွပ်ကဲလျက် စွမ်းစွမ်းတမံ တိုက်ခိုက်ခဲ့ရာ မြောက်ဘက်နယ်ခြားစစ်ကြောင်း နာမည်ကျော် ထိပ်တန်းတပ်မှူးကောင်း သုံးယောက်စာရင်းတွင် ပါဝင်နေသည်။

ကျန်နှစ်ယောက်မှာ ...

ဝူတန်းဂိုဏ်း ထိုက်ကျိအဆောင်မှူး ကျန်းဟုန်ချင့်၊

အော့မေဂိုဏ်း ကော့ရှမ်းအဆောင်မှူး ပေယန်းတို့ ဖြစ်သည်။

မွန်ဂိုနယ်ချဲ့တို့၏ ငါးကြိမ်မြောက် ထိုးစစ်ဆင်မှုကြီး အရေးရှုံးနိမ့်သွားခဲ့ပြီးနောက် အထိနာသွားသော မွန်ဂိုတို့ စစ်ရှိန်တန့်သွားရာ တိုက်ခိုက်မှုများလည်း အေးငြိမ်းနေရာ မြောက်ပိုင်းနယ်ခြားဒေသ သေနာပတိချုပ်ကြီး မင်ဂျူးက တပ်မှူးတပ်သားအများအပြားကို နေရပ်ပြန် အနားယူခွင့်ပေးခဲ့ရာ ရှားပင်စိန် ခွန်လွန်တောင်သို့ ပြန်ရောက်နေခိုက် ထျန်းလုံမျိုးနွယ် သိုင်းသမား ၅၆ ယောက်၏ ပြဿနာ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ပူတန်းတောင်၊ ထိုက်ကျိဆောင်၏ ဘေးပန်းခြံငယ်လေး အတွင်း စင်္ကြံလျှောက်နေသော ပူတန်းဂိုဏ်းချုပ်ကြီး ကျန်းဆန်းဖုန်း၏ ရှေ့မှောက်သို့ ထိုက်ကျိဆောင် အဆောင်မှူး ကျန်းဟုန် ရောက်ရှိလာသည်။

"ကျွန်တော်ရောက်လာပါပြီ ဂိုဏ်းချုပ်ကြီး"

ကျန်းဟုန်က ဂိုဏ်းချုပ်ကြီးကို အရိုအသေပေးပြီး ပြောသည်။

"ယောက်ကိုင်မြင်းနားစခန်းကို ခိုလှုံရောက်ရှိလာမယ့် ထျန်းလုံမျိုးနွယ်သိုင်းသမား ၅၆ ယောက်ကို တိုက်ခိုက်ချေမှုန်းပစ်ဖို့ ခွန်လွန်ဂိုဏ်းချုပ်ကြီးက သိုင်းသမားအဖွဲ့တစ်ဖွဲ့ စေလွှတ်လိုက်တယ်တဲ့၊ အဲဒီအဖွဲ့ကို မင်း ကြားဖြတ်ဟန့်တားရမယ်"

ဂိုဏ်းချုပ်ကြီး၏စကားက ထူးခြားနေရာ ကျန်းဟုန် အံ့သြသလိုပင် ဖြစ်သွားသည်။

ကျန်းဆန်းဖုန်းသည် ယခုအသက် (၉၄) နှစ်အရွယ် ရောက်



နေကာ သိုင်းလောကတွင် အသက်အကြီးဆုံး သက်တော်ရှည် သိုင်းသမားကြီး ဖြစ်သည်။

သူ့ဘဝသက်တမ်းတစ်လျှောက်တွင် အမှန်တရားဘက် ရပ်တည်ကာ အရာခပ်သိမ်း ကောင်းမြတ်သော စေတနာမေတ္တာဖြင့် လုပ်ဆောင်ခဲ့သည်။

ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်စေနိုင်သော လုပ်ဆောင်ချက်များကို ရှောင်ကျဉ်သည်။

သဘောထား ကွဲလွဲမှုရှိလာလျှင် ဆွေးနွေးပြောဆိုခြင်းဖြင့် စေ့စပ်ပြေငြိမ်းရေးကိုသာ ဦးစားပေးသည်။

ယခု ...

ခွန်လွန်ဂိုဏ်းချုပ်ကြီးကိုယ်တိုင် အထူးဖွဲ့စည်းစေလွှတ်လိုက်သော တိုက်ခိုက်ရေးသိုင်းသမားအဖွဲ့ကို ကြားဖြတ်ဟန့်တားသည့်ကိစ္စမှာ ကျန်းဆန်းဖုန်း၏ နည်းလမ်းမဟုတ်။

ကျန်းဟုန် သိမှတ်မိသမျှတော့ သည်လိုကိစ္စမျိုးပေါ်ပေါက်လျှင် သက်ဆိုင်ရာ အကြီးအကဲထံ ကိုယ်တိုင်သွားရောက်တွေ့ဆုံကာ စိတ်ရှည်လက်ရှည် ဖျောင်းဖျပြောဆိုခြင်းသာ ဖြစ်သည်။

ခွန်လွန်တိုက်ခိုက်ရေးသိုင်းသမားတပ်ဖွဲ့ကို ကြားဖြတ် ဟန့်

www.burmeseclassic.com

www.burmeseclassic.com



တားခြင်းသည် မွန်ဂိုဂိုဏ်းကို ရန်စသည့် သဘောမျိုးဖြစ်ရာ ဂူတန်းဂိုဏ်း၊ ခွန်လွန်ဂိုဏ်းတို့အကြား ရန်မီးပွားသွားနိုင်သည်။

အကျိုးဆက်အနေဖြင့် ...

သိုင်းလောကတစ်လွှား မငြိမ်မသက်ဖြစ်ကုန်နိုင်သည်။

မွန်ဂိုနယ်ချဲ့တို့၏အန္တရာယ် ပေါ်ပေါက်ကြုံတွေ့နေရသော ယခုလိုအချိန်အခါတွင် သိုင်းလောက စည်းလုံးညီညွတ်ကာ အေးချမ်းတည်ငြိမ်ရေးသည် အလွန်အရေးကြီးကြောင်း ကျန်းဟုန် နားလည်သည်။

သိုင်းလောက စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေနိုင်သော သည်လိုအမိန့်မျိုး ဘာကြောင့် ချမှတ်ရသည်ကို ကျန်းဟုန် စဉ်းစားလို့မရ။

စည်းကမ်းသေဝပ်သော ဂူတန်းဂိုဏ်းဝင်တစ်ယောက်အနေဖြင့်တော့ ဂိုဏ်းချုပ်၏အမိန့်ကို နာခံလိုက်နာဖို့သာ ရှိသည်။

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

"မင်းညီတော် ခြောက်ယောက်ကိုလည်း အတူခေါ်သွား"

ကျန်းဟုန်က ဂိုဏ်းချုပ်ကြီးကို ဖျတ်ခနဲ ကြည့်မိသည်။

ကျန်းဆန်းဖုန်း၏မျက်နှာသည် အထူးပင် လေးနက်တည်ကြည်နေသည်။



ကျန်းဟုန်နှင့် သူ့ညီတော် ခြောက်ယောက်တို့သည် ကျန်းဆန်းဖုန်း၏ လက်ရင်းတပည့်ကြီးများ ဖြစ်ကြသည်။

'ဂူတန်ခုနစ်ဖော်' ဟု သိုင်းလောကတွင် အထူးကျော်ကြားသည်။

'ဂူတန်ခုနစ်ဖော်' တို့၏ 'ခုနစ်စဉ်ကြယ် စုပေါင်းသိုင်းကွက်' ကလည်း အဆင့်မြင့်ပြီး အစွမ်းထက်လှသည်။

ဂူတန်ခုနစ်ဖော် စုံစုံညီညီ ပါဝင်ခင်းကျင်းသော ခုနစ်စဉ်ကြယ် စုပေါင်းသိုင်းကွက်ကို ဖြိုခွင်းဖြတ်ကျော်နိုင်သူ မရှိသေးပေ။

"ကျွန်တော်တို့ ညီနောင်ခုနစ်ဖော်လုံး ထွက်တိုက်ဖို့အထိ လိုအပ်လို့လား ဆရာ"

ကျန်းဟုန် စောဒက တက်မိသည်။

ကျန်းဟုန်သည် ကျန်းဆန်းဖုန်း၏ မူလလက်ရင်း ပထမတပည့်ကြီးဖြစ်ရာ ဂိုဏ်းရေးရာကိစ္စများတွင် ကျန်းဆန်းဖုန်းကို ဂိုဏ်းချုပ်ကြီးဟု အရေးထားခေါ်ဝေါ်သော်လည်း ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောဆိုရန်ရှိသည့်အခါမှာတွင်တော့ ဆရာဟု သုံးနှုန်းတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဆန်းဖုန်းက တပည့်ကြီးကို ခပ်ပြုံးပြုံးကြည့်သည်။ ဘာမျှတော့မပြော။

"ဟုတ်ကဲ့ ... ကျွန်တော် ညီတော်ခြောက်ယောက်ကို ခေါ်သွားပါ့မယ်"

"ဒါဆိုရင် အမြန်ဆုံးပြင်ဆင်ပြီး အမြန်ဆုံး ခရီးထွက်ပေတော့"

"ဟုတ်ကဲ့ ဆရာ"

"ခွန်လွန်တိုက်ခိုက်ရေး သိုင်းသမားအဖွဲ့ကို ခေါင်းဆောင်ဦးစီးတာက ရှားပင်စိန်"

"ခင်ဗျာ"

ရှားပင်စိန်သည် ကျန်းဟုန်နှင့် အလွန်ခင်မင်ရင်းနှီးသော ငယ်ပေါင်းသူငယ်ချင်းတစ်ယောက် ဖြစ်သည်။

"ပါလာတဲ့အဖွဲ့ဝင်တွေက စောင်းတော်ရှင် သိုင်းသမားဆယ့်ရှစ်ဖော်"

"ဗျာ"

ခွန်လွန်ဂိုဏ်း စောင်းတော်ရှင်သိုင်းသမား (၁၈) ဖော်တို့၏ နှစ်နှစ်တာကာလအတွင်း နယ်ချဲ့မွန်ဂိုတို့၏ အကြီးအကျယ် ထိုးစစ်



(၅) ကြိမ်ကို ခုခံတွန်းလှန်ရာတွင် တိုက်ပွဲအတော်များများသည် ကျန်းဟုန်နှင့် လက်တွဲတိုက်ခိုက်ခဲ့ကြသည့် သေဖော်သေဖက် သွေးသောက်ရောင်းရင်းများ ဖြစ်သည်။

ကျန်းဟုန် အတော်ကြီးကို စိတ်လှုပ်ရှားသွားသည်။

"မင်း သွားနိုင်ပြီ"

"ဟုတ် ... ဟုတ်ကဲ့"

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



အော်မေ့ဂိုဏ်း ဂိုဏ်းချုပ်ကြီး ကော့ဟိလိန်ထံသို့ သိုင်းလောကစေတမန် ယိုင်ယိုင် ရောက်ရှိလာကာ အရေးပေါ်စာလွှာတစ်ခု ပေးအပ်သည်။

ကော့ဟိလိန်သည် အရေးပေါ်စာလွှာကို ချက်ချင်းဖွင့်ဖတ်သည်။

စာလွှာဖတ်ရှုနေချိန်တွင် ကော့ဟိလိန်၏မျက်နှာအမူအရာ အမျိုးမျိုးအဖုံဖုံ ပြောင်းလဲနေသည်။

"အခြေအနေအားလုံးကို ကျုပ်သိပြီ၊ အော့မေဂိုဏ်း တာဝန်ကျေပွန်ရပါစေမယ်လို့ အကြောင်းပြန်ကြားလိုက်ပါ"

အရေးပေါ်စာလွှာဖတ်ရှုပြီးနောက် ကော့ဟိလိန်က လေးနက် တည်ကြည်စွာ ပြောသည်။

"ကောင်းပါပြီ ဂိုဏ်းချုပ်သခင်မ ... ကျုပ် ပြန်ပါတော့မယ်"

သိုင်းလောကစေတမန် ယိုင်ယိုင် နှုတ်ဆက်ဂါရဝပြုပြီး ထွက်ခွာသွားသည်။



ယိုင်ယိုင်ထွက်ခွာသွားပြီးနောက် အချိန်အနည်းငယ်ကြာသည်အထိ အော့မေဂိုဏ်းချုပ်ကြီးသည် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်စွာ ထိုင်နေသည်။

လူက ငြိမ်နေသော်လည်း ကော့ဟိလိန်၏ စိတ်ထဲတွင်တော့ စဉ်းစားချင့်ချိန်မှုမျိုးစုံတို့ တစ်ခုပြီးတစ်ခု ပြုလုပ်နေသည်။

သူ့အတွက် ထောက်ထားစရာတွေ၊ ငဲ့ညှာစရာတွေက အမျိုးမျိုး အဖုံ ဖုံ ရှိနေသည်။ သံယောဇဉ်တွေ၊ တာဝန်ဝတ္တရားတွေ၊ သစ္စာတရားတွေကလည်း နည်းလမ်းအသွယ်သွယ်ဖြင့် တုပ်နှောင်ရစ်ပတ်နေသည်။

"ဟူး ... မလွယ်ပါလား"

အော့မေ ဂိုဏ်းချုပ်ကြီး ကော့ဟိလိန် သက်ပြင်းမောကြီး တစ်ချက်ချကာ ရေရွတ်ညည်းတွားသည်။

"တိုင်းပြည်အကျိုးအတွက်ကိုပဲ ဦးစားပေး လုပ်ရတော့မှာပဲ"

ဤသို့ ဆုံးဖြတ်လိုက်သောအခါတွင်တော့ ခေါင်းထဲရှိ အမျိုးမျိုးအဖုံဖုံသော စိတ်ကူးစိတ်သန်း၊ စဉ်းစားထောက်ထားမှုတို့ ပပျောက်ကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင်နိုင် ချမှတ်ပြီးနောက် ကော့ဟီလိန်သည် လက်ဖွဲ့ရုံရွှေတော် ဝမ်စေကို ခေါ်ယူလိုက်သည်။

"ပေါယန်းဆီကို စာပို့သိန်းငှက် အခုချက်ချင်း လွှတ်ပြီး အမြန်ဆုံးပြန်လာဖို့ ဆင့်ခေါ်လိုက်၊ မဟူရာစားနက်မယ် တစ်ရာနဲ့ အရန် ခုနစ်ဆယ့်ငါးယောက်ကိုလည်း အရန်သင့်ရှိကြပါစေ"

အော့မေဂိုဏ်း ကော့ရှမ်းအဆောင်မှူး ပေါယန်းသည် မွန်ဂိုနယ်ချဲ့တို့၏ ကျူးကျော်စစ်ကို တပ်မှူးတစ်ယောက်အဖြစ် ခုခံတိုက်ခိုက်ချေမှုန်းနေခဲ့ရာ တိုက်ခိုက်မှုများ ခေတ္တအေးချမ်းသွားချိန် နယ်ခြားဒေသ စစ်သေနာပတိချုပ် ဟင်ဂျူး၏ ခွင့်အမိန့်ဖြင့် အော့မေဂိုဏ်းသို့ ပြန်လာခဲ့ရာ ယခု ... သူမ၏ ဓာတ်ရွာတွင် ရောက်ရှိနေသည်။

ထို့ကြောင့် ... ယခုပေါ်ပေါက်လာသော အရေးကြီးကိစ္စကို ပေါယန်းအား တာဝန်ပေးနိုင်ရန် အမြန်ဆင့်ခေါ်ခြင်းပင် ဖြစ်သည်။

မဟူရာစားနက်မယ် (၁၀၀) သည် အော့မေဂိုဏ်းမှ အထူးလေ့ကျင့်ပေးထားသော ငယ်ရွယ်နုပျိုပြီး တိုက်ရေးခိုက်ရေး ထူးချွန်လှသည့် မိန်းကလေးများ ဖြစ်သည်။



အော့မေဂိုဏ်း၏ အဆင့်မြင့် အစွမ်းထက် သိုင်းသမားများတွင် စစ်ပညာနှင့် စစ်ဗျူဟာ နည်းလမ်းအတတ်များ ရောနှောပေါင်းစပ်၍ လေ့ကျင့်ပေးထားသော မဟူရာစားနက်များသည် ပေါယန်းဦးစီးကွပ်ကဲရသော အလံစိမ်းတပ်ဖွဲ့၏ ပင်မကျောရိုး တိုက်ခိုက်ရေး အင်အားလည်း ဖြစ်သည်။

မဟူရာစား နတ်မယ်တစ်ရာ အရေအတွက် အမြဲရှိနေရန်အတွက် လိုအပ်သည်နှင့် ချက်ချင်း အစားထိုးအားဖြည့်ပေးရန် အရန်စားနတ်မယ် (၁၅၀) ကို အသင့်ထားရှိသည်။ ယခု ကော့ဟီလိန်က အရန်အင်အား တစ်ဝက်ကိုပါ ထုတ်သုံးရန် စီမံထားသည်။

ထိုနေ့ည သန်းခေါင်ယံ မရှိတရှိလောက်တွင် အော့မေဂိုဏ်းသို့ ပေါယန်း ပြန်ရောက်သည်။

"ရှမ်းယန်မြို့မြောက်ဘက် ယောက်လိုင်မြင်းနားစခန်းကို ခိုလှုံဝင်ရောက်လာမယ့် ထျန်းလုံမျိုးနွယ် သိုင်းသမားငါးဆယ့်ခြောက်ယောက်ကို တိုက်ခိုက်သုတ်သင်ပစ်ဖို့ ရှားပင်စိန်နဲ့ စောင်းတော်ရှင် သိုင်းသမား ဆယ့်ရှစ်ဖော် ထွက်ရှိလာနေပြီ၊ သူတို့ကို ကျန်းဟုန်တို့ ဂူတန်ခုနစ်ဖော်က ကြားဖြတ်ဟန့်တားကြလိမ့်မယ်၊

မင်းက သွားပြီး အခြေအနေကိုစောင့်ကြည့်၊ ဂူတန်ခုနစ်

www.burmeseclassic.com

www.burmeseclassic.com



ဖော်က ရှားပင်စိန်ကို မဟာန့်တားနိုင်ရင် ဒါမှမဟုတ် မဟာန့်တားဘူး ဆိုရင် မင်း ပါဝင်စွက်ဖက် ဖြေရှင်းပေတော့၊ မင်းနဲ့အတူ လိုက်ပါဖို့ မဟူရာစားနတ်မယ် တစ်ရာနဲ့ အရန် ခုနစ်ဆယ့်ငါးယောက် အသင့်ရှိ နေကြတယ်၊ အခုပဲ သွားတော့”

ဟေယန်း ပြန်ရောက်လာသည့်နှင့် အော့မေဂိုဏ်းချုပ်ကြီး ကော့ဟိလိန်က တိကျပြတ်သားသော အမိန့်ညွှန်ကြားချက်ကို ဆီး၍ ပေးသည်။

အော့မေဂိုဏ်းချုပ်၏ ကိုယ်ပွားဖြစ်သော ‘တိမ်လွှာစား’ ကိုလည်း ဟေယန်းလက်သို့ အပ်သည်။

ရှားပင်စိန်ရော၊ ကျန်းဟုန်ပါ မည်သူကမျှ သူတို့ရင်ထဲရှိ ခံစားချက်ကို အတိအလင်း ထုတ်ဖော်ပြောကြား ချစ်ခွင့်ပန်လာခြင်း မရှိသေးသည့်အတွက် ဟေယန်းအနေဖြင့်လည်း သူမ ဆုံးဖြတ်ထား မှုကို ပြတ်ပြတ်သားသား ထုတ်ဖော်အသိပေးခြင်း မပြုနိုင်သေးပါ။

ယခုတော့ ဟေယန်းသည် ကျန်းဟုန်နှင့်ရှားပင်စိန်တို့ကို ထိပ်တိုက်ရင်ဆိုင်ရမည့်တာဝန်ကို ထမ်းဆောင်ရန် အော့မေဂိုဏ်း ချုပ်ကြီး၏ အမိန့်ကို နာခံကာ ခရီးထွက်ခွာခဲ့ရလေပြီ။

ကျန်းဟုန်နှင့်ရှားပင်စိန်တို့သည် သူမ၏ ချစ်မေတ္တာပန်းကို



မအပ်နှင်းနိုင်သည့်တိုင် သူမအနေဖြင့် လေးစားခင်မင် တန်ဖိုးထား ရသော သိုင်းသမား လူစွမ်းကောင်းကြီးများ ဖြစ်ကြသည့်အတွက် ထိုသူနှစ်ယောက်ကို ထိပ်တိုက်ရင်ဆိုင်ရမှုမျိုး ဟေယန်းမလုပ်လို။

ဂိုဏ်းစည်းကမ်းအရ၊ စစ်စည်းကမ်းအရ ဟေယန်းမှာ အော့မေဂိုဏ်းချုပ်ကော့ဟိလိန်၏ အမိန့်ကိုတော့ နာခံရပေမည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



လမိုက်ည ...။

ကောင်းကင်တွင် လမင်းစန္ဒာမရှိ။

လရောင်ကင်းမဲ့သော်လည်း ညသည် ပိန်းပိတ်အောင်တော့ မှောင်မိုက်မနေပါ။

ကောင်းကင်တွင် တိမ်ကင်းစင်နေသောကြောင့် ကြယ်ရောင်တို့ ထွန်းလင်းနေကြသည်။

လင်းလင်းကျင်းကျင်း မဟုတ်သည့်တိုင် ကောင်းကင်ပေါ်ရှိ ကြယ်တာရာများက အသင့်အတင့် အလင်းရောင်ကိုတော့ ပေးနေသည်။

ထိုကြယ်ရောင်တို့ကို အားပြုကာ ခွန်လွန်သိုင်းထိပ်သီး သုံးဖော် ရှားပင်စိန်နှင့် ခွန်လွန်ဂိုဏ်း စောင်းတော်ရှင်သိုင်းသမား (၁၈) ဖော်တို့သည် မြင်းများကို ဒုန်းစိုင်းကာ ခရီးကြမ်းနှင်နေကြသည်။

သူတို့၏ ခရီးပန်းတိုင်ဖြစ်သော ယောက်လိုင်မြင်းနားစခန်းက မဝေးတော့ပြီ။ ရေနွေးတစ်အိုး ဆူစာမျှ ကြာပြီးလျှင် ဦးတည်ချက်နေရာသို့ ရောက်ပေတော့မည်။



ခွန်လွန်ဂိုဏ်းချုပ်ကြီးက တိုင်းပြည်အန္တရာယ်များဟု သတ်မှတ်ထားသော ထျန်းလုံမျိုးနွယ်သိုင်းသမား (၅၆) ယောက်ကို သုတ်သင်ရှင်းလင်းပစ်ရေး တာဝန်ထမ်းဆောင်ရပေတော့မည်။

သိုင်းလောကအတွေ့အကြုံနှင့် တိုက်ပွဲအတွေ့အကြုံ ကြွယ်ဝသော ရှားပင်စိန်၏ရင်ထဲတွင် ထူးခြားသောခံစားမှုတစ်မျိုး ပေါ်ပေါက်လာသည်။

မျက်ဝါးထင်ထင် မမြင်မတွေ့ရသော်လည်း မိမိတို့ကို ဟန့်တားမည့်သူများ စောင့်ဆိုင်းနေကြကြောင်း အလိုလိုသိသည်။

ဟန့်တားမည့်လူများ ပေါ်လာပါက သူ့အနေဖြင့် ရင်ဆိုင်ကျော်လွှားသွားရန်သာ ရှိသည်။ အခြား ရွေးချယ်ရန် နည်းလမ်းတစ်ခုမျှ မရှိ။

တိုက်ပွဲဝင်ရန် အသင့်ရှိစေဖို့ စောင်းတော်ရှင် သိုင်းသမားများကို လျှို့ဝှက်အချက်ပြမှု ပြုလိုက်သည်။

လမ်းကွေ့လေးတစ်ခုသို့ ရောက်လာကြသည်။

ထိုလမ်းကွေ့လေး၏ တစ်ဖက်တွင် သစ်ပင်ချုံနွယ်များ စုစုအုပ်အုပ် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်တစ်ဖက်ကတော့ လွင်ပြင်ကျယ်။

ကျောက်တုံးကျောက်စိုင်အချို့ လွင်ပြင်တွင် ဟိုတစ်ခု သည်တစ်ခု ရှိနေသည်။

ချုံခိုတိုက်ခိုက်ရန် အထူးကောင်းမွန်သော အခြေအနေအထားမျိုးမို့ ရှားပင်စိန်သည် မျက်စိနှင့်နားကို အစွမ်းကုန်ဖွင့်ကာ ထူးခြားသည့်လှုပ်ရှားမှုနှင့် အသံဗလံကို အကဲခတ်သည်။

ဘာလှုပ်ရှားမှုကိုမျှ မတွေ့ရ။

ဘာသံကိုမျှ မကြားရ။

တိတ်ဆိတ်နေသည်။ ငြိမ်သက်နေသည်။

သည်လို တိတ်ဆိတ်ငြိမ်သက်လွန်းမှု အခြေအနေတွင် မမျှော်လင့်သောတိုက်ခိုက်မှုများ ရုတ်တရက် ပေါ်ပေါက်လာတတ်ကြောင်းကို တိုက်ပွဲအတွေ့အကြုံများအရ နားလည်ထားသော ရှားပင်စိန်သည် ပတ်ဝန်းကျင်ကို အထူးသတိကြီးစွာ အကဲခတ် စူးစမ်းသည်။

ဘာထူးခြားချက်မှ မရှိ။

သို့သော် ...

သူ့ရင်ထဲတွင်ဖြစ်ပေါ်နေသော ခံစားမှုက ပို၍ပြင်းထန်



လာသည်။ လမ်းကွေ့သစ်ပင်များကြားတွင် ပုန်းအောင်းစောင့်လင့်နေသူများရှိရမည်ဟု ရှားပင်စိန်၏စိတ်ထဲမှာ ခံစားသိရှိနေသည်။ လက်တွေ့စူးစမ်းရှာဖွေ၍ မတွေ့နိုင် မမြင်နိုင်သည်ကတော့ ခက်နေသည်။

ရုတ်တရက် စိတ်ကူးတစ်ခုရကာ ရင်ခွင်တွင်ပိုက်လျက်ရှိသော စောင်းငယ်၏စောင်းကြိုးကို တစ်ချက်တီးခတ်လိုက်သည်။

'ဒင်'

သာယာသော်လည်း စူးရှအားပြည့်သော စောင်းကြိုးခတ်သံသည် ပတ်ဝန်းကျင်တစ်ခွင်သို့ ပျံ့နှံ့လွှမ်းခြုံသည်။

ခွန်လွန်စောင်းသံသာသိုင်းပညာကို သုံးလိုက်သည့်အတွက် ပျံ့လွင့်သွားသော စောင်းသံသာ၏အသံလှိုင်းများတွင် ထူးခြားဆန်းပြားသောစွမ်းအင်များ သက်ဝင်ပါရှိနေသည်။

လေ့ကျင့်သားကောင်းစွာရထားသော ရှားပင်စိန်၏ သောတအာရုံတို့သည် ပျံ့လွင့်ထွက်သွားသော စောင်းသံသာအသံလှိုင်းများနှင့် အရာဝတ္ထုများ ထိရိုက်ခတ်မိရာမှ တုံ့ပြန်သံလှိုင်းတို့ကို စူးစိုက်အာရုံပြုနေသည်။

တန်ပြန်လာသောအသံလှိုင်းတို့၏ တုန်ခါမှုအခြေအနေများ

www.burmeseclassic.com

www.burmeseclassic.com



ပေါ် မှုတည်ကာ သစ်ပင် ချုံပုတ် ကျောက်တုံး စသဖြင့် ခွဲခြားသိရှိသည်။ လူ၏ခန္ဓာကိုယ်ကို ထိခတ်ပြီး တုံ့ပြန်လာသောအသံလှိုင်းများကို အာရုံပြုမိသည်။

လမ်းကွေ့သစ်ပင်ချုံနွယ်များအကြားတွင် လူ (၇)ယောက် ပုန်းအောင်းနေကြကြောင်း ရှားပင်စိန် သိလိုက်ရပြီ။

ရှားပင်စိန်တို့အဖွဲ့ လမ်းကွေ့လေးကို ဖြတ်ကျော်ကြသည်။ ဟန့်တားတိုက်ခိုက်မှု မတွေ့ရ။

ရှားပင်စိန်အတွက် အတွေးရခက်စရာ ဖြစ်ရပေပြီ။

ပုန်းအောင်းစောင့်ဆိုင်းနေကြသူ (၇) ယောက်က ဘာကြောင့် လှုပ်ရှားတိုက်ခိုက်မှု မပြုကြလေသနည်း။

ထိုအချိန်မှာပင် ...

အလွန်တိုးညင်းလှသော လှုပ်ရှားသံကို ရှားပင်စိန် အာရုံပြုမိပြန်သည်။ အသံက တိုးညင်းလွန်းလှသည်။

ရှားပင်စိန်ပင်လျှင် ခွန်လွန်စောင်းသံသာသိုင်းပညာဖြင့် တီးခတ်ပျံ့လွှင့်လိုက်သော စောင်းသံသာအသံလှိုင်းများ ရိုက်ခတ်တန်ပြန်လာမှုကို အထူးအာရုံပြုနေသောကြောင့် ဤအသံကိုကြားရခြင်း ဖြစ်သည်။



ဤသို့သော အာရုံပြုမှုမရှိလျှင် ရှားပင်စိန်၏သောတအာရုံ မည်မျှထက်မြက်သည်ဖြစ်စေ ထိုအသံလေးကို ကြားမိမည် မဟုတ်ပါ။

ဓားရှည်များကို ဓားအိမ်များမှ ညင်သာစွာ ဆွဲထုတ်လိုက်သော အသံ။

ရှားပင်စိန်က သူ့မှတ်ဉာဏ်ကို နှိုးဆွကာ ဆင်ခြင်ကြည့်ရာ မဟူရာဓားနတ်မယ်တို့ ဓားများ အသင့်ခင်းသံဖြစ်ကြောင်း သိရသည်။

ဉာဏ်ရည်ထက်မြက်သော သိုင်းသမားကောင်း တပ်မှူးကောင်းတစ်ယောက်ပီပီ ဖြစ်တည်နေသောအခြေအနေကို ရှားပင်စိန် ပုံဖော်အကဲခတ်မိသည်။

"ငါတို့ကို ကြားဖြတ်ဟန့်တားဖို့ ကျန်းဟုန်တို့ ဂူတန်ခုနစ်ဖော် စောင့်ဆိုင်းနေကြပြီး ကျန်းဟုန်တို့တာဝန်မကျေရင် ပွဲသိမ်းပစ်ဖို့ ဟောယန်းနဲ့ မဟူရာဓားနတ်မယ်တွေပါ အဆင်သင့်ရှိနေကြတာပါလား"

ဖြစ်တည်နေသော အခြေအနေမှန်ကို ဆင်ခြင်အကဲခတ်မိသောအခါ ရှားပင်စိန် အတော်ပင် စိတ်လှုပ်ရှားသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟုန်၊ ပောယန်းတို့နှင့် ထိပ်တိုက်ရင်ဆိုင်မှုမျိုး ရှားပင်စိန် မပြုလုပ်ချင်ပါ။

ယခုလိုအခြေအနေတွင် ထိုသို့ ထိပ်တိုက်ရင်ဆိုင်ရလျှင် သူ့သေကိုယ်သေ ပြတ်ပြတ်သားသား တိုက်ပွဲဝင်ရသည့် မဟုတ်ပါလား။

ဆုံးဖြတ်ချက် မြန်ဆန်ပြတ်သားသော တပ်မှူးကောင်း ရှားပင်စိန်မှာ မဖြစ်စဖူး ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင်နိုင်မချနိုင်တော့။ ဘာလုပ်ရမည်ပင် မသိအောင် ဖြစ်နေသည်။

ဇက်ပုံပေးကာ အပြင်းစိုင်းနေသော စီးတော်မြင်းများကတော့ ခြေကုန်ပြေးနေကြသည်။

☆ ☆ ☆



ကျန်းဟုန်တို့ ဂူတန်ခုနစ်ဖော် လမ်းကွေ့လေး ဘေးဘက်ရှိ သစ်ပင်ချုံနွယ်များအကြားတွင် ပုန်းအောင်းနေကြသည်။

ယောက်လိုင်မြင်းနွားစခန်းသို့ သွားလျှင် သည်လမ်းကွေ့လေးမှ ဖြတ်ရမည်ဖြစ်ကာ ရှားပင်စိန်တို့အဖွဲ့ရောက်လာကြလျှင် ခုနစ်စဉ်ကြယ် စုပေါင်းသိုင်းကွက်ဖြင့် မိမိရရ ပိတ်ဆို့ဟန့်တားတိုက်ခိုက်ရန် စီစဉ်စဉ်းစားထားကြသည်။

ရှားပင်စိန်တို့ရောက်အလာကို စောင့်ဆိုင်းရင်း ဂူတန်သိုင်းသမားကြီး ကျန်းဟုန် အမျိုးမျိုးစဉ်းစားနေသည်။

ကျန်းဟုန်သည် ရှားပင်စိန်အပေါ် ပုဂ္ဂိုလ်ရေးအရ အထူးခင်မင် သံယောဇဉ်ရှိသည်။ တစ်ဆရာတည်း တပည့်သွေးသောက်ညီနောင်တစ်ယောက်လို သဘောထားသည်။

သည်တော့ ...

ရှားပင်စိန်နှင့် ထိပ်တိုက်ရင်ဆိုင်ကာ သူ့သေကိုယ်သေ အကြိတ်အနယ် ရင်ဆိုင်တိုက်ခိုက်မှု မပြုလုပ်ချင်။

www.burmeseclassic.com

www.burmeseclassic.com



သည်လို တိုက်ခိုက်မှုမျိုး ပြုလုပ်လျှင် မိမိတို့ဘက်က အနိုင်ရလျှင်ပင် ကျန်းဟုန်အနေဖြင့် ဝမ်းသာဂုဏ်ယူ အားတက်ဖွယ်ရာမရှိ။

အောင်မြင်အောင် မစွမ်းဆောင်နိုင်လျှင်လည်း သူကိုယ်တိုင်သာမက ဂူတန်ဂိုဏ်းအနေဖြင့် အကြီးအကျယ်သိက္ခာကျ အရှက်ရစရာ ဖြစ်သည်။

သူ့အနေဖြင့်လည်း ဂိုဏ်းချုပ်ကိုယ်တိုင် ပေးအပ်ခဲ့သည့် တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်နိုင်သည့်အတွက် ဂူတန်ဂိုဏ်း၏ တင်းကျပ်သောစည်းကမ်းများအရ အရေးယူ အပြစ်ပေးခံရမည်ကိုလည်း ကျန်းဟုန် ကောင်းကောင်းနားလည်သည်။

ထို့ပြင် မိမိတို့ ကြားဝင်ဟန့်တားမှုကြောင့် ရှားပင်စိန်အနေဖြင့် ခွန်လွန်ဂိုဏ်း၏တာဝန်ကို ကျေပွန်အောင်မထမ်းဆောင်နိုင်လျှင် သက်ဆိုင်ရာခွန်လွန်ဂိုဏ်း၏ ဂိုဏ်းစည်းကမ်းအရ အရေးယူ အပြစ်ပေးခံရမည်ကိုလည်း ကျန်းဟုန် ကောင်းကောင်းနားလည်သိမိသည်။

မိမိ၏ ဝင်ရောက် စွက်ဖက်ဟန့်တားမှုကြောင့် ရှားပင်စိန်အနေဖြင့် သည်လို အရေးယူ အပြစ်ပေးခံရမှုကို ကျန်းဟုန်က လုံးဝမလိုလား။

ကြားဖြတ် ဟန့်တားတိုက်ခိုက်ရန် အဆင်သင့် ပြတ်ပြတ်



သားသား ဆုံးဖြတ်ချက် မချနိုင်ဘဲရှိနေသည်။

ကျန်းဟုန်၏ ဆုံးဖြတ်ရခက်နေချိန်မှာပင် ရှားပင်စိန်တို့လူစု လမ်းကွေ့နေရာသို့ ရောက် လာသည်။

ကျန် ဂူတန်သိုင်းသမားကြီး (၆) ယောက်တို့သည် ရှားပင်စိန်၏အမိန့်ကို နားစွင့်နေကြသည်။

ရှားပင်စိန်မှာ သူ၏ သွေးသောက်ရောင်းရင်းကြီး ရှားပင်စိန်ကို တိုက်ခိုက်ဖို့အမိန့် ဘယ်လိုမှ မပေးနိုင်။

ကျန်းဟုန်က အမိန့်မပေးသောကြောင့် ကျန်ဂူတန်သိုင်းသမား (၆) ယောက်တို့မှာလည်း ဘာမျှလှုပ်ရှားခြင်း မပြုနိုင်ကြ။

ဤသို့ဖြင့် ...

ရှားပင်စိန်နှင့် စောင်းသံရှင်သိုင်းသမားများသည် ဂူတန်တို့ ပုန်းအောင်းစောင့်ဆိုင်းနေကြသည့် လမ်းကွေ့နေရာကို ဖြတ်ကျော်သွားကြသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါက် အဆုံးအဖြတ်ကို ပြတ်ပြတ်သားသားချကာ 'တိုက်မိန့်' ပေးရမည်မှာ ဟေယန်း၏ အလှည့်ဖြစ်သည်။

ဟေယန်းက တိုက်မိန့်ပေးလိုက်သည်နှင့် ...

မဟူရာစားနတ်မယ် (၇၅) ယောက်က ခွန်လွန်တိုက်ခိုက်ရေးသိုင်းသမားများကို ကြားဖြတ်ဟန့်တားကာ ကျန် မဟူရာစားနတ်မယ် (၂၅) ယောက်နှင့် အရန် (၇၅) ယောက်တို့က ကျန်းဟုန်ဦးစီးသော ဂူတန်သိုင်းခုနစ်ဖော်တို့ကို ဝန်းရံကာဖမ်းချုပ်ရန် ကြိုတင်စီမံထားပြီး ဖြစ်သည်။

ဟေယန်းသည် အော့မေဂိုဏ်းချုပ်၏ အာဏာအထိမ်းအမှတ်ဖြစ်သော 'တိမ်လွှာစား' ကို စားအိမ်မှထုတ်ကာ ကိုင်မြှောက်ထားသည်။

တိမ်လွှာစားကို ရှေ့သို့ ညွှန်လိုက်မှုသည် 'တိုက်မိန့်' ပေးလိုက်သည့် အထိမ်းအမှတ်ဖြစ်သည်။

မဟူရာစား နတ်မယ် (၁၀၀) နှင့် အရန် (၇၅) ယောက်တို့



သည် စားရှည်များကိုယ်စီ ထုတ်ယူကိုင်ရှိကြလျက် အသင့်အနေအထားဖြင့် အော့မေဂိုဏ်း ကော့ရှမ်းအဆောင်မှူး ဟေယန်း၏ တိုက်မိန့်ကို စောင့်လင့်နေကြသည်။

တိုက်မိန့်ရသည်နှင့် ကြိုတင်စီစဉ်ထားသည့်အတိုင်း လှုပ်ရှားတိုက်ခိုက်ကြရန် အသင့်ပင်။

ထိုစဉ် ...

လမ်းကွေ့ကိုကျော်လွန်လာသော ရှားပင်စိန်တို့ ခွန်လွန်တိုက်ခိုက်ရေးသိုင်းသမားအဖွဲ့သည် ဟေယန်းဦးစီးသော မဟူရာစားနတ်မယ် (၁၀၀) နှင့် အရန် (၇၅) ယောက်တို့ အသင့်ရှိနေသည့်နေရာသို့ ချဉ်းနင်းဝင်ရောက်လာကြလေပြီ။

မဟူရာစားနတ်မယ် (၁၀၀) နှင့် အရန် (၇၅) ယောက်တို့သည် ကော့ရှမ်းအဆောင်မှူး ဟေယန်း၏ ညာလက်တွင် ဆုပ်ကိုင်မြှောက်ထားသော တိမ်လွှာစားကို မမှိတ်မသုန် စူးစိုက်ကြည့်နေသည်။

တိမ်လွှာစားလှုပ်ရှားမှုက အချက်ပြမည့် တိုက်မိန့်ကို စောင့် လင့်နေကြသည်။

ရုတ်တရက် ...

www.burmeseclassic.com

www.burmeseclassic.com



တိမ်လွှာစားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်မြှောက်ထားသော ဟေယန်း၏ညာလက် လှုပ်ရှားသွားသည်။

တိမ်လွှာစားကို ရှေ့သို့ညွှန်လိုက်သည့် တိုက်မိန့်အချက်ပြမှုတော့ မဟုတ်။ ပင့်မြှောက်ထားသော ညာလက်ကို အောက်သို့ နှိမ့်ချလိုက်ခြင်းသာ ဖြစ်သည်။

ဤလှုပ်ရှားမှုမှာ အားလုံး ဘာမျှမလှုပ်ရှားဘဲ ငြိမ်သက်စွာ ရှိနေရန် အမိန့်ပေးလိုက်မှုဖြစ်ရာ မဟူရာစားနက်မယ် (၁၀၀)နှင့် အရန် (၇၅) ယောက်တို့မှာ အံ့သြသွားကြသည်။

ဤလိုအမိန့်မျိုး ရလိမ့်မည်ဟု သူတို့ ဘယ်လိုမျှ ထင်မထားကြပါ။

မည်သို့ဆိုစေ ...

စည်းကမ်းသေဝပ်သူများ ဖြစ်ကြသည့်အတိုင်း ဦးစီးခေါင်းဆောင်ပြုသူ ဟေယန်း၏အမိန့်ကိုတော့ တစ်သဝေမတိမ်း လိုက်နာကြသည်။

ဆွဲထုတ်၍ အသင့်ခင်းထားသော ဓားရှည်များကို ပြန်သိမ်းကာ ငြိမ်သက်စွာနေလိုက်ကြသည်။

ခွန်လွန်ဂိုဏ်း၏ တိုက်ခိုက်ရေးအဖွဲ့သည် မဟူရာစားနက်



မယ် (၁၀၀) နှင့် အရန် (၇၅) ယောက်တို့ ခွဲခြမ်းနေရာယူထားသည့် တိုက်ကွင်းကို ကျော်ဖြတ်သွားကြလေပြီ။

ဟေယန်းက တပ်နှုတ်ဆုတ်ခွာရန် အချက်ပြအမိန့်ပေးလိုက်သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် ဇဝေဇဝါနှင့် ဝေခွဲမရ ဖြစ်လျက် ဘာလုပ်ရမှန်း မသိသော ရှားပင်စိန်သည် အပြင်းစိုင်းနှင်သွားနေသော စီးတော်မြင်း ခေါင်းဆောင်ရာနောက်သို့ အလိုလိုပါရှိလာသည်။

ဇဝေဇဝါဖြစ်နေရာမှ သတိပြန်ဝင်လာချိန်တွင်တော့ သူတို့လူစု အတော်ပင် ခရီးပေါက်ခဲ့ပေပြီ။

ဂူတာန်ခုနစ်ဖော်တို့ စောင့်လင့်နေသည့် လမ်းကွေ့၊ မဟူရာ ဓားနတ်မယ် (၁၀၀) နှင့် အရန် (၇၅) ယောက်တို့ ဖြန့်ကြက်နေရာယူထားကြသည့် 'တိုက်ကွင်း' တို့ကို ဖြတ်ကျော်သွားလာခဲ့ပြီဖြစ်ကြောင်း ရှားပင်စိန် နားလည်သည်။

မည်သည့်ဟန့်တားမှုမျှ ရင်မဆိုင်ရဘဲ ဘေးကင်းအေးချမ်းစွာ ဖြတ်ကျော်လာနိုင်ခဲ့ရာ ကျန်းဟုန်နှင့် ပေါယန်းတို့က သူတို့ကို ပေးအပ်ထားသည့် 'အမိန့်' များအတိုင်း လိုက်နာခြင်း မပြုဘဲ မိမိတို့ကို 'လွတ်' ပေးလိုက်ခြင်းဖြစ်ကြောင်းလည်း နားလည်သည်။

ယောက်လိုင်မြင်းနားစခန်းကလည်း သိပ်မဝေးတော့။



ရှားပင်စိန်အနေဖြင့် ခွန်လွန်ဂိုဏ်းချုပ်ကြီး၏ အမိန့်အတိုင်း ယောက်လိုင်မြင်းနားစခန်းတွင် ရောက်ရှိခိုလှုံနေသော ဟျန်းလုံမျိုးနွယ် သိုင်းသမား (၅၆) ယောက်ကို ဒုတ်သင်ရှင်းလင်းပစ်ရေး လမ်းကြောင်း ကောင်းစွာပွင့်နေလေပြီ။

ရှေ့သို့ဆက်သွားကာ လှုပ်ရှားတိုက်ခိုက်ရန်သာ ရှိတော့သည်။

ရှားပင်စိန်က ခေါင်းထဲတွင် ဆန့်ကျင်ဘက် သဘောထားနှစ်ခု အပြင်းအထန် အားပြိုင်နေကြသည်။

ကျန်းဟုန်နှင့် ပေါယန်းတို့က မိမိကို ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်မှု မပြုရက်ကြသောကြောင့် ဟန့်တားခြင်းမပြုဘဲ 'လွတ်' ပေးလိုက်ကြကြောင်း ရှားပင်စိန် ကောင်းကောင်းသိသည်။

သူ့အပေါ်ထားရှိသော ကျန်းဟုန်နှင့်ပေါယန်းတို့၏ ကြီးမားသောခင်မင်မှုကြောင့် ရှားပင်စိန် ကြက်သီးမွေးညင်းထအောင်ပင် စိတ်လှုပ်ရှားခံစားရသည်။

သည်လို 'လွတ်' ပေးလိုက်ခြင်းသည် ကျန်းဟုန်နှင့်ပေါယန်းတို့က သူတို့ကိုပေးထားသည့် 'အမိန့်' များကို အတိအ[illegible]င်း ဖီဆန်မှု ဖြစ်ရာ သက်ဆိုင်ရာဂိုဏ်းများက အမိန့်မနာခံမှုဖြင့် အရေးယူ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပေးကြတော့မည့် အရေးကိုလည်း ရှားပင်စိန် နားလည်သည်။

အရေးကြီးသော အခြေအနေတွင် အမိန့်မနာခံမှုအတွက် ဖြစ်ဒဏ်မှာ 'သေဒဏ်' ဖြစ်သည်ကိုလည်း ဝါရင့်သမ္မာရင့် သိုင်းသမားကြီးတစ်ယောက်မို့ ရှားပင်စိန် သိနေသည်။

မိမိအပေါ် အထူးခင်မင်ပြီး သက်ညှာလေသော ကျန်းဟုန်နှင့်ဟောယန်းတို့ မိမိကြောင့် သည်လို ကံကြမ္မာမျိုး ကြုံကြရမည်ကို ရှားပင်စိန် ဘယ်လိုမှ မလိုလား။

ကျန်းဟုန်နှင်ဟောယန်းတို့ အသက်နှင့်ရင်းကာ ဖွင့်ပေးလိုက်သော လမ်းကြောင်းနဲ့ ဝင်ရောက်ကာ မိမိအတွက် တာဝန်ကျေပွန်အောင် မပြုလုပ်လို။

ဂိုဏ်းချုပ်၏အမိန့်ကို ဦးလည်မသုန် နာခံရန်နှင့် မိတ်ဆွေအပေါင်းအသင်းကောင်းများအပေါ် ထောက်ထားရန် ဟူသော စိတ်စေ့ဆော်မှုနှစ်ခု ရှားပင်စိန်၏ ခေါင်းထဲတွင် အကြီးအကျယ် အားပြိုင်နေကြသည်။

အကြိတ်အနယ် စဉ်းစားချင့်ချိန်ပြီးနောက် ရှားပင်စိန်သည် နိုင်ပြတ်သားသော ဆုံးဖြတ်ချက်ကိုချသည်။

ရွှေစောင်းတော်အမိန့်ပြားကို ညာလက်တွင်ကိုင်ကာ အပေါ်သို့ တည့်တည့်တန်းတန်း ပင့်မြှောက်သည်။ ရပ်တန့်ရန် အမိန့်ပေးညွှန်ကြားသည့် အချက်ပြမှုဖြစ်သောကြောင့် စောင်းတော်ရှင် သိုင်းသမား (၁၈) ဖော်တို့ စီးတော်မြင်းများကို ဇက်ဆွဲကာ တုံ့ရပ်လိုက်ကြသည်။

ရှားပင်စိန်လည်း သူ၏ စီးမြင်းကို ရပ်လိုက်စေသည်။

"ခွန်လွန်တောင်ကို ပြန်ကြမယ်"

ရှားပင်စိန်က တိကျပြတ်သားသော အမိန့်ကို ပေးလိုက်သည်။

ယောက်လိုင်မြင်းနားစခန်းကို စီးနင်းတိုက်ခိုက်ကာ ထျန်းလုံမျိုးနွယ်သိုင်းသမားများကို ချေမှုန်းသုတ်သင်ပစ်ရတော့မည်ဟု ယုံမှတ်နေကြသော စောင်းတော်ရှင် သိုင်းသမား (၁၈) ဖော်တို့မှာ ရှားပင်စိန်၏ တပ်ဆုတ်အမိန့်ကို ဘယ်လိုမှ နားမလည်နိုင်ကြ။

သို့သော် ...

ခွန်လွန်ဂိုဏ်းချုပ်ကြီးကိုက်ယုန်တည်၏ ကိုယ်စားပြုအထိမ်းအမှတ်ဖြစ်သော 'ရွှေစောင်းတော်အမိန့်ပြား' လက်ဝယ်ရရှိထားသော ရှားပင်စိန်၏ အမိန့်ကိုတော့ စောင်းတော်ရှင်သိုင်းသမား (၁၈) ဖော်တို့ ဖီဆန်ခြင်းမပြုကြ။



www.burmeseclassic.com

www.burmeseclassic.com



စောဒကမတက်ဘဲ လိုက်နာကြသည်။

ယောက်လိုင်မြင်းနားစခန်းကို စီးနင်းတိုက်ခိုက်ခြင်း မပြုကြတော့။ ချက်ချင်းပင် နောက်ကြောင်းပြန်လှည့်ကာ ခွန်လွန်တောင်သို့ ပြန်ကြသည်။

☆ ☆ ☆



ဤကိစ္စများ ဖြစ်ပွားပြီး နောက်တစ်နေ့မနက်မှာပင် မွန်ဂိုနယ်ချဲ့တို့က (၆) ကြိမ်မြောက် ကျူးကျော်တိုက်ခိုက်မှု ထိုးစစ်ကြီး ဆင်နွှဲတော့မည်ဆိုသောသတင်းကို မြောက်ပိုင်းနယ်ခြားဒေသ စစ်မြေပြင်သေနာပတိချုပ် စစ်သူကြီး ဟင်လူးရရှိသည်။

မွန်ဂိုနယ်ချဲ့တို့၏ ကျူးကျော်တိုက်ခိုက်မှုကို ရင်ဆိုင်ခုခံရတော့မည့်အချိန်တွင် မြောက်ပိုင်းနယ်ခြား စစ်မြေပြင်တပ်ဖွဲ့များ၏ အားအကိုးရဆုံး တပ်မှူးကြီးသုံးယောက်ဖြစ်ကြသော ဝူတန်ဂိုဏ်း ထိုက်ကျိအဆောင်မှူး ကျန်းဟုန်၊ ခွန်လွန်ဂိုဏ်း ထိပ်သီးသိုင်းသုံးဖော် ရှားပင်စိန်နှင့် အော့မေဂိုဏ်း ကော့ရှမ်းအဆောင်မှူး ပေယန်းတို့မှာ သက်ဆိုင်ရာ ဂိုဏ်းအသီးသီးတို့၏ သေဒဏ်အထိ ကျခံနိုင်သော အရေးကြီးသည့်အခြေအနေတွင် အမိန့်မနာခံမှု စွဲချက်များဖြင့် ဖမ်းဆီးအရေးယူခံနေကြရသည်။

ဤအကြောင်းကို ကြားသိရသော မြောက်ပိုင်းနယ်ခြား စစ်နယ်မြေသေနာပတိချုပ် စစ်သူကြီးဟင်လူး အတော်ပင် စိတ်ပျက်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ စစ်သူကြီး ဟင်လူးသည် နေပြည်တော်ရွှေနန်းရှိ ပြည့်ရှင်မင်းထံသို့ အရေးပေါ်အစီရင်ခံစာ အရေးတကြီး တင်သွင်းလိုက်သည်။

☆ ☆ ☆



ကေရာဇ်မင်းကလည်း ဤကိစ္စကို ချက်ချင်းအရေးယူဆောင်ရွက်သည်။

နန်းရင်းဝန်ကြီးယုန်းလီကို လက်သုံးတော် ပတ္တမြားကျောက်စီစားပေးအပ်ကာ အာဏာကုန်လွှဲအပ်၍ အထူးတာဝန်ဖြင့် သိုင်းလောကဦးစီးရှေ့ဆောင် ရှောင်လင်ကျောင်းတော်သို့ အလျင်အမြန် စေလွှတ်သည်။

တစ်ချိန်တည်းမှာပင် ...

အတွင်းဝန်အမတ်ကြီးသုံးယောက်တို့ကို ခွန်လွန်ဂိုဏ်း၊ ဝူတန်ဂိုဏ်း၊ အော့မေဂိုဏ်းတို့ထံ အထူးတမန်တော်များအဖြစ် သွားရောက်စေသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ည ...။

ညသည် တိတ်ဆိတ်နေသည်၊ ငြိမ်သက်နေသည်။ လေတိုက်ခတ်မှုပင် မရှိ။

ညသည် အသက်ကင်းမဲ့သလို ဖြစ်နေသည်။

ခွန်လွှန်ဂိုဏ်း စောင်းတော်ဆောင်၏ ဦးပိုင်းဘုံဆောင်မြင့် အခန်းငယ်လေးထဲတွင် ရှားပင်စိန် တင်ပျဉ်ခွေထိုင်နေသည်။

မိမိနည်းတူ ကျန်းဟုန်နှင့်ဟေယန်းတို့နှစ်ယောက်လည်း သက်ဆိုင်ရာ ဂူတန်ဂိုဏ်းနှင့်အော့မေဂိုဏ်းတို့၏ ဖမ်းဆီးအရေးယူထားခြင်း ခံနေရကြောင်း သိရပြီးပြီမို့ ရှားပင်စိန်သည် မိတ်ဆွေကောင်းတို့အတွက် အကြီးအကျယ် စိတ်မကောင်းဖြစ်နေရပေသည်။ ထိခိုက်ခံစားနေရလေသည်။

သူ့အပေါ် ခွန်လွှန်ဂိုဏ်းက အရေးကြီးသော အချိန်အခါတွင် အမိန့်မနာခံမှုဖြင့် အရေးယူထားသည်ကို ရှားပင်စိန်က အရေးမထား။



သည်ကိစ္စအတွက် ဘယ်လိုအပြစ်ဒဏ်ပေးပေး၊ သေဒဏ်ပင်ဖြစ်စေ ... ရှားပင်စိန် ခံယူရန်အသင့်ရှိသည်။

မိမိအတွက်ကြောင့် 'တစ်နွယ်ငင် တစ်စင်ပါ' ဆိုသလို ကျန်ဟုန်နှင့် ဟေယန်းတို့ပါ အရေးယူခြင်း ခံနေရသည်ကိုသာ ဝမ်းနည်းနေသည်။

တရားခွင်တွင် စစ်ဆေးခြင်းခံရလည်း ကျန်းဟုန်နှင့် ဟေယန်းတို့၏ ကြားဖြတ်ဟန့်တားမှုကို မိမိက လွတ်အောင် ပရိယာယ်ဖြင့်ရှောင်ရှားထွက်ခဲ့သည်ဟု အခိုင်အမာပြောဆိုအစစ်ခံရန် ရှားပင်စိန် ဆုံးဖြတ်ထားသည်။

ရှားပင်စိန်ကို ကြိုးဖြင့်တုပ်နှောင်ထားခြင်း မရှိ။ အခန်းအပြင်သို့ မထွက်ရသည်ကလွဲ၍ အခန်းထဲတွင် လွတ်လွတ်လပ်လပ် သွားလာ လှုပ်ရှားနိုင်သည်။

သို့သော် ...

အရေးပါသော အဓိကသွေးကြောကွက်များ ထိုးပိတ်ခံထားရသည့်အပြင် အာရုံထုံထိုင်းစေသော ဆေးများလည်း တိုက်ကျွေးထားသောကြောင့် ရှားပင်စိန်အနေဖြင့် သူ၏ သိုင်းပညာကို အသုံးမပြုနိုင်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင် ရှားပင်စိန်၏အခြေအနေမှာ သိုင်းမတတ်သော သာမန်အရပ်သားတစ်ယောက်နှင့် ဘာမျှ မခြားနားပါ။

လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားနိုင်သော်လည်း လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကိုတော့ ဘာမျှ မစွမ်းဆောင်နိုင်။

ရှားပင်စိန်၏ စိတ်ထဲတွင် 'ထင့်' ခနဲ တစ်ချက်ဖြစ်သည်။ ထူးခြားသော အာရုံကိုလည်း ခံစားရသည်။

ထိုအာရုံခံစားမှုကို ခွဲခြမ်းစိတ်ဖြာကာ စူးစမ်းမည်ပြုဆဲမှာပင် အခန်းထဲသို့ လူတစ်ယောက်ဝင်လာသည်။

အနက်ရောင်အသားကပ်ဝတ်စုံကို ဝတ်လျက် မျက်လုံးနှင့် ပါးစပ်ပေါက်တို့သာ ပေါ်သော အနက်ရောင်ခေါင်းစွပ် မျက်နှာဖုံးကို စွပ်ထားသည်။ လှုပ်ရှားမှု မြန်သည်၊ ခြေသံလုံသည်။

ဘာအသံမှ မကြားရ၊ ဘာလှုပ်ရှားမှုကိုမျှ မမြင်ရဘဲ ရှားပင်စိန်၏ရှေ့မှောက် တွင် ရုတ်တရက် ကိုယ်ထင်ပြလိုက်သလို 'ဘွား' ခနဲ ပေါ်လာသည်။

ခေါင်းစွပ်မျက်နှာဖုံးနက် စွပ်ထား၍ မျက်နှာကို မမြင်နိုင်သော်လည်း ထိုဝတ်စုံနက် မည်သူမည်ဝါ ဖြစ်ကြောင်းကိုတော့ ရှားပင်စိန် ချက်ချင်းသိသည်။



"မင်းရောက်လာပြီကိုး အုန်ရင်စွမ်း"

ရှားပင်စိန်က အသံပြုလိုက်သည်။

"ရှင်က ကျွန်မမှန်း သိသားပဲကိုး"

ဝတ်စုံနက်က လေသံတိုးတိုးဖြင့် ပြန်ပြောသည်။

"စောင်းတော်ရှင် သိုင်းသမားဆယ့်ရှစ်ယောက် အပါအဝင် ခွန်လွန်ဂိုဏ်းရဲ့ လက်ရွေးစင်သိုင်းသမားတွေ ဝန်းရံစောင့်ကြပ်နေတဲ့ ဒီနေရာကို ဘယ်သူမျှမသိရအောင် ထိုးဖောက်ဝင်လာနိုင်တာ အရှေ့ပင်လယ် တတိယမုန်တိုင်းဒေဝီ အုန်ရင်စွမ်းကလွဲလို့ တခြား ဘယ်သူရှိမှာလဲ"

"ဟုတ်ပါပြီလေ ... အခု ရှင့်ကို လာကယ်ထုတ်တာ"

ပြောပြောဆိုဆို အုန်ရင်စွမ်းသည် ရှားပင်စိန်ကို ဆွဲဖက်တွဲခေါ်ကာ အခန်းထဲမှ သွက်လက်ပေါ့ပါးစွာ ခုန်ပျံပြေးထွက်သွားသည်။

ရှားပင်စိန်သည် ထွက်ပြေးလွတ်မြောက်ဖို့ စိတ်မကူးပါ။ အခြားသူတစ်ယောက်ယောက်၏ ကယ်ထုတ်သွားမှုကိုလည်း မလိုလား။

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် အပြစ်ဒဏ်ကို ခံယူရန် ပြတ်သားစွာ ဆုံးဖြတ်ထားပြီးဖြစ်သည်။

သို့ရာတွင် ...

သိုင်းပညာမတတ်သော သာမန်အရပ်သားတစ်ယောက်နှင့် ဘာမှမခြားနားသည့်အခြေအနေတွင် ရှားပင်စိန်မှာ သိုင်းလောကတွင် ကိုယ်ဖော့ပညာအကောင်းဆုံးနှင့် အရှောင်အတိမ်း အတော်ဆုံးဖြစ်သော အရှေ့ပင်လယ် တတိယမုန်တိုင်းဒေဝီ အုန်ရင်စွမ်း၏ ဆွဲခေါ်မှုမှ ဘယ်လိုမှ ရုန်းထွက်ခြင်း မပြုနိုင်ပါ။

အုန်ရင်စွမ်း ဆွဲခေါ်ရာနောက်သို့ အရုပ်တစ်ရုပ်လိုပင် ပါသွားရလေသည်။

☆ ☆ ☆



အုန်ရင်စွမ်း ...။

အရှေ့ပင်လယ် တတိယမုန်တိုင်းဒေဝီ အုန်ရင်စွမ်းသည် ရှားပင်စိန်နှင့် ခေတ်ပြိုင်အမျိုးသမီး သိုင်းပညာရှင်တစ်ယောက် ဖြစ်သည်။ သိုင်းပညာ အဆင့်မြင့်သည်။

ကိုယ်ဖော့ပညာတွင်တော့ ပြိုင်ဘက်ကင်းလောက်အောင် ကောင်းလှသည်။ ပရိယာယ်ကြွယ်ဝကာ အရှောင်အတိမ်း အပုန်းအကွယ် အထူးကျွမ်းကျင်သည်။

ရုပ်ရည်လည်း လှပချောမောကာ ကိုယ်ဟန်ကြော့ရှင်းအချိုးကျသည်။

သူမ၏သိုင်းပညာစွမ်းနှင့် အလှအပတို့ကြောင့် အုန်ရင်စွမ်း၏ မေတ္တာကို ရယူလိုသော သိုင်းသမားလူစွမ်းကောင်းတွေ အများကြီး ရှိကာ ချစ်သူပိုင်းပိုင်းလည်နေသော အုန်ရင်စွမ်းကို 'ချွေးမ' တော်ချင်သော သိုင်းမိသားစုတွေကလည်း မနည်းလှပေ။

အုန်ရင်စွမ်းကတော့ ရှားပင်စိန်အပေါ်တွင် မေတ္တာစိတ်

www.burmeseclassic.com

www.burmeseclassic.com



တိမ်းညွတ်သည်။ ရှားပင်စိန်တစ်ယောက်မှလွဲ၍ အခြား မည်သည့်ယောက်ျားသားကိုမျှ စိတ်မဝင်စား။

ထူးခြားသည်မှာ ...

လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေသော အုန်ရင်စွမ်းကို ရှားပင်စိန်က အိမ်ထောင်ဖက်အဖြစ် မစဉ်းစားဘဲ ခေတ်ပြိုင် သိုင်းမိတ်ဆွေတစ်ယောက်အနေဖြင့်သာ သဘောထားခြင်းဖြစ်သည်။

ရှားပင်စိန်နှင့် အုန်ရင်စွမ်းတို့နှစ်ယောက်၏ စိတ်နေသဘောထားနှင့် ခံယူချက်တို့ကလည်း တစ်ယောက်နှင့်တစ်ယောက် မတူဘဲ ဆန့်ကျင်ကွဲပြားနေကြသည်။

ရှားပင်စိန်သည် အများအကျိုး၊ တိုင်းပြည်ကောင်းကျိုးဆောင်ရွက်ရန် စိတ်အားထက်သန်သည်။ တိုင်းပြည်၏ အန္တရာယ်ရန်စွယ်များကို ခုခံတွန်းလှန်ကာကွယ်ရာတွင် တက်ကြွစွာ ပါဝင်၍ စွမ်းစွမ်းတမံ ဆောင်ရွက်သည်။

အုန်ရင်စွမ်းတို့ စိမ်းပြာပင်လယ်ရဲတိုက်မိသားစုများကတော့ မိမိတို့ဘာသာ သီးသီးသန့်သန့် နေထိုင်ကြသည်။

သူတစ်ပါး အကြောင်း စိတ်မဝင်စားသလို သိုင်းလောက၏ အရေးကိစ္စများတွင်လည်း ပါဝင်ပတ်သက်ခြင်း မပြုကြပေ။



ကင်းကင်းရှင်းရှင်း ရှိကြသည်။

'စိမ်းပြာပင်လယ်ရဲတိုက်' တွင် မုန်တိုင်းဒေဝီဟု တင်စားအမည်မှည့်ခေါ်သော သမီးကညာ ငါးယောက်ရှိရာ အုန်ရင်စွမ်းသည် တတိယနေရာတွင်ရှိပြီး အချောမော အလှပဆုံးလည်း ဖြစ်သည်။

ကျန် မုန်တိုင်းဒေဝီလေးယောက်တို့မှာ အခြားသောမိသားစုဝင်များနည်းတူ စိမ်းပြာပင်လယ်ရဲတိုက် နယ်ပယ်ဝန်းကျင်အတွင်း၌သာ 'အိမ်တွင်းပုန်း' သဘော နေထိုင်ကြလျက် ပြင်ပလောကသို့ သွားသွားလာလာ မပြုကြပါ။

အုန်ရင်စွမ်းတစ်ယောက်တည်းသာ တစ်မိပေါက် တစ်ယောက်ထွန်းဆိုသလို 'အိမ်တွင်းပုန်း' လို နေထိုင်ခြင်းမရှိဘဲ သိုင်းလောကတွင် သွားလာလည်ပတ်ခဲ့ရာမှ ရှားပင်စိန်နှင့်ဆုံတွေ့ခင်မင်ခဲ့ပြီး ရှားပင်စိန်အပေါ် မေတ္တာတိမ်းညွတ်ကာ တစ်ဖက်သတ် ချစ်ကြိုက်နေခဲ့သည်။

အသက်ငယ်ကာ ရုပ်ရည်ချောမောလှပပြီး သိုင်းပညာ ထက်မြက်လျက် ဆွေမျိုးမိသားစု အင်အားလည်း တောင့်တင်းသော အုန်ရင်စွမ်းသည် ဘဝတစ်လျှောက်လုံး အစစအရာရာ အလှပြည့်

www.burmeseclassic.com

www.burmeseclassic.com



ကာ စိတ်တိုင်းကျခဲ့သော်လည်း ရှားပင်စိန်၏နှလုံးသားကိုတော့ မလွှမ်းမိုးနိုင်ခဲ့ပေ။

သို့သော် ...

ထက်မြက်ထူးချွန်သလောက် ဖွဲကြီးသော အုန်းရင်ဖွမ်းက စိတ်မပျက် အားမလျှော့။ တစ်နေ့နေ့တွင် မိမိဆန္ဒအတိုင်း ဖြစ်လာရမည်ဆိုသော ခိုင်မာသော ယုံကြည်မှုဖြင့် ရှားပင်စိန်နှင့် နီးစပ်နိုင်ရေးအတွက် အခွင့်အခါသင့်တိုင်း ကြိုးစားနေသည်။

ယခုလည်း ခွန်လွန်ဂိုဏ်းက အရေးယူအပြစ်ပေးရန် ဖမ်းဆီးထားသော ရှားပင်စိန်ကို ခွန့်စားကယ်တုတ်လာခဲ့လေပြီ။

☆ ☆ ☆



အုန်းရင်ဖွမ်းက ခွန်လွန်ဂိုဏ်းမှကယ်တုတ်လာခဲ့သော ရှားပင်စိန်ကို မီချောင်းခံတွင်းလှိုဏ်ဂူဝင်ပေါက်သို့ ခေါ်ဆောင်သွားသည်။

မီချောင်းခံတွင်း လှိုဏ်ဂူဝင်ပေါက်ပါသည် ခွန်လွန်တောင်၏ အရှေ့မြောက်ဘက် ခုနှစ်မိုင်ခန့် ကွာဝေးသော 'မီချောင်းပါးစပ် ရေတံခွန်' အနီးတွင်ရှိသည်။

ရေတံခွန်အောက်ခြေရှိ လှိုဏ်ဂူပေါက်မှ ရေငုပ်၍ နဂါးခံတွင်းလှိုဏ်ဂူဝင်ပေါက်ပါထဲသို့ ဝင်ရသည်။

မီချောင်းပါးစပ် ရေတံခွန်အနီးတွင် ရှေးနှစ်ပေါင်းများစွာက ဖြစ်တည်ခဲ့သော မြေအောက်သဘာဝလှိုဏ်ခေါင်းများ အများအပြား ရှိနေရာ အုန်းရင်ဖွမ်းသည် ရှားပင်စိန်ထံ လာရောက်လည်ပတ်ရင်း ထိုရေတံခွန်သို့ ရောက်ရှိခဲ့ပြီး ရေဆင်းကူးရာမှ အရှေ့ပင်လယ်တွင် နေထိုင်ကြီးပြင်းခဲ့သူပီပီ ရေကူးရေငုပ်ကျွမ်းကျင်သည့်အတွက် ရေတံခွန်အောက်ခြေတွင် ရေငုပ်ကူးခတ်ကစားရာမှ မမျှော်လင့်ဘဲ ထိုသဘာဝလှိုဏ်ဂူဥမင်များသို့ ဝင်ရောက်နိုင်သည့် လျှို့ဝှက်လမ်း

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကို တွေ့ရှိခဲ့သည်။

အုန်ရင်စွမ်းက ထိုလျှို့ဝှက်ဝင်ပေါက်အကြောင်း ရှားပင်စိန်အား ပြောပြကာ အတူဝင်ကြည့်ရန် ခေါ်သည်။

ရှားပင်စိန်မှာ အုန်ရင်စွမ်းလောက် ရေကြောင်းမကျွမ်းကျင်၊ ရေလည်း ကြာကြာမငုပ်နိုင်သောကြောင့် ထိုလျှို့ဝှက်ဝင်ပေါက်မှ မဝင်နိုင်ခဲ့ပေ။

အုန်ရင်စွမ်းက ရှားပင်စိန်ကို ရေကူးရေငုပ် သင်ပေးခဲ့သည်။

"ကျွန်မ,သင်ပေးတဲ့ နည်းလမ်းတွေအတိုင်း ရှင် ရေကူးရေငုပ် ကောင်းကောင်းကျွမ်းကျင်အောင် သေသေချာချာ လေ့ကျင့်ပေတော့၊ ကျွန်မ နောက်တစ်ခေါက် ရှင့်ဆီလာရင် အဲဒီဝင်ပေါက်လမ်းကြောင်းကနေ လိုဏ်ဂူနဲ့ဥမင်တွေထဲ အတူဝင်ကြမယ်"

အုန်ရင်စွမ်းက ဤသို့ ပြောဆိုမှာကြားကာ အရှေ့ပင်လယ် စိမ်းပြာပင်လယ်ရဲတိုက်သို့ ပြန်သွားသည်။

မိချောင်းပါးစပ် ရေတံခွန်အောက်ခြေရှိ လျှို့ဝှက်ဝင်ပေါက်လမ်းကြောင်းမှ ဝင်၍ ရောက်ရှိသွားသော ရေးဟောင်းသဘာဝလိုဏ်ဂူနှင့်ဥမင်လမ်းကြောင်းများ တည်ရှိနေပုံမှာ အကွေ့အကောက်များပြီး ရှုပ်ထွေးသလိုရှိရာ ထိုနေရာတွင် ဝက်ပါတစ်ခု ဖန်တီးလိုက်၍



မိမိနှင့် ရှားပင်စိန်တို့ လှည့်လည်ပုန်းအောင်းကစားကြလျှင် အလွန်ပျော်စရာကောင်းမည်ဟု အုန်ရင်စွမ်း စိတ်ကူးရသည်။

စိမ်းပြာပင်လယ်ရဲတိုက်တွင် ရှေးဟောင်းကျမ်းစာစောင်များ စုဆောင်းထားရာ ကိုးဆင့်၊ ကိုးထပ်၊ ကိုးကွေ့ အဆင့်မြင့် ဝက်ပါကျမ်းဆိုသည့် ရှေးဟောင်းကျမ်းတစ်ဆူလည်း ပါဝင်သည်။

ဝက်ပါတည်ဆောက်ရန် စိတ်ကူးရှိသော အုန်ရင်စွမ်းက ထိုကျမ်းကို ဖတ်ရှုလေ့လာသည်။

အုန်ရင်စွမ်းသည် ဝက်ပါနှင့်ပတ်သက်၍ အခြေခံဗဟုသုတပင် မရှိသည့်အတွက် အဆင့်မြင့်ဝက်ပါကျမ်းကို ဘယ်လိုမှ သဘောမပေါက် နားမလည်နိုင်ဘဲ ရှိနေသည်။

ခြောက်လခန့်အကြာတွင် ရှားပင်စိန်ထံသို့ အုန်ရင်စွမ်း အလည်အပတ် ရောက်ခဲ့ပြန်သည်။

ရှားပင်စိန်သည် ဤခြောက်လတာကာလအတွင်း ရေကူးရေငုပ်ကို ကြိုးစားလေ့ကျင့်ခဲ့ရာ အဆင့်မြင့်သိုင်းပညာများ တတ်မြောက်ထားမှု အခြေခံကလည်း ရှိသည့်အတွက် များစွာတိုးတက်နေရာ အုန်ရင်စွမ်း၏ ရှေ့ဆောင်လမ်းပြမှုဖြင့် ရေတံခွန်အောက်ခြေလျှို့ဝှက်ဝင်ပေါက်မှ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်း သဘာဝလှိုဏ်ဂူနှင့် ရုပ်ထွေးသော ဥမင်လမ်းကြောင်းများရှိရာသို့ ရောက်သွားခဲ့သည်။

"ဒီရှေးဟောင်းသဘာဝ လှိုဏ်ဂူနဲ့ ဥမင်လမ်းကြောင်းတွေ တည်နေပုံက ဝက်ပါတစ်ခုလိုပါလား၊ နည်းနည်းပါးပါး ပြုပြင်ဖြည့်စွက်မှုလေးတွေ လုပ်လိုက်ရင် အဆင့်မြင့် ဝက်ပါတစ်ခု ဖြစ်လာမှာပဲ၊ အရေးပေါ် လျှို့ဝှက်စခန်းထောက်တစ်ခုအဖြစ် ကောင်းကောင်း အသုံးဝင်တယ်"

စစ်ရေးအမြင်ရှိကာ အမြော်အမြင်လည်း ကြီးမားသော ရှားပင်စိန်က မှတ်ချက်ချသည်။

"ရှင်က ဝက်ပါပညာတတ်သလား"

အုန်းရင်စွမ်းက အားတက်သရောမေးသည်။

မိမိ၏စိတ်ကူးနှင့် ရှားပင်စိန်၏စိတ်ကူးတို့ တူနေသောကြောင့်လည်း ဝမ်းသာသည်။

တကယ်တော့ အုန်းရင်စွမ်းက ရှားပင်စိန်နှင့်အတူ ပုန်းအောင်းဆော့ကစားရန် ဝက်ပါပြုလုပ်ပြီး ရှားပင်စိန်ကတော့ နယ်ချဲ့ကျူးကျော်မှုကို ကာကွယ်ဖြိုဖျက်အတွက် လိုအပ်ပါက လျှို့ဝှက်စခန်းထောက်နေရာအဖြစ် အသုံးချရန်ဖြစ်ရာ ဝက်ပါတည်ဆောက်လိုသူ



ချင်း တူသော်လည်း စိတ်ကူးရည်မှန်းချက်တွေကတော့ ကွဲပြားခြားနားသည်။

"အခြေခံလောက်ပဲ သိတာပါ၊ အဆင့်မြင့်ဝက်ပါ သဘောတရားတွေတော့ လေ့လာဖူးပါဘူး"

"ရှင်က ဝက်ပါ အခြေခံသဘောတရား နားလည်ပြီး ဉာဏ်လည်းကောင်းတယ်ဆိုတော့ အဆင့်မြင့် ဝက်ပါကျမ်းတစ်ခုခု ဖတ်ရှုလေ့လာကြည့်ရင် ဝက်ပါလျှို့ဝှက်ချက်တွေကို နားလည်နိုင်ပါလိမ့်မယ် ... ဖတ်ကြည့်မလား"

"အဆင့်မြင့် ဝက်ပါကျမ်းရမယ်ဆိုရင်တော့ ဖတ်ရှုလေ့လာကြည့်ချင်ပါတယ်"

"ဒါဆိုဖြစ်ပြီ ကျွန်မ ရှာပေးမယ်"

အုန်းရင်စွမ်းက စိမ်းပြာပင်လယ်ရဲတိုက်မှ ကိုးဆင့်ကိုးထပ်ကိုးကွေ့ အဆင့်မြင့်ဝက်ပါကျမ်းကို ရှားပင်စိန်အား ဖတ်ရှုလေ့လာရန်ပေးသည်။

ခွန်လွန်ကိုဏ်း၏ သိုင်းကွက်သိုင်းဟန်သဘောတရားများသည် သင်္ချာပညာတွင် အခြေခံသည်။

အထူးသဖြင့် ခွန်လွန်စောင်းသံသာသိုင်းနှင့် ခွန်လွန်စစ်

www.burmeseclassic.com

www.burmeseclassic.com



တုရင်သိုင်းတို့တွင် အဆင့်မြင့်သင်္ချာတွက်ချက်မှုနည်းလမ်းများ ပါရှိသည်။

သည်တော့ ရှားပင်စိန်သည် အဆင့်မြင့် သင်္ချာတွက်ချက်မှုများ ကျွမ်းကျင်ပိုင်နိုင်သည်။

ဂဏ်ပါပညာမှာလည်း သင်္ချာသဘောတရားများအပေါ် အခြေခံသည်။ ဝက်ပါ၏ လှည့်စားကွက်များ၊ လျှို့ဝှက်လမ်းကြောင်းများ၊ လမ်းညွှန်သော့ချက်များတွင် ;နှစ်ထပ်ကိန်းရင်း တွက်ချက်မှု၊ သုံးထပ်ကိန်းရင်း တွက်ချက်မှု၊ ဂဏန်းကိန်းစဉ်များ အဆင်ပြေစွာ နေရာချထားမှု နည်းလမ်းများကို အသုံးချသည်။

အခြေခံဝက်ပါသဘောတရားများကို သိနေပြီး အဆင့်မြင့် သင်္ချာတွက်ကိန်းများကိုလည်း ပိုင်နိုင်ကျွမ်းကျင်သော ရှားပင်စိန်သည် ကိုးမြင့်ကိုးထပ်ကိုးကွေ့ အဆင့်မြင့်ဝက်ပါကျမ်းတွင် ပါရှိသည့် ဝက်ပါလှည့်စားမှု၊ ဝက်ပါလျှို့ဝှက်ချက်နှင့် ဝက်ပါလမ်းညွှန်သော့ချက်များကို နားလည်သဘောပေါက်သည်။

ရှားပင်စိန်နှင့်အတူ အုန်းရင်စွမ်းလည်း ကိုးဆင့်ကိုးထပ်ကိုးကွေ့အဆင့်မြင့်ဝက်ပါကျမ်းကို ဖတ်ရှုလေ့လာသည်။

ရှားပင်စိန်လို ဝက်ပါအခြေခံတတ်သိမှု မရှိသည့်အပြင်



အဆင့်မြင့်သင်္ချာတွက်ကိန်းများနှင့်လည်း ရင်းနှီးကျွမ်းဝင်မှုမရှိသောကြောင့် ရှားပင်စိန်လောက်တော့ နားလည်သဘောပေါက်ခြင်း မရှိ။

သို့သော် ရှားပင်စိန်က အဖြေများကို ဖော်ထုတ်ပြသ အသိပေးသည့်အတွက် ကုန်ရင်စွမ်းအနေဖြင့် အတန်အသင့်တော့ သိနားလည်သည်။

ရှားပင်စိန်နှင့် အုန်းရင်စွမ်းတို့က ဖြည့်စွက်မွမ်းမံမှုများ ပြုလုပ်လိုက်ကြရာ မိချောင်းပါးစပ်ရေတံခွန်အောက်ခြေရှိ ရှေးဟောင်းသဘာဝလှိုဏ်ဂူနှင့် ဥမင်လမ်းများသည် အဆင့်မြင့်ဝက်ပါတစ်ခု ဖြစ်သွားသည်။

ရှားပင်စိန်နှင့် အုန်းရင်စွမ်းတို့က 'မိချောင်းခံတွင်း လှိုဏ်ဂူဝက်ပါ' ဟု အမည်မှည့်ခေါ်လိုက်ကြသည်။

'မိချောင်းခံတွင်း လှိုဏ်ဂူဝက်ပါ' ကို တိုင်းတစ်ပါး ကျူးကျော်စစ် ခုခံကာကွယ်ရာတွင် အသုံးချနိုင်ရန်အတွက် သက်ဆိုင်ရာသေနာပတိနှင့် စစ်သူကြီးများအား အသိပေးအပ်နှံရန် ရှားပင်စိန်က ဆန္ဒရှိသည်။

မိမိ၏ ကိုယ်ရေးကိုယ်တာ ကိစ္စများမှလွဲ၍ အခြားတိုင်းရေးပြည်ရေး လူမှုကိစ္စများကို စိတ်ဝင်စားမှုမရှိသော အုန်းရင်စွမ်းက

www.burmeseclassic.com

www.burmeseclassic.com



သဘောမတူ။

ထိုရှေးဟောင်းလိုဏ်ဂူနှင့် ဥမင်လမ်းများကို အုန်ရင်စွမ်း စတင်တွေ့ရှိခဲ့ပြီး ဝက်ပါအဖြစ် ဖြည့်စွက်ပြုပြင်ဖန်တီးရာတွင်လည်း အုန်ရင်စွမ်း၏အကူအညီများ ရှိနေသည့်အတွက် ရှားပင်စိန်သည် အုန်ရင်စွမ်း၏ကန့်ကွက်မှုကို ဆန့်ကျင်ခြင်းမပြု၊ လိုက်လျောခဲ့သည်။

ဤသို့ဖြင့် မိချောင်းခံတွင်းလိုဏ်ဂူဝက်ပါသည် ရှားပင်စိန်နှင့်အုန်ရင်စွမ်းတို့သာ သိရှိကြသော လျှို့ဝှက်နေရာတစ်ခု ဖြစ်နေလေတော့သည်။

☆ ☆ ☆ ☆ ☆



## အခန်း ( ၁ )

တရုတ်ပြည်မြောက်ပိုင်းဒေသနှင့် အလယ်ပိုင်းဒေသတို့ အကြားတွင် နယ်စပ်နယ်မြေဟု ဆိုနိုင်သော စိမ်းလဲ့မြက်ခင်းလွင်ပြင် တစ်နေရာတွင် ရသေ့သုံးဖော်တောင်ကုန်းများဟု အမည်ရသော တောင်ကုန်းမြင့် သုံးလုံး ဖိုခနောက်ဆိုင်အနေအထားဖြင့် တည်ရှိနေကြသည်။

တောင်ကုန်း၏ အနိမ့်အမြင့်ပေါ် မူတည်၍ ပထမ၊ ဒုတိယ၊ တတိယဟု အမည်ခွဲခြားထားရာ အမြင့်ဆုံးဖြစ်သော ပထမရသေ့ တောင်ကုန်းပေါ်တွင် ရှေးဟောင်းဘုံကျောင်းတစ်ခု ရှိသည်။

ဘုံကျောင်း၏အမည်က လိဟာန်ဘုံကျောင်းဖြစ်သော်လည်း စိမ်းလဲ့မြက်ခင်းလွင်ပြင်ရှိ ဌာနေလူများကတော့ 'ပထမရသေ့ဘုံကျောင်း' ဟုသာ ခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'လိဟန်ဘုံကျောင်း' ဟူသော မူလအမည်မှန်မှာ တိမ်မြုပ်ပျောက်ကွယ်သလို ဖြစ်နေသည်။

ရှေးဟောင်းဘုံကျောင်းရှိရာ အဆောက်အအုံတချို့ ပျက်စီးနေပြီး အချို့ကတော့ အကောင်းပကတိအတိုင်း ရှိနေသည်။

ထိုဘုံကျောင်းတွင် 'ဝါးစိမ်းကိုယ်တော်' အမည်ရှိ လူထူးလူဆန်းကြီး တစ်ယောက် နေထိုင်သည်။

ဝါးစိမ်းကိုယ်တော်သည် သက်န်းဝတ်ဘုန်းတော်ကြီး တစ်ပါးတော့ မဟုတ်ပေ။

သို့သော် အနေအထိုင် အပြောအဆို၊ ကျင့်ကြံစောင့်ထိန်းမှုတို့ကတော့ ရဟန်းတစ်ပါးနှင့် ဘာမျှမခြားနားပေ။ အကျင့်သီလပြည့်စုံသည်၊ ဣန္ဒြေသိက္ခာရှိသည်။

အဆင့်မြင့်အစွမ်းထက်သိုင်းပညာများလည်း တတ်မြောက်သည်။

အစကတော့ ဝါးစိမ်းကိုယ်တော်ကို အဆင့်မြင့်သိုင်းပညာရှင်ကြီးတစ်ယောက်ဖြစ်မှန်း မသိကြပေ။

တစ်ခါတွင် မြောက်ပိုင်းဒေသရှိ ကန္တာရဓားပြလူဆိုးများ နယ်ကျွံကာ ပထမရသေ့ဘုံကျောင်းသို့ ရောက်ရှိလာကြပြီး ဝါးစိမ်းကိုယ်တော်ကို အနိုင်အထက်ပြုမူစော်ကားကြသည်။



အစပိုင်းတွင် ဝါးစိမ်းကိုယ်တော် သည်းခံနေလေသေးသည်။

သို့ရာတွင် ...

ကန္တာရဓားပြလူဆိုးများ၏ ကျူးကျော်စော်ကားမှုများ လွန်ကဲလွန်းလာသည့်အတွက် ခုံးမတိုက်ခိုက်ရသည့် အခြေအနေ ရောက်ခဲ့သည်။

လူကြမ်းလူရမ်းများ ဖြစ်ကြသော ကန္တာရဓားပြလူဆိုးများသည် တကယ်တမ်း တိုက်ခိုက်ကြသည့်အခါတွင်တော့ ဝါးစိမ်းကိုယ်တော်၏ အံ့မခန်းသိုင်းပညာစွမ်းကို ဘယ်လိုမှ မယှဉ်နိုင်ကြ။

တစ်ယောက်နှင့်အများ တိုက်ခိုက်ကြသည့်တိုင် ကန္တာရဓားပြလူဆိုးများ မရှုမလှ အရေးနိမ့်ကာ အလန့်တကြား ထွက်ပြေးကုန်ကြရသည်။

ဤသို့ဖြင့် ...

ဝါးစိမ်းကိုယ်တော်သည် အဆင့်မြင့် သိုင်းပညာရှင်တစ်ယောက်ဖြစ်ကြောင်း လူသိထင်ရှားလာသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင် ...

ဝါးစိမ်းကိုယ်တော်သည် အသက်ခုနစ်ဆယ်ကျော်အရွယ် ရောက်နေကာ သူ့ထံတွင် ပညာများသင်ယူနေသော လက်ရင်းတပည့် (၄) ဦးလည်း ရှိနေသည်။

လက်ရင်းတပည့်လေးဦးတွင် နှစ်ဦးမှာ ယောကျ်ားပျိုများ ဖြစ်ကြပြီး နှစ်ဦးက မိန်းမပျိုများဖြစ်ကြသည်။

တပည့်ယောကျ်ားပျိုနှစ်ယောက်၏အမည်က ...

ချင်လိန်ဝေ နှင့် ဟန်စစ်ဟိန်၊

ကာ ...ာ်မိန်းကလေး နှစ်ဦးကတော့ ...

ကောင်းမိုးချို့နှင့် လု ကင်ခေ။

ချင်လိန်ဓား ...ငှ်ယ ...နစ်ဟိန်တို့က အသက် (၂၀)ဝန်းကျင်၊ ကောင်းမိုးချိုနှင့်လု ...င်ခေတို့က (၁၉) နှစ်ခန့် ရှိကြသည်။

ဟန်စစ်ဟိန်နှင့် ကောင်းမိုးချိုတို့သည် အရှေ့ပင်လယ် ကမ်းခြေတစ်နေရာရှိ မိချောင်းအိုင်ရွာဇာတိ။



ထိုရွာတွင် အတူတကွ မွေးဖွားကြီးပြင်းခဲ့ကြပြီး ငယ်စဉ်က ကစားဖော်ကစားဖက် သူငယ်ချင်း၊ အရွယ်ရောက်ကြီးပြင်းလာသော အခါ မေတ္တာမျှကြသည့် ချစ်သူများ ဖြစ်သည်။

ချင်လိန်ဝေက တောင်ပိုင်းဒေသ တာ့လီနယ်သား။

လုကင်ခေက အလယ်ပိုင်းဒေသ ကျန်းနန်နယ်သူ။

မထမရသေ့ဘုံကျောင်းသို့ ရောက်ရှိလာမှ သိကျွမ်းခင်မင် ကြလျက် တစ်ဦးအပေါ်တစ်ဦး မေတ္တာသက်ဝင် ချစ်ကြိုးသွယ်နေကြ သည်။

ဝါးစိမ်းကိုယ်တော်ထံတွင် တပည့်လေးဦး၊ ချစ်သူစုံတွဲနှစ်တွဲ အတူတကွ ပညာများ ဆည်းပူးသင်ယူနေကြသည်ဟု ဆိုရပေမည်။

တပည့်များ၏ အနေအထား၊ အခြေအနေကို ရိပ်စားသိရှိ သော ဝါးစိမ်းကိုယ်တော်က အခါအခွင့်သင့်လျှင် တပည့်များကို ကိုယ် ...ိုင်လက်ထပ်ပေးရန် စိတ်ကူးရှိနေသည်။

ဝါးစိမ်းကိုယ်တော်သည် အဆင့်မြင့် အစွမ်းထက်သိုင်းပညာ ...ျားအပြင် အထက်တန်းဂီတပညာ၊ သွေးကြောများဆိုင်ရာ ဆေးဝါး ...ုသမှုအတတ်၊ စစ်တုရင်နှင့်ဝက်ပါပညာလည်း တတ်ကျွမ်းသည်။

သူ၏ တပည့်လေးယောက်ကို သိုင်းပညာအပါအဝင် သူ

www.burmeseclassic.com

www.burmeseclassic.com



တတ်မြောက်ထားသော ပညာရပ်မျိုးစုံကို သေသေချာချာ စနစ်တကျ သင်ကြားပေးသည်။

ချင်လိန်ဝေ၊ ဟန်စစ်ဟိန်၊ ကောင်းမိုးချိုနှင့် လုကင်ခေတို့သည် သိုင်းပညာသင်ယူလေ့ကျင့်မှုတွင် တစ်ယောက်နှင့်တစ်ယောက် မတိမ်းမယိမ်းအခြေအနေတွင် တန်းတူရည်တူအနေအထားမျိုး ရှိကြသော်လည်း ကျန်ပညာနှင့်အတတ်များတွင်တော့ မိမိတို့၏ ပါရမီနှင့် ဝါသနာအထုံများအရ သန်ရာသန်ရာ ကွဲပြားခြားနားမှုလေးများ ရှိသည်။

ချင်လိန်ဝေက ဂီတပညာတွင် ဝါသနာထုံကာ အထူး ကြိုးစားသည်။

ဟန်စစ်ဟိန်က သွေးကြောများဆိုင်ရာ ဆေးဝါးကုသမှု အတတ်တွင် ထူးချွန်သည်။

လုကင်ခေက စစ်တုရင်ပညာ ပိုမိုပိုင်နိုင်သည်။

ကောင်းမိုးချိုက ဝက်ပါအတတ်ပညာတွင် ကျန်သုံးယောက်ထက် ထူးချွန်သည်။

ဝါးစိမ်းကိုယ်တော်သည် လက်ရင်းတပည့်လေးယောက်တို့ကို အခြေပြုလျက် သိုင်းလောကတွင် အစဉ်အဆက် ပြောစမှတ်တွင်



သော ဇာတ်လမ်းများသွယ်ယှက်ဖြစ်ပေါ်လာခဲ့သည်။

ထိုဇာတ်လမ်းတို့တွင် အချစ်၊ အမုန်း၊ ရန်ငြိုး၊ သံယောဇဉ်၊ စွန့်လွှတ်အနစ်နာခံမှု၊ တစ်ယူသန်စွဲလမ်းမှုတို့ အင်အားကြီးစွာ ပါရှိနေကြပေသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသော ညနေစောင်း ...။

ပထမရသေ့တောင်ကုန်းပေါ်ရှိ လိဟန်ဘုံကျောင်း၏ သိုင်းလေ့ကျင့်နေရာအဖြစ် သတ်မှတ်ထားသော၊ အမိုးနှင့်တိုင်လုံးများသာ ရှိပြီး အကာအရံများ ပြိုပျက်နေသော အဆောက်အအုံတစ်ခုထဲတွင် ဟန်စစ်မိန်နှင့်ကောင်းမိုးချိုတို့နှစ်ယောက် မြစိမ်းဝါးရုံဓားသိုင်း လေ့ကျင့်နေကြသည်။

ချင်လိန်ဝေနှင့် လုကင်ခေတို့ နှစ်ယောက်ကတော့ တတိယရသေ့တောင်ကုန်းအောက်ခြေတွင် ကွေ့ပတ်ခွေ စီးဆင်းနေလေသော 'မြွေဖြူစမ်းချောင်း' သို့ သွားနေကြသည်။

'မြွေဖြူစမ်းချောင်း' လေး၏ ကမ်းပါးရံတစ်လျှောက်တွင် ပင်စောက်သစ်ပင်မြင့်ကြီးများ ပေါက်ရောက်နေကာ ထိုသစ်ပင်မြင့်ကြီးများပေါ်တွင် သစ်ခွပင်များလည်းရှိနေရာ သစ်ခွပန်းကြိုက်တတ်သူ လုကင်ခေ မကြာခဏ သွားရောက်လေ့ရှိကာ သူမ၏ချစ်သူ ချင်လိန်ဝေလည်း အဖော်လိုက်ပါသွားမြဲပင်။



မြစိမ်းဝါးရုံဓားသိုင်းသည် ခံစစ်အသားပေးသိုင်းပညာရပ်ဖြစ်ကာ ဝါးပင်များ အပြိုင်းအရိုင်းပေါက်နေသော ဝါးရုံခင်းအုပ်ကြီးတစ်အုပ်လို ယှက်ထပ်သိပ်သည်းသော ဓားကွက်များဖြင့် ရန်သူ၏ တိုက်စစ်ကို ရေပက်မဝင်အောင် ပိတ်ဆို့ကာကွယ်ရင်း အခွင့်အခါ သင့်သည်နှင့် တစ်ဖက်လူ မမျှော်လင့်မထားသောအချိန်တွင် တုံ့ပြန်တိုက်စစ် လျှပ်တစ်ပြက်ဆင်ကာ အလွန်သွက်လက်လှသော ဓားပြန်ဓားချက်များဖြင့် သွက်သွက်လက်လက် ထိထိမိမိ တိုက်ခိုက်အနိုင်ယူသည်။

ခုခံကာကွယ်မှုကို သိပ်သည်းကျစ်လျစ်စွာ ပြုထားရင်း လျှပ်တစ်ပြက် တန်ပြန်တိုက်စစ်ဆင်နိုင်မည့် အခွင့်အခါကောင်းတစ်ကွက်ကို စိတ်ရှည်ရှည်နှင့် စောင့်ဆိုင်းရခြင်းသည် မြစိမ်းဝါးရုံ ဓားသိုင်း၏ ဓိက အခြေခံသဘောတရားဖြစ်သည်။

စိတ်ရှည်သည်းခံနိုင်စွမ်း မရှိလျှင် မြစိမ်းဝါးရုံဓားသိုင်းကို လက်မြက်အဆင့်မြင့်စွာ အသုံးပြုနိုင်မည် မဟုတ်ပေ။

သိုင်းလေ့ကျင့်မှုပြုရာတွင် တစ်ဦးက မြစိမ်းဝါးရုံဓားသိုင်း ပြိုင့် ခံစစ်အထိုင်ချကာ ကျန်တစ်ယောက်က မြစိမ်းဝါးရုံဓားသိုင်း၏ လျှပ်တစ်ပြက် တန်ပြန်ဓားမြန်ဓားချက်ဖြင့် တိုက်စစ်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်စစ်ပြုရင်း ခံစစ်ကိုလည်း ခင်းထားရသည်။

ခံစစ်အထိုင်ချထားသူကလည်း 'ခံစစ်သေ'သဘောမဟုတ်ဘဲ အခွင့်ကောင်းပေါ်သည်နှင့် တန်ပြန်တိုက်စစ် မြန်မြန်သွက်သွက်ဆင်သည်။

ဟန်စစ်ဟိန်နှင့် ကော်င်းမိုးချိုတို့သည် တစ်ယောက်တစ်လှည့် ခံစစ်အထိုင်ချမှုနှင့် တိုက်စစ်ဆင်မှုနေရာများတွင် ယူကာ အပြန်အလှန် လေ့ကျင့်နေကြသည်။

ဟန်စစ်ဟိန်က ကောင်းမိုးချိုထက် ပိုစိတ်ရှည်ပြီး သည်းခံစိတ်ပြည့်သည်။ စောင့်ဆိုင်းနိုင်စွမ်းကောင်းသည်။

ကောင်းမိုးချိုကတော့ ဟန်စစ်ဟိန်လောက် စိတ်မရှည်။ စိတ်တိုလွယ်သည်။ သိပ်လည်း စောင့်ဆိုင်းမှုမပြုချင်။

ထို့ကြောင့် မြစိမ်းဝါးရုံဓားသိုင်း လေ့ကျင့်ရာတွင် မှားယွင်းမှု များသည်။ စိတ်ရှည်သောဟန်စစ်ဟိန်က ဖေးမ ထိန်းသိမ်းပေးနေရသည်။

သိပ်သည်းခိုင်မာသော ခံစစ်ကို ဖြိုခွင်းရာတွင် ထိရောက်ထက်မြက်သော 'နေခြည်အလင်းတန်း ဓားကွက်' ကို ကောင်းမိုးချိုက ထုတ်သုံးတတ်သည်။



'နေခြည်အလင်းတန်းဓားကွက်' သည် မြစိမ်းဝါးရုံဓားသိုင်းပညာ၏ ဓားကွက်တစ်ကွက်ဖြစ်ကာ အကိုင်းအခက် အရွက်များ ထူထပ်သိပ်သည်းသည့် သစ်ပင်အုပ်၊ ဝါးရုံပင်အုပ်များအတွင်းသို့ ရနိုင်သည့် လမ်းပေါက်များမှနေ၍ နေရောင်ခြည်များထိုးဆင်းကာ နေခြည်အလင်းတန်းများအဖြစ် ကျရောက်မှုသဘာဝကို ယူသည်။

မြစိမ်းဝါးရုံဓားသိုင်း၏ ခံစစ်အထိုင်ကို ထိုးဖောက်ရာတွင် နေခြည်အလင်းတန်းဓားကွက် တတ်နိုင်သမျှ မသုံးရန် ဝါးစိမ်းကိုယ်တော်က မှာထားသည်။

ဟန်စစ်ဟိန်ကတော့ ထိုမှာကြားချက်ကို လိုက်နာစောင့်ထိန်းသည်။ မြစိမ်းဂနိုင်ဓားသိုင်း၏ ခံစစ်အထိုင်လေ့ကျင့်မှုတွင် နေခြည်အလင်းတန်းဓားကွက်ကို ဘယ်တော့မှ ထုတ်မသုံး။ တိုက်စစ်ဗျူဟာလေ့ကျင့်ရာတွင်သာ သုံးသည်။

ညနေပိုင်း တစ်ချိန်လုံး မြစိမ်းဝါးရုံဓားသိုင်းပညာ လေ့ကျင့်ခဲ့ရာတွင် ဟန်စစ်ဟိန်၏ ခံစစ်အထိုင်ချမှုကို ထိုးဖောက်ခြင်းမပြုနိုင်၍ စိတ်တိုနေသော ကောင်းမိုးချိုက 'နေခြည်အလင်းတန်း' ဓားကွက်ထုတ်သုံးကာ ရုတ်တရက် ထိုးစစ်ဆင်သည်။

"ဟာ ... ဟေ့ ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ဟန်စစ်ဟိန် အလန့်တကြား ရေရွတ်သည်။

ကောင်းမိုးချို သည်လိုလုပ်လာလိမ့်မည်ဟု ထင်မထား သောကြောင့် အငိုက်မိခံရသည်။ ဟန်စစ်ဟိန်၏ စိတ်အာရုံတွေ ရှုပ်ထွေးကုန်သည်။ သူ၏ ရေပက်မဝင်အောင် ထူထပ်သိပ်သည်းစွာ ရှိနေသော ခံစစ်အထိုင်သည်လည်း ပျက်ပြယ်သည်။

လွတ်ကွက်ဟာကွက်များစွာ ဖြစ်ပေါ်သွားလေသော ဟန်စစ်ဟိန်၏ ခံစစ်စည်းဘောင်အတွင်းသို့ ကောင်းမိုးချို၏ နေခြည်အလင်းတန်းဓားကွက် တိုးဝင်လာသည်။

ဟန်စစ်ဟိန် ခြေရှုပ်လက်ရှုပ် ဖြစ်သည်။ ဝါးရုံပင်အုပ်၏ လွတ်လပ်နေသောနေရာများကို နေရောင်ခြည်တန်းများ တိုးဝင်လာသလို ကောင်းမိုးချိုဓားချက်များက နေရာပေါင်းစုံမှ ဟန်စစ်ဟိန်ကို ခြိမ်းခြောက်နေကြသည်။

ဟန်စစ်ဟိန်၏ လည်မျို၊ ဘယ်ဘက်ရင်ဘတ်နှင့် ညာဘက်ပခုံးစီသို့ ဓားချက်သုံးချက် ဝေ့ဝိုက်ဝင်လာသည်။

ဟန်စစ်ဟိန် ကမန်းကတန်း ရှောင်တိမ်းရာ ဓားချက်နှစ်ချက်ကိုသာ လွတ်အောင်ရှောင်နိုင်သည်။ လည်မျိုဆီ ဦးတည်ဝင်လာသော ဓားချက်ကိုမူ လွတ်အောင်မရှောင်နိုင်



ဟန်စစ်ဟိန် မကြုံစဖူး ထိတ်လန့်သည်။

ကျောရိုးတစ်လျှောက် စိမ့်အေးလျက် ကြက်သီးများထလာသည်။

သည်ဓားချက်တွင် မိမိအသက် ပါရပေတော့မည်ဟု တွေးသည်။

ကောင်းမိုးချို သည်လို ရက်ရက်စက်စက်နှင့် တစ်ဆုံးတစ်စလုပ်လိမ့်မည်ဟု ဟန်စစ်ဟိန် လုံးဝ ထင်မှတ်မထားခဲ့ပေ။

ကံကောင်းထောက်မသည့်အတွက် ဟန်စစ်ဟိန် အသက်ဘေးမှ ကင်းဝေးသွားခဲ့သည်ဟု ဆိုရမည်။

ဓားဖျားသည် ဟန်စစ်ဟိန်၏လည်မျိုကို ထိထောက်မိချိန်တွင် တုံ့ရပ်သည်။ မထိုးမိ၊ မခုတ်မိသော်လည်း ဓားဦးဖြင့် ထိထောက်မိသည့်နေရာတွင် ဆစ်ခနဲနာသည်။ သွေးစို့ရုံ ဓားရှမှုလေး ဖြစ်သည်။

ဟန်စစ်ဟိန်လည်း ကိုယ်ဟန်ကို မထိန်းနိုင်တော့ဘဲ ပက်လက်လန်လဲကျသည်။

"မိုမိုး ... နင် ဘယ်လိုလုပ်လိုက်တာလဲ၊ ဘာဖြစ်လို့ နေခြည်အလင်းတန်းဓားကွက် ထုတ်သုံးရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကျွဲမြီးတိုသလိုဖြစ်သွားသောကြောင့် ပက်လက်လန်လဲကျသွားသော ဟန်စစ်ဟိန်က ခပ်ဆတ်ဆတ် ပြောလိုက်သည်။

ဟန်စစ်ဟိန်သည် ကောင်းမိုးချိုနှင့် တစ်ရွာတည်း ဇာတိ၊ ငယ်စဉ်ကပင် အတူအကွ ကြီးပြင်းအရွယ်ရောက်လာရာ ချစ်သူရည်းစားဘဝရောက်သည့်တိုင် နှုတ်ကျိုးနေကာ ငယ်စဉ်ကလိုပင် ခေါ်ဝေါ်ပြောဆိုသည်။

သူတို့၏ဇာတိ မိချောင်းအိုင်ရွာတွင် ကောင်းမိုးချိုကို တစ်ရွာလုံးက 'မိမိုး' ဟု ခေါ်ကြသည်။

"ဟွန်း ... အစ်ကိုဟန်ရဲ့ခံစစ်က အရမ်းသိပ်သည်းလုံခြုံနေတာ၊ နေခြည်အလင်းတန်းဓားကွက်နဲ့မှ ထိုးဖောက်လို့ရမှာပေါ့လို့ကဲ ... ကျွန်မနိုင်ပြီ အောင်မြင်ပြီ"

ကောင်းမိုးချိုက ဓားရှည်ကို ပြန်သိမ်းရင်း ပြောသည်။

စိတ်ထက်သော မိန်းမငယ်လေးပီပီ အနိုင်ရလိုသည့်ဆန္ဒပြင်းပြမှုကြောင့် နေခြည်အလင်းတန်းဓားကွက်ကို ထုတ်သုံးလိုက်သော်လည်း ထိုဓားကွက်ကို စတင်လှုပ်ရှားလိုက်သည်နှင့် ကြီးမားပြင်းထန်သော ဓားချက်များ ရုတ်ခြည်းပေါ်ပေါက်လာကာ ကောင်း



မိုးချိုကိုယ်တိုင်ပင် မိမိ၏ဓားကွက်ကို ပိုင်ပိုင်နိုင်နိုင် မထိန်းချုပ်နိုင်တော့ပေ။

ဓားချက်များစွာ အင်အားပြင်းပြင်းသွက်သွက် မြန်မြန်ပေါ်ထွက်လာကြရာ လက်လွန်ခြေလွန်တွေ ဖြစ်ကုန်မည်ဟု တွေးတောထိတ်လန့်ပြီး ကောင်းမိုးချိုက သူမ၏ နေခြည်အလင်းတန်းဓားကွက်ကို ကမန်းကတန်း ပြန်လည်ရုပ်သိမ်းလိုက်သည်။

ထိုသို့ ရုပ်သိမ်းလိုက်သည်မှာ အချိန်မီမှ တကယ့်အချိန်မီလေးဟု ဆိုရမည်။

ဓားဦးဖျားက ဟန်စစ်ဟိန်၏လည်မျိုကို ထိထောက်မိသည့်အချိန်မှာပင် တုံ့ရပ်သွားခဲ့သည်။

အကယ်၍ တဒင်္ဂ နောက်ကျမည်ဆိုလျှင် လည်မျိုတွင် ဓားချက် မိမိရရထိမိမှာ သေချာသည်။

သည်လိုဖြစ်သွားရသည့်အတွက်ကြောင့် မိုးချို တကယ်ပင် စိတ်မကောင်း။ ပက်လက်လန်လဲကျသွားလေသော ဟန်စစ်ဟိန်ကို ပြေး၍တွဲထူမမည် ကြံမိသေးသည်။

သို့သော် ...

ဟန်စစ်ဟိန်က အသံမာမာဆတ်ဆတ်ဖြင့် ပြစ်တင်ကြိမ်း

www.burmeseclassic.com

www.burmeseclassic.com



မောင်းသလို ပြောလာရာ စိတ်ကြီးစိတ်ဆတ်သော မိန်းကလေး ကောင်းမိုးချိုစိတ်ထဲ တစ်ချက်တင်းသည်။

ထို့ကြောင့် ခပ်ငေါ့ငေါ့စကားများကို ဆိုးဆိုးဆတ်ဆတ်ပြော လိုက်ပြီး ခြေဆောင့်ကာ လျှောက်လှမ်းထွက်သွားသည်။

ဟန်စစ်ဟိန်က စိတ်ကောင်းရှိသည်၊ ရိုးသားဖြောင့်မတ် သည်။ စိတ်ဆတ်သောချစ်သူလေး၏ အကြောင်းကိုလည်း ကောင်း ကောင်းနားလည်သည်။

ကောင်းမိုးချို စိတ်ဆိုးစိတ်ကောက်မှုအဝဝတို့ကိုလည်း အမြဲ ပင် စိတ်ရှည်ရှည်နှင့် သည်းခံကာ အလိုလိုက် ချော့မော့မြဲပင်။

ယခုလည်း စိတ်ကောက်၍ ခြေဆောင့်ကာ ထွက်သွားသော ကောင်းမိုးချိုကို လိုက်ချော့ရန်အတွက် လဲကျနေရာမှ ထကာ ထွက် လာခဲ့သည်။

ကောင်းမိုးချိုကို လိုက်ရှာရင်း ဘုံကျောင်းတစ်နေရာတွင် ဝါးစိမ်းကိုယ်တော်နှင့် ဆုံမိသည်။

"ဟော စစ်ဟိန် ... ဆရာလည်း မင်းကို လိုက်ရှာနေတာ၊ ယုတ်မာဘီလူးစန်းဝန်းနာ လွတ်မြောက်ထွက်ပြေးတယ်ဆိုတဲ့ အ ကြောင်းကြားစာ စာပို့ခိုနဲ့ အခုနလေးတင်ပဲ ရောက်လာတယ်၊ ဒီနေ



ရာဘက်ကို စန်းဝန်းနာ ရောက်ချင်ရောက်လာနိုင်တယ် ...အဲဒါ ကြောင့် လိန်ဝေနဲ့ ကင်ခေတို့နှစ်ယောက်ကို အမြန်ပြန်လာခဲ့ဖို့ လိုက် ခေါ်ချေ"

ဝါးစိမ်းကိုယ်တော်က ပြောသည်။

ကောင်းမိုးချိုသည် ရံဖန်ရံခါတွင် အထွေအထူး ချော့မော့ စရာပင်မလိုဘဲ သူ့အလိုလို စိတ်ကောက်ပြေတတ်သည့်အကျင့်ရှိ ကြောင်း သိထားသည့်အတွက် ဟန်စစ်ဟိန်သည် ကောင်းမိုးချိုကို လိုက်မရှာတော့။

ယုတ်မာဘီလူး စန်းဝန်းနာသာ ရောက်လာလျှင် ချင်လိန် ဝေနှင့် လုကင်ခေတို့ နှစ်ယောက်အတွက် တကယ်ပင် အန္တရာယ်ကြီး သည်မို့ တောင်ကုန်းပေါ်မှ ခပ်သုတ်သုတ် ဆင်းလာခဲ့လေတော့ သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာဘီလူး စန်းဝန်းနာသည် သိုင်းပညာ အစွမ်းထက်သလို ရက်စက်ပြီး ယုတ်မာပက်စက်လှသည့် လမ်းလွဲသိုင်းသမားလူဆိုးလူရမ်းကားကြီးတစ်ယောက် ဖြစ်သည်။

ထစ်ခနဲဆို တိုက်ခိုက်သတ်ဖြတ်တတ်သလို မိန်းမချောချောလှလှ ငယ်ငယ်ရွယ်ရွယ်ဆိုလျှင် ပျိုပျိုအိုအိုမရွေး အနိုင်ကျင့်စော်ကားလေ့ ရှိသည်။

မကောင်းမှုမျိုးစုံကို ကျူးလွန်ကာ ရက်စက်ကြမ်းကြုတ်သလို ယုတ်မာရိုင်းစိုင်းလှသည်မို့ ယုတ်မာဘီလူး စန်းဝန်းနာဟု နာမည်တွင်ခဲ့သည်။

စန်းဝန်းနာ၏ ယုတ်မာဆိုးသွမ်းမှုများကို လမ်းမှန်သိုင်းသမားများက တားဆီးတိုက်ခိုက်ကြရာ နောက်ဆုံးတွင် စန်းဝန်းနာကို လက်ရဖမ်းမိခဲ့သည်။

ယုတ်မာဘီလူး စန်းဝန်းနာ ကျူးလွန်ခဲ့သော မကောင်းမှုများသည် သေဒဏ်အကြိမ်တစ်ရာမက ကျခံထိုက်သော်လည်း စန်းဝန်းနာကို အပြီးသတ် လက်ရဖမ်းဆီးရမိသူမှာ ရှောင်လင်ဂိုဏ်းချုပ်ကြီးကိုယ်တိုင်ဖြစ်နေရာ ရှောင်လင်ကျောင်းတော်၏ အကျင့်သီလစောင့်ထိန်းမှုများအရ လူတစ်ယောက်၏အသက်ကို အဆုံးစီရင်ခြင်း မပြုနိုင်သည့်အတွက် စန်းဝန်းနာကို သေဒဏ်မစီရင်ဘဲ လွတ်ရက်မရှိ အကျဉ်းချထားခဲ့သည်။



စန်းဝန်းနာ အကျဉ်းကျနေသည့်အတွက် လောကတစ်ခွင်အတော်ပင် အေးငြိမ်းခဲ့သည်။ ဒုစရိုက်မှုများလည်း သိသိသာသာလျော့ပါးကျဆင်းခဲ့သည်။

ယခု ...

ယုတ်မာဘီလူးစန်းဝန်းနာ အကျဉ်းကျခံနေရာမှ လွတ်မြောက်ထွက်ပြေးသွားခဲ့လေပြီ။ ဘယ်လိုမကောင်းမှုတွေ ပြုလုပ်ကာ သောင်းကျန်းရမ်းကားဦးမည် မသိ။

ရသေ့သုံးဖော်တောင်ကုန်းမြင့်သုံးလုံးသည် တစ်ချိန်က စန်းဝန်းနာ၏ စားကျက်နယ်မြေတစ်ခု ဖြစ်ခဲ့သည်။

အကျဉ်းမှ လွတ်မြောက်ထွက်ပြေးလာသော စန်းဝန်းနာသည် သူ၏ စားကျက်နယ်မြေဟောင်းသို့ ပြန်လာကောင်း ပြန်လာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် သတိရှိရှိဖြင့် အန္တရာယ်ကို ရှောင်ရှားရန် ကြိုတင်ပြင်ဆင်မှုများ လုပ်ထားရန်လိုသည်မို့ တတိယရသေ့တောင် ကုန်းအောက်ခြေတွင် ရစ်ခွေစီးဆင်းနေသော မြေဖြူစမ်းချောင်းသို့ သွားနေကြသော ချင်လိန်ဝေနှင့် လုကင်ခေတို့နှစ်ယောက်ကို အမြန် ပြန်လာရန် ဝါးစိမ်းကိုယ်တော်က လိုက်အခေါ်ခိုင်းခြင်းဖြစ်သည်။

ဟန်စစ်ဟိန်မှာလည်း ယုတ်မာဘီလူး စန်းဝန်းနာအ ကြောင်း သိသင့်သလောက် သိထားသည်မို့ ပညာသင်ဘက်နှစ် ယောက်ကို ပြန်ခေါ်ရန် မြေဖြူစမ်းချောင်းသို့ အမြန်ထွက်လာခဲ့ သည်။

မြေဖြူစမ်းချောင်းအနီးသို့ ဟန်စစ်ဟိန်ရောက်လာသည်။

ထိုနေရာဝန်းကျင်သည် ခါတိုင်းလိုမဟုတ်ဘဲ တိတ်ဆိတ် နေသလို ဟန်စစ်ဟိန်ထင်မိသည်။

သံသယမရှိဘဲ တိတ်နေခြင်းမျိုးကော့ မဟုတ်ပါ။ မြေဖြူ စမ်းချောင်းလေး၏ ရေစီးသံကို ကြားနေရသည်။

ကမ်းစပ်ဘယ်ညာရှိ သစ်ပင်မြင့်ကြီးများ၏ သစ်ကိုင်းသစ် ရွက်များကို လေတိုက်ခတ်၍ လှုပ်ရှားသွားသံများလည်း ပေါ်ထွက် နေသည်။



ထူးခြားသည်က သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းနှင့် စမ်းချောင်း ငယ်စီးဆင်းနေသည့်နေရာမျိုးတွင် ကြားရမြဲဖြစ်သော ငှက်အော်သံ၊ တောတိရစ္ဆာန်လေးများ၏ ပြေးလွှားလှုပ်ရှားသံများ လုံးဝမကြားရ ခြင်း ဖြစ်သည်။

ကြားနေရသမျှသော စမ်းချောင်းရေစီးသံနှင့် သစ်ကိုင်း သစ်ရွက်များ လှုပ်ခတ်သံတို့ပင်လျှင် ခါတိုင်းလို စီစီညံညံနှင့် သက်ဝင် လှုပ်ရှားခြင်းမရှိ။ ခပ်လေးလေးတွဲတွဲနှင့် အသက်ကင်းမဲ့သလို ဖြစ်နေ သည်။

တိတ်ဆိတ်မှုအကြားတွင် မိမိ၏ အသက်ရှူသံနှင့် နှလုံးခုန် သံ တဒိတ်ဒိတ်ကို ဟန်စစ်ဟိန် ပြန်ကြားနေရသည်။

ထိုအသက်ရှူသံနှင့် နှလုံးခုန်သံတို့သာ အသက်ရှိခြင်း၏ သဘောလက္ခဏာ ဖြစ်နေသည်။ အသက်ရှူသံနှင့် နှလုံးခုန်သံတို့ သာ မရှိလျှင် ထိုနေရာဝန်းကျင်တစ်ခွင်သည် အသက်ကင်းမဲ့သော [illegible]ပြင်တစ်ခုလို ဖြစ်နေပေလိမ့်မည်။

လေတစ်ချက် ဝေ့၍တိုက်သည်။ မြေဖြူစမ်းချောင်းဆီမှ တိုက်ခတ်လာသော လေဖြစ်သောကြောင့် အေးမြသည်။

လေအေးတစ်ချက် ဝေ့အတိုက်တွင် ဟန်စစ်ဟိန် ကြက်သီး

www.burmeseclassic.com

www.burmeseclassic.com



ဖျင်းခနဲ ထသည်။

လေတိုက်ခတ်မှုကြောင့် သစ်ရွက်များ လှုပ်ခတ်သံ တရှဲရှဲ မြည်သည်။ သစ်ကိုင်းသစ်ပင်တို့ကို လေတိုးဝှေ့ ထိခိုက်မိသံများလည်း တိုးတိုးသဲ့သဲ့ ပေါ်ထွက်သည်။

ဟန်စစ်ဟိန်၏စိတ်ထဲတွင် ထိုအသံများသည် တစ္ဆေသရဲ မကောင်းဆိုးဝါးများ မြူးထူးသည့်အသံလိုလို ထင်မိသည်။

မြေဖြူစမ်းချောင်းလေးအနီးသို့ ရောက်လာသည်နှင့် မကောင်းဆိုးဝါးမိစ္ဆာ အငွေ့အသက်များ အလွှမ်းမိုးခံရသလို ဖြစ်နေသော ဟန်စစ်ဟိန်မှာ အလိုလိုပင် စိတ်ချောက်ချားနေသည်။ ထင်ယောင်ထင်မှား အမျိုးမျိုးဖြစ်လျက် ရင်တုန်စိုးထိတ်နေသည်။

ဟန်စစ်ဟိန်မှာ ကြောက်တတ်လန့်တတ်သူ မဟုတ်ပါ။ ရဲစွမ်းသတ္တိအပြည့်ရှိပြီး နပျိုသွက်လက်သည်။ ဒါပေမဲ့ ယခုအခါတွင်တော့ ဟန်စစ်ဟိန်၏ စိတ်သည် ခါတိုင်းလိုမဟုတ် မကြုံစဖူး ထူးထူးခြားခြားပင် လှုပ်ရှားနေသည်။

မိမိကိုယ်မိမိ ဘယ်လိုဖြစ်နေမှန်းကိုပင် ဟန်စစ်ဟိန် မတွေးတတ်။ တစ်စုံတစ်ယောက်သော ထိတ်လန့်ဖွယ်ရာ ဖြစ်ရပ်ကြီးတစ်ခုကို မကြာမီ ရင်ဆိုင်တွေ့ရတော့မည်ဟုလည်း ခံစားသိရှိနေသည်။



'ရွှတ်'

ခေါ်သံလိုလို လေမှုတ်သံလိုလို အသံလေး ခပ်သဲ့သဲ့ ကြားရသည်။

စိုးထိတ်စိတ်လှုပ်ရှားနေသော ဟန်စစ်ဟိန်မှာ မွေးညင်းများပင် ထောင်လျက် ရင်ထဲ ဒိန်းခနဲ ခုန်သည်။ အသံလေးသည် အထက်စီးဆီမှ ပေါ်လာခြင်းဖြစ်ရာ ဟန်စစ်ဟိန် ခေါင်းမော်ကြည့်လိုက်သည်။

နေဝင်စပြုပြီဖြစ်ရာ မြေဖြူစမ်းချောင်းလေး၏ ဘေးတစ်ဖက်တစ်ချက်ရှိ သစ်ပင်မြင့်ကြီးများတွင် မှောင်ရိပ်တွေ ကျနေသည်။ သစ်ပင်မြင့်ကြီးများ မရှိသည့်နေရာတို့တွင်တော့ အတော်အသင့် လင်းနေလေသေးသည်။

ခေါင်းမော့၍ စူးစမ်းကြည့်သော ဟန်စစ်ဟိန် ဘာကိုမျှ မမြင်ရ။ အသံမှာ မိမိနားကြားလွဲမှုဖြစ်လေမည်လားဟုပင် ထင်မိသည်။

'ရွှတ် .. ရွှတ်'

ထိုအခိုက် ထူးဆန်းသောခေါ်သံလေး ထပ်မံပေါ်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မော့ကြည့်နေသော ဟန်စစ်ဟိန်၏ မျက်လုံးအကြည့် ခေါ်သံလေးပေါ်ထွက်နေရာသို့ စူးစိုက်ရောက်ရှိသည်။ စိတ်အာရုံကိုလည်း စုစည်းလိုက်နိုင်သောကြောင့် မျက်စိအမြင် အားကောင်းလာသည်။ ထူထပ်သိပ်သည်းသော သစ်ကိုင်းသစ်ရွက်တို့၏ အားကောင်းလှသောအမှောင်ထဲတွင် ထိုအရာများလောက် အမှောင်အားမကောင်းသည့် အရာတစ်ခုရှိနေသည်ကို စူးခနဲ မြင်ရသည်။

လူတစ်ယောက်၏ သဏ္ဍာန်။ စိတ်အာရုံစုစည်းမိ၍ ထက်မြက်နေသော ဟန်စစ်ဟိန်၏နားတွင်လည်း စကားသံသဲ့သဲ့ ကြားရသည်။

"လုကင်ခေကို ယုတ်မာဘီလူး ဖမ်းချုပ်ပြီး ကြာနီတောဂူဘက် ဆွဲခေါ်သွားတယ်၊ အမြန်လိုက်"

ဟန်စစ်ဟိန် ဦးနှောက်ထဲတွင် သစ်ပင်မြင့်ထက်၌ ရှိနေသော လူမှာ ချင်လိန်ဝေဖြစ်ကြောင်းလည်း သိလိုက်ရလေပြီ။ ချင်လိန်ဝေ မပီမသ အသံတိုးတိတ်တိတ်ဖြင့် လှမ်းပြောသော သတင်းပေးချက်ကိုလည်း နားလည်လိုက်ပေပြီ။

ချင်လိန်ဝေ ဒဏ်ရာရနေကြောင်း သိသော်လည်း ယုတ်မာဘီလူး စန်းဝန်းနာ ဖမ်းဆီးဆွဲခေါ်သွားသော လုကင်ခေကို ကယ်



တင်ပေးဖို့က အလွန်ပင်အရေးကြီးသည်မို့ ဟန်စစ်ဟိန်သည် ကြာနီတောဂူရှိရာ စမ်းချောင်းအထက်ပိုင်းဆီသို့ ဟစ်ဟုန်ထိုး ပြေးသွားလေတော့သည်။

သတိကောင်းပြီး စနစ်တကျ လုပ်တတ်သူမို့ အရေးပေါ်အချက်ပြမီးကျည်တစ်ခုကိုတော့ ပစ်လွှတ်လိုက်သေးသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးချုပ်နှောင်ထားရာမှ လွတ်မြောက်ထွက်ပြေးလာသော ယုတ်မာဘီလူးစန်းဝန်းနာသည် သူ၏ စားကျက်ဟောင်း တစ်ခုဖြစ်သော ရသေ့သုံးဖော်တောင်ကုန်းနေရာသို့ ရောက်လာခဲ့ရာ မြွေဖြူစမ်းချောင်းအနီးတွင် ချင်လိန်ဝေ၊ လုကင်ခေတို့ ချစ်သူစုံတွဲဖြင့် ဆုံမိလေတော့သည်။

ချင်လိန်ဝေနှင့် လုကင်ခေတို့သည် ယုတ်မာဘီလူး စန်းဝန်းနာအကြောင်း ကြားဖူးသိဖူးထားကြသော်လည်း လူကိုယ်တိုင်ကိုမူ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးခဲ့ပေ။

ထို့ကြောင့် စတင်ဆုံမိစတွင် ယုတ်မာဘီလူး စန်းဝန်းနာဖြစ်ကြောင်း မသိကြ။

သို့သော် ရုပ်ရည်သွင်ပြင်လက္ခဏာတို့က ကြမ်းတမ်းခက်ထန်သည့်အတွက် လမ်းမှန်သိုင်းသမားကောင်းတော့ မဟုတ်နိုင်။ လမ်းလွဲသိုင်းသမားဆိုး လူရမ်းကားတစ်ယောက် ဖြစ်မည်ဟုတော့ သိလိုက်ကြသည်။



မကောင်းသော အန္တရာယ်အငွေ့အသက်များကိုလည်း ခံစားမိကြရာ လုကင်ခေက ချင်လိန်ဝေ၏နောက်ဘက်သို့ အလိုလိုတိုးကပ်ခိုဝင်ကာ ချင်လိန်ဝေကလည်း လုကင်ခေရှေ့မှာ အကာအကွယ်ပေးသလို မားမားကြီးရပ်နေလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ ... ဘာလိုချင်လို့လဲ"

ချင်လိန်ဝေက စန်းဝန်းနာကို စိန်းစိန်းကြည့်ကာ ခပ်မာမာ မေးလိုက်သည်။

"ဟား ဟား ဟား ... ငါဘယ်သူလဲဆိုတာ မသိဘဲကိုး၊ ယုတ်မာဘီလူး စန်းဝန်းနာဆိုတာ ငါပဲ၊ ငါလိုချင်တာက အဲဒီ ကောင်မလေး"

ယုတ်မာဘီလူးစန်းဝန်းနာ ဖြစ်ကြောင်း သိလိုက်ရသည်နှင့် ချင်လိန်ဝေနှင့် လုကင်ခေတို့နှစ်ယောက် မျက်နှာကွက်ခနဲ ဖြစ်သည်။ အတော်လည်း တုန်လှုပ်ချောက်ချားသွားကြသည်။

အန္တရာယ်ဆိုးနှင့် ရင်ဆိုင်တိုးနေရကြောင်းလည်း နားလည်လိုက်ကြသည်။

စကားဆုံးသည်နှင့် ယုတ်မာဘီလူးစန်းဝန်းနာက ညာလက်ကို ဆန့်ထုတ်ပြီး လုကင်ခေကို လှမ်းဆွဲသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်လိန်ဝေက ယုတ်မာဘီလူး၏လက်ကို ဆီး၍ ပုတ်ထုတ်ပစ်သည်။

ချင်လိန်ဝေပုတ်ထုတ်လိုက်သည့် အားအင်က မသေးပါ။ သို့သော် စန်းဝန်းနာ၏လက်ကတော့ လှုပ်ပင်မလှုပ်။ တည်တည်တန့်တန့်ပင် ဆန့်ဝင်လာသည်။

ဆီးကြိုရိုက်ပုတ်ထုတ်သော ချင်လိန်ဝေ၏ညာလက်မောင်းသာ အောင့်၍သွားသည်။

"ဟား ဟား ဟား ... ကောင်လေးက အလာသားပဲ"

ယုတ်မာဘီလူး စန်းဝန်းနာသည် ရယ်ကာလှောင်ပြောင်ပြောဆိုကာ ရှေ့သို့တိုးလာသည်။

"ကင်ခေ ... အမြန်လွတ်အောင်ပြေး"

ချင်လိန်ဝေက လုကင်ခေကို သတိပေးစကားပြောရင်း ဓားရှည်ကို ဆွဲထုတ်ကာ စန်းဝန်းနာကို ရင်ဆိုင်သည်။ လုကင်ခေသည် ချာခနဲ လှည့်ကာ ထွက်ပြေးသည်။

သို့သော် ချင်လိန်ဝေတစ်ယောက် ဓားရှည်ကို ဓားအိမ်အပြင်သို့ ထွက်လာအောင် ဆွဲမထုတ်နိုင်သလို လုကင်ခေမှာလည်း ခြေတစ်လှမ်းစာမျှပင် မပြေးနိုင်။



'ဖုန်း'

ယုတ်မာဘီလူး စန်းဝန်းနာ၏ ညာလက်ဝါးရိုက်ချက် ချင်လိန်ဝေ၏ ရင်ဝတည့်တည့်ကို မိမိရရ ရိုက်မိသည်။

ချင်လိန်ဝေ တစ်ဆို့ကာ အသက်ရှူမှားသည်။ တစ်ကိုယ်လုံးလည်း အားအင်တွေ ယုတ်လျော့သည်။ အတွင်းအားများ လုံးဝစုစည်း၍ မရတော့။

'ဝေါ့'

သွေးတစ်လုပ် အန်ထွက်ကာ ခွေယိုင်လဲကျသည်။ ဒဏ်ရာအတော်ပြင်းပြင်း ရသွားခဲ့လေပြီ။

ချင်လိန်ဝေကို လက်ဝါးတစ်ချက် ပိုင်ပိုင်နိုင်နိုင် ရိုက်ချပြီးနောက် စန်းဝန်းနာသည် လုကင်ခေ၏ အနားသို့ လှစ်ခနဲ ဆိုသလို လျှင်မြန်လှစွာ ချဉ်းကပ်ရောက်ရှိသည်။

လုကင်ခေ ဘာမှ မလှုပ်ရှားနိုင်မီ ပျော့ခွေကြောကို ဆတ်ခနဲ ထိုးပိတ်သည်။

လုကင်ခေ မလှုပ်ရှားနိုင်တော့။ အသံပင် မပြုနိုင်တော့။

ကျောက်ရုပ်တစ်ရုပ်လို ငြိမ်ငြိမ်တောင့်တောင့်ကြီး ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ စိတ်ကောင်းလေး နည်းနည်းဝင်နေလို့ မင်းအသက်မသေတာ နားလည်၊ ငါ့ကို လိုက်မနှောင့်ယှက်နိုင်အောင် မင်းကို သစ်ပင်မြင့်ကြီးပေါ် တက်ချိတ်ထားလိုက်မယ်၊ ကယ်မယ့်သူ၊ ကူညီမယ့်သူ ရောက်လာရင်လည်း မင်းကုသိုလ်ပေါ့ကွာ"

ဤသို့ပြောပြီး စန်းဝန်းနာသည် ချင်လိန်ဝေကို နီးရာ သစ်ပင်မြင့်ကြီး တစ်ပင်ထိပ်ဘက်ဆီသို့ ဆွဲခေါ်သွားကာ သစ်ကိုင်းတစ်ကိုင်းတွင် ဆွဲချိတ်သည်။

ကိုယ်ဖော့ပညာကောင်းပြီး လှုပ်ရှားမှု မြန်ဆန်လှသည့်အတွက် တိုတောင်းလှသောအချိန်အတွင်းမှာပင် သစ်ပင်အောက် ပြန်ရောက်သည်။

အကြောပိတ်ခံထားရသောကြောင့် အသံမထွက်နိုင်၊ မလှုပ်မရှားနိုင်သော လုကင်ခေကို ဆွဲမ,ယူကာ ကြာနီတောဂူဘက်သို့ ခပ်သုတ်သုတ် ထွက်သွားသည်။

ထိုသို့သွားရင်း လုကင်ခေဝတ်ထားသော အဝတ်အစားများကို တစ်ခုပြီးတစ်ခု စုတ်ခွာသည်။ ဤသို့ဖြင့် ကြာနီတောဂူသို့ ရောက်သောအခါ လုကင်ခေ၏ကိုယ်ပေါ်တွင် ဘာအဝတ်အစားမျှ မရှိတော့။



ပင်ကိုသဘာဝ အလှအတိုင်းသာ ရှိနေလေတော့သည်။

သစ်ပင်မြင့်ကြီး၏ ထိပ်ဘက်ပိုင်း သစ်ကိုင်းတစ်ကိုင်းတွင် ဆွဲချိတ်ထားခြင်း ခံနေရကာ ဒဏ်ရာလည်းရနေသော ချင်လိန်ဝေမှာ မိမိချစ်သူ လုကင်ခေအား ယုတ်မာဘီလူးစန်းဝန်းနာက ကြာနီတောဂူရှိရာသို့ ခေါ်ဆောင်သွားသည်ကို ရင်နင့်စွာသာ ကြည့်နေရှာသည်။ ဘာမျှ မတတ်နိုင်ပါ။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ကြာနီတောဂူသည် မြွေဖြူစမ်းချောင်းလေး၏ အထက်ပိုင်းနေရာတွင်ရှိသည်။ စမ်းချောင်းကမ်းစပ်နှင့် ပေ (၁၀၀၀) မျှ ကွာလှမ်းသည်။ ထိုစမ်းချောင်းအစပ်တွင် အနီရောင် ကြာပန်းပင်များ ထူထပ်စွာ ပေါက်ရောက်နေသည့်အတွက် ထိုဂူကို ကြာနီတောဂူဟု ခေါ်ကြသည်။

ကြာနီတောဂူရှိရာကို ကောင်းစွာသိသော ဟန်စစ်ဟိန်သည် လုကင်ခေဘဝ ညစ်နွမ်းခြင်းမရှိမီ ကယ်တင်နိုင်ရေးအတွက် ခြေကုန်သုတ်ကာ ပြေးလွှားနေသည်။

လမ်းတွင် အဝတ်အစားအစုတ်အပြဲများ ဟိုနားတစ်စု သည်နားတစ်စု တွေ့ရသည်။ လုကင်ခေ၏ အဝတ်အစားများ ဖြစ်ကြောင်း မိမိသိရှိသည့်အတွက် လုကင်ခေတစ်ယောက် မည်သည့် အနေမျိုး ရှိမည်ကို နားလည်ကာ အရမ်းပင်စိုးရိမ်ပူပန်လာသည်။ အမြန်ဆုံး ပြေးလွှားနေသည်ကိုပင် အားမရ။ သည့်ထက် ပိုမြန်ချင်နေသည်။

ခြေကုန်နင်းကာ မြန်နိုင်သမျှ အမြန်ဆုံး ပြေးလာသော



ဟန်စစ်ဟိန် ကြာနီတောဂူသို့ ရောက်လာသည်။ ဂူဝတွင် အပြေးရပ်လိုက်သည်။ လုကင်ခေအတွက် စိုးရိမ်ပူပန်လှသော်လည်း အန္တရာယ်ရှိနေသည့်နေရာသို့ သည်အတိုင်း ကမူးရှူးထိုးနှင့် အတင်းပြေးဝင်သွားရန် မသင့်ကြောင်း နားလည်သည်မို့ ကိုယ်ရှိန်သတ်ကာ အကဲခတ် စူးစမ်းသည်။

အသက်ရှူသံများမှအပ အခြားအသံဗလံ မကြားရ။ ဘာလှုပ်ရှားမှုမျှ မရှိ။

ကြားနေရသော အသက်ရှူသံကိုက လူနှစ်ယောက်၏ အသက်ရှူသံများဖြစ်သည်။ ပုံမှန်အနေအထားမျိုး မဟုတ်ကြောင်းကို ဆေးဝါးကုသမှု အတတ်တွင် အတော်ပင် တတ်သိကျွမ်းကျင်နေသော ဟန်စစ်ဟိန်သိလိုက်သည်။ တစ်စုံတစ်ရာသော ဆန္ဒရမ္မက်ထက်သန်နေမှုအရိပ်အသွင်များ ရောပြွမ်းပါရှိနေသော အသက်ရှူသံများ ဖြစ်နေသည်။

ယုတ်မာဘီလူး အတင်းဆွဲငင်ခေါ်ယူသွား၍ ကြာနီတောဂူထဲ ရောက်နေရလေသူ လုကင်ခေအတွက် အလွန်ပင် စိုးရိမ်စရာကောင်းလှသော အခြေအနေ ဆိုက်ရောက်နေလေပြီ။

ဟန်စစ်ဟိန် ကြာနီတောဂူထဲသို့ အမြန်ပြေးဝင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေဝင်ဖျိုးဖျ မှောင်ရီသန်းစအချိန်ဖြစ်သော်လည်း ပျားဖယောင်းတိုင်ကြီးတစ်တိုင် မီးထွန်းညှိစိုက်ထူထားသောကြောင့် ကြာနီတောဂူထဲတွင် လင်းလင်းကျင်းကျင်း ရှိနေသည်။ ဂူထဲရှိ မြင်ကွင်းများကို ကောင်းစွာ မြင်နိုင်တွေ့နိုင်သည်။

ဂူအလယ်ပိုင်းတစ်နေရာတွင် လုကင်ခေတစ်ယောက် အဝတ်အစားမရှိ ပင်ကိုသဘာဝ နဂိုပကတိအတိုင်း ပက်လက်စင်းစင်း ရှိနေသည်။ အနီးတွင် ဆံပင်စုတ်ဖွားဖွား၊ အရပ်မြင့်မြင့် ထောင်လောင်မောင်းမောင်း အဘိုးကြီးတစ်ယောက် ထိုင်နေသည်။

ထိုအဘိုးကြီးသည် ရက်စက်ရမ်းကားမှုများကို လက်မရွံ့ဘမ်း ကျူးလွန်နေသူ ယုတ်မာဘီလူးစန်းဝန်းနှာဖြစ်မည်ဟု ဟန်စစ်ဟိန် ချက်ချင်းသိလိုက်သည်။ ဟန်စစ်ဟိန်သည် ယုတ်မာဘီလူးကို အမည်ကြားဖူးရုံသာ ရှိသည်။ လူကိုယ်တိုင် တစ်ခါမျှ မတွေ့ဖူးပေ။

ဖြစ်ပျက်ခဲ့မှုများနှင့် ယခုတွေ့မြင်နေရသော အခြေအနေတို့အရ ထိုသို့ ချက်ချင်း အကဲခတ်သိရှိခြင်း ဖြစ်သည်။

ဂူအဝင်ဝနှင့် ခြေလှမ်းငါးလှမ်းခန့်အကွာတွင် ဆေးနီဖြင့်မျဉ်းကြောင်းတစ်ခု ဆွဲထားသည်။ စည်းတားထားသည့်သဘောမျိုးဖြစ်သည်။ ဆေးနီမျဉ်းကြောင်းပေါ်တွင် အမွှေးတိုင် ၉ တိုင် စီစီညီညီစိုက်ထားသည်။ မီးညှိထားသည့်အတွက် အမွှေးတိုင်တို့မှ အငွေ့လေးများ တလူလူ ထွက်နေသည်။



အမွှေးတိုင်တို့၏ ခပ်စူးစူးအနံ့ပြင်းသည် ကြာနီတောဂူထဲတွင် လွှမ်းမိုးသင်းထုံနေသည်။ အမွှေးတိုင်ငွေ့တို့သည် ရမ္မက်ဆန္ဒကိုပြင်းပြအောင်လှုံ့ဆော်နိုင်သည့် အာနိသင်ရှိနေကြောင်း ဆေးဝါးအတတ်ကျွမ်းကျင်သော ဟန်စစ်ဟိန် အကဲခတ်သိရှိသည်။

ယုတ်မာဘီလူးစန်းဝန်းနှာသည် သူဖမ်းခေါ်လာသော လုကင်ခေကို သွေးသားများ ဆူဝေလှုပ်ရှားနိုးကြွပြီး အသိစိတ်ပျော ျမည်
ကာ စိတ်ရိုင်းတွေ လွှမ်းခြုံလာအောင် ဆေးဝါးများ အကူအ ှမ်းဝင်
ဖန်တီးပြီး စိတ်ကြိုက်ပြုကျင့်ပျော်ပါးရန် သေသေချာချာ န် ဂူထဲ
ဆောင်နေကြောင်းကိုလည်း သဘောပေါက်နားလည်သည်။ ၁၀

ယုတ်မာရက်စက်လှသော ဤအစီအရင် လုပ်ဆောင်ချ
ကို့ကြောင့် ဟန်စစ်ဟိန်၏စိတ်ထဲတွင် ထောင်းခနဲ ဒေါသဖြစ်သည်။ ို့သော် ဆေးပညာလည်း တတ်မြောက်ပြီး ပင်ကိုအားဖြင့်လည်း ာည်ငြိမ်ရင့်ကျက်သော စိတ်နေသဘောထားရှိသည့် ဟန်စစ်ဟိန်သည် စိတ်လိုက်မာန်ပါ ကမူးရှူးထိုးမလုပ်။

သေသေချာချာ ချင့်ချိန်သုံးသပ်ကာ ဘယ်နည်းဘယ်ပုံ လု

www.burmeseclassic.com

www.burmeseclassic.com



ရှားလုပ်ဆောင်ရမည်ဆိုခြင်းကို စဉ်းစားရွေးချယ်သည်။

လုကင်ခေ၏ ကိုယ်ပေါ်တွင် ကြက်သီးဖုလေးများ ထကာ မွေးညင်းလေးတွေ ထိုးထိုးထောင်ဖြစ်လျက် ပန်းနုရောင်သန်းစပြု နေရာ သွေးသားများ ဆူဝေလျက် အာရုံတွေ နိုးကြွစပြုနေကြောင်း သိရှိနိုင်သည်။ သည်ထက် အခြေအနေ ပိုဆိုးမလာခင် ဝင်ရောက် ကယ်တင်ပေးမှ ဖြစ်ပေမည်။

စဉ်းစားရန်လည်း အချိန်သိပ်မရှိနိုင်တော့။ ယုတ်မာဘီလူး ထော်ညှိထားသော ရမ္မက်ဆန္ဒနိုးကြွအောင် စေ့ဆော်သည့် ဆေးဝါး

အာနိသင် သက်ရောက်မှု မိမိအပေါ် လွှမ်းမိုးကျရောက်ခြင်း

တမ်း ကျ ဟန်စစ်ဟိန်က ဖြေဆေးများ အမြန်သောက်သည်။ ပိတ်

ဟိန် ခည့် သွေးကြောကွက်များကို ခပ်သွက်သွက်ပိတ်သည်။

အမ ယုတ်မာဘီလူး၏ အခြေအနေကိုလည်း အကဲခတ်ကြည့်ရှု

သည်။ စန်းဝန်းနာသည် ဂူကြမ်းပြင်ပေါ်တွင် ပက်လက်စင်းစင်းကြီး ရှိနေသော လုကင်ခေကိုသာ မမှိတ်မသုန် ကြည့်ရှုနေသည်။ ဟန်စစ်ဟိန်ရှိရာ ဂူဝဘက်ကို ကျောပေးထားရာ တစ်ချက်ကလေးမျှပင် ငဲ့စောင်း၍မကြည့်။

သို့သော် မိမိဂူဝမှ ဝင်ရောက်လာကြောင်းကို သည်အတိုး



ကြီး သိနေသည်ဟုဆိုခြင်းကိုတော့ ဟန်စစ်ဟိန် သေသေချာချာ အကဲခတ်မိသည်။ အကြံအစည်တစ်ခုခုရှိ၍သာ မသိယောင်ဆောင်ကာ နေနေခြင်း ဖြစ်ပေလိမ့်မည်။

ယုတ်မာဘီလူးက မသိကျိုးကျွန် ပြုနေသော်လည်း ဟန်စစ်ဟိန်ကတော့ သည်အတိုင်း နေချိန်မရှိ။ အချိန်က အရမ်းတန်ဖိုးရှိနေပြီ။ နှောင့်နှေးလျှင် လုကင်ခေတစ်ယောက် ဒုက္ခကောင်းကောင်းတွေ့ပေတော့မည်။

ဘယ်လိုပဲဖြစ်ဖြစ် ယုတ်မာဘီလူးကို ရင်ဆိုင်တိုက်ခိုက်မည်ဟု ခိုင်မာစွာဆုံးဖြတ်ကာ ဂူထဲသို့ ဟန်စစ်ဟိန် လျှောက်လှမ်းဝင်လိုက်သည်။ စန်းဝန်းနာကတော့ ဘာမျှမလှုပ်ရှား။ ဟန်စစ်ဟိန် ဂူထဲဝင်လာသည်ကို အကြားစိုက်ခြင်းမရှိ။ လုကင်ခေ၏ ပင်ကိုသဘာဝ အလှအပများကိုသာ အနုလုံပဋိလုံ ရှုစားနေသည်။

ခပ်သွက်သွက် လျှောက်ကာဝင်လာသော ဟန်စစ်ဟိန် ခြေထောက်တစ်ဖက် ဆေးနီဖြင့်တားထားသော မျဉ်းကြောင်းကို နင်းဖြတ်ချိန်တွင် ယုတ်မာဘီလူးစန်းဝန်းနာက ညာဘက်လက်ကို အသာဝှေ့ယမ်းလိုက်သည်။

ထိုသို့ လှုပ်ရှားလိုက်သည်နှင့် ဆေးနီဖြင့် ရေးသားထား

www.burmeseclassic.com

www.burmeseclassic.com



သော စည်းကို ဖြတ်ကျော်မိသော ဟန်စစ်ဟိန်၏ခြေထောက်ကို အင်အားလှိုင်းတစ်ခု ရုတ်တရက် ရစ်ပတ်ဆွဲခါလာသည်။ ကျာပွတ်ရှည်ဖြင့် လှမ်းရိုက်၍ တုံ့ဆွဲခံလိုက်ရသလို ဖြစ်ကာ ဟန်စစ်ဟိန်၏ ခြေထောက်ကြွတက်သွားသည်။

ပက်လက်လန်လဲကျသွားမလို ရှိသွားပြီး ကမန်းကတန်းပင် ဟန်ချက်ကို ထိန်းသည့်အနေဖြင့် နောက်ကျွမ်းပစ်လိုက်ရသည်။ လဲပြိုမကျဘဲ ဂူကြမ်းပြင်ပေါ်တွင် ခြေထောက်နှစ်ဖက်ချကာ မားမားမတ်မတ် ရပ်လိုက်နိုင်သည်။ သို့သော် ဆေးနီဖြင့်ရေးသားထားသော စည်းကိုမူ မကျော်ဖြတ်နိုင်ပါ။

ဟန်စစ်ဟိန်ရင်ထဲ အတော်ပင် ထိတ်လန့်တုန်လှုပ်သည်။ ယုတ်မာဘီလူး၏ သိုင်းပညာစွမ်းရည် အတော်ကောင်းကြောင်း ဟန်စစ်ဟိန် သိထားသော်လည်း အတွင်းအား ဤမျှလောက် မြင့်မားနက်ရှိုင်းမည်ဟု မထင်ပေ။

ယုတ်မာဘီလူး၏ သိုင်းပညာနှင့် အတွင်းအားသည် ဟန်စစ်ဟိန် ထင်ထားသည်ထက် များစွာမြင့်မားထက်မြက်နေလေပြီး မိမိတစ်ယောက်တည်းအနေဖြင့် စန်းဝန်းနာကို ယှဉ်နိုင်ရန် မလွယ်ကြောင်းလည်း နားလည်သည်။



ဒါပေမဲ့ လုကင်ခေ အနိုင်ကျင့်စော်ကားခြင်းခံရမည့် အခြေအနေကိုတော့ ဟန်စစ်ဟိန် အနေဖြင့် ဘယ်လိုမျှ လျစ်လျူမရှုနိုင်။ သည်အတိုင်း ကြည့်မနေနိုင်။

အသက်သေခါမှ သေပေတော့။ အစွမ်းကုန် စွန့်စားကာ တိုက်ခိုက်ကာကွယ်ပေးရပေလိမ့်မည်။ ဟန်စစ်ဟိန်က ယုတ်မာဘီလူး၏ အခြေအနေကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။ အဘိုးကြီးသည် တုတ်တုတ်မျှမလှုပ်။ ဟန်စစ်ဟိန်ရှိရာသို့ ကျောပေးကာ လုံကင်ခေ၏ ဘေးနားတွင် ငြိမ်သက်စွာ ထိုင်မြဲထိုင်နေသည်။

ဟန်စစ်ဟိန်သည် အားမလျော့သေးဘဲ ဒုတိယအကြိမ်ကြိုးပမ်းသည့်အနေဖြင့် ဂူထဲသို့ ပြန်ဝင်ပြန်သည်။ ပထမအကြိမ်တုန်းကလိုပင် ဆေးနီဖြင့် ရေးသားထားသော စည်းကို ဖြတ်ကျော်မိသည်နှင့် သူခြေထောက်ကို အင်အားလှိုင်းတစ်ခု ရစ်ပတ်ပင့်တွန်းပစ်ခြင်းခံရပြန်သည်။ ဟန်စစ်ဟိန်က အတွင်းအားစုစည်းကာ တောင့်ခံဖို့ကြိုးစားသေးသည်။

မရပါ။ ရစ်ပတ်ပင့်တွန်းလာသော အင်အားလှိုင်းကို ဟန်စစ်ဟိန် ဘယ်လိုမျှ မအုပ်စိုးနိုင်၊ မကျော်လွှားနိုင်။ သူ၏ ခန္ဓာကိုယ်မှာ လေထဲသို့ မြောက်တက်ကာ လွင့်စဉ်ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေထဲတွင် ကျွမ်းနှစ်ပတ်ခန့်ထိုးလိုက်မှ သူ့အပေါ်ဖိနှိပ်ချုပ်ထိန်းထားသောအင်အားများ ပျက်ပြယ်သည်။ ဟန်ချက်ကို ပြန်ထိန်းနိုင်ကာ ဂူကြမ်းပြင်တွင် ခြေချရပ်မိသည်။

ဆေးနီဖြင့် ရေးဆွဲထားသော စည်းနှင့်တော့ အတန်ငယ်ကွာလှမ်းနေသည်။ စည်းကို ဘယ်လိုမျှ မဖြတ်ကျော်နိုင်။ ဒုတိယအကြိမ် ကြိုးပမ်းမှုလည်း မအောင်မြင်ပါ။

ဟန်စစ်ဟိန်သည် ဝါးဆူးလက်နက်ပုန်း သုံးခုကို ထုတ်ယူလိုက်သည်။ ဝါးရူးလက်နက်ပုန်းသည် ဝါးကို လက်တစ်ဆစ်အရှည်၊ မီးခြစ်ဆံသာသာ အလုံးအဝန်းဖြစ်အောင် သေသေသပ်သပ် ဆင်ယင်ပြုလုပ်ထားသည့် ဆူးစွယ်လေးများဖြစ်သည်။ သက်ရင့်ဝါး၏ အရင်းပိုင်း အဆစ်နေရာမှ ဖြတ်တောက်ပြုလုပ်ထားသည့်အတွက် အရွယ်အစားနှင့်ယှဉ်သော် အလေးချိန်အတော်စီးသည်။

အထွေအထူး အဆိပ်ထည့်မထားသော်လည်း သက်ရင့်ဝါးဆစ်၏ သဘာဝအလျောက် အားပြင်းပြင်းဖြင့် စူးနစ်ဝင်မိလျှင် အဆိပ်သင့်သည့်အသွင်လက္ခဏာမျိုး ဖြစ်စေသည်။ သွေးကြောကွက်နေရာတည့်တည့်ကို အားအင်အချိန်အဆ မှန်မှန်ပြင်းပြင်း ထိမိလျှင်မူ ထုံကျင်ခွေယိုင်သွားစေနိုင်သည်။ သတိလစ်မေ့မြောသွားစေ



နိုင်စွမ်းရှိသည်။

သူ့ကို ကျောခိုင်းကာထိုင်နေသော ယုတ်မာဘီလူးစန်းဝန်းနာထံသို့ ဝါးဆူးလက်နက်ပုန်း သုံးခုကို လမ်းကြောင်းသုံးခုခွဲကာ လက်ဆပြင်းပြင်းနှင့် ခပ်သွက်သွက် ပစ်လွှတ်လိုက်သည်။

'ဝှစ် ... ဝှစ် ... ဝှစ်'

ဟန်စစ်ဟိန် ပစ်လွှတ်လိုက်သော ဝါးဆူးလက်နက်ပုန်း သုံးခုသည် လေကိုခွင်းကာ အဟုန်ပြင်းပြင်းဖြင့် လွင့်စဉ်သွားသည်။

သို့သော် တစ်ခဏအတွင်းမှာပင် ဝါးဆူးလက်နက်ပုန်းသုံးခုကို့သည် လာရာလမ်းအတိုင်း နောက်ကြောင်းပြန်လှည့်သည်။ စန်းဝန်းနာရှိရာသို့ ဦးတည်မသွားတော့။ ပစ်လွှတ်လိုက်သူ ဟန်စစ်ဟိန်ထံသို့ ပြန်လည်ဦးတည်ဝင်လာကြသည်။

ထူးခြားဆန်းကျယ်သည့်အဖြစ်ကြောင့် ဟန်စစ်ဟိန် အံ့ဩတုန်လှုပ်သွားသည်။ အခြေအနေ ရုတ်ခြည်းပြောင်းလဲသွားမှုကို သိသည်တွင် ကမန်းကတန်းပင် ကိုယ်ကိုယိမ်းကာ နေရာပြောင်းရွှေ့လျက် ရှောင်တိမ်းသည်။

လက်မတင်လေးဟု ဆိုရမည်။ နောက်ကြောင်းပြန်လှည့်ကာ လမ်းကြောင်းသုံးခုခွဲ၍ ဝင်လာကြသော ဝါးဆူးလက်နက်ပုန်း

www.burmeseclassic.com

www.burmeseclassic.com



စုံးခုတို့ သီသီလေး ကပ်ကာ လွဲချော်သွားသည်။

'ဝုန်း .. ဝုန်း .. ဝုန်း'

ဟန်စစ်ဟိန်ကို မထိဘဲ ပွတ်ကာသီကာ လွဲချော်သွားသော ဝါးဆူးလက်နက်ပုန်း သုံးခုတို့သည် ဂူနံရံကို အားအင်ပြင်းပြင်းထိသည်။ အစိတ်စိတ်အမြွာမြွာ ကွဲကြေပျက်စီးကျသွားကြသည်။

ထိမှန်ခြင်းမရှိသော်လည်း သီသီလေးကပ်ကာ လွဲချော်သွားမှုတွင် အားပြင်းသော လေလှိုင်းအရှိန်အဟုန် အဟပ်ခံရမှုကြောင့် ဟန်စစ်ဟိန်အသားအရေပေါ်တွင် စပ်ဖျင်းဖျင်း ပူလောင်လောင် ခံစားလိုက်ရသည်။

"အင့် ဟှင့်ဟင့်"

လုကင်ခေ တိမ်မူးဖွယ်ရာ ညည်းသံလေးပြုကာ တစ်ချက်လူးလွန့်သည်။ ဆေးအာနိသင်တို့ ကောင်းကောင်းအစွမ်းပြပေပြီ။ သည်အချိန်အခါကို စောင့်ဆိုင်းနေသော ယုတ်မာဘီလူး စန်းဝန်းနှာ ကျေနပ်စွာ ပြုံးသည်။

အထူးမွမ်းမံပြင်ဆင်ထားသော စားသောက်ပိုင်းကို အားရပါးရ စားသောက်ရန်သာ ရှိတော့သည်မို့ ထိုင်နေရာမှ ထသည်။

ဆေးအစွမ်းကြောင့် သိစိတ်တွေ ပျောက်ကာ တစ်ကိုယ်လုံး



ရှိ သွေးကြောအားလုံး ဆူဝေတက်ကြွနေသော လုကင်ခေကလည်း အလိုက်သင့် ဖိတ်ခေါ်သော ကိုယ်နေဟန်ထား ပြုသည်။

စန်းဝန်းနှာက စိတ်ဆင်ရိုင်းကို ချုန်းဖွင့်ကာ လွှတ်တော့မည် အပြုတွင် ...

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



'ရှီး ဟီးဟီး .. ရှီးရှီး .. ဟီးဟီးဟီး'

ထူးဆန်းသော အချက်ပေးသံတစ်ခု အဝေးဆီကနေ ပျံ့လွင့်လာသည်။

သိပ်မကျယ်လှပါ။

သို့သော် အတွင်းအားနက်ရှိုင်းစွာပါသောအသံက ကျစ်လျစ်သည်။

ယုတ်မာဘီလူး စန်းဝန်းနာ၏ နားစည်ကို အားအင်ရှိရှိ ရိုက်ခတ်သည်။

မုန်ပိုသောဆင်ရိုင်းလို ဖြစ်နေသော စန်းဝန်းနာ၏ကိုယ်ဆတ်ခနဲပင် တုန်သည်။ လှုပ်ရှားတော့မည့်အသွင်မှ ကျောက်ရုပ်လို ငြိမ်သွားသည်။

"ရှောင်လင်ဂိုဏ်း ရောက်လာပြီလား"

စန်းဝန်းနာ၏စိတ်ထဲမှ ကျိတ်ကာ ရေရွတ်တော့ပုပန်သည်။ ကြားရသောအသံသည် ရှောင်လင်ဂိုဏ်းချုပ်ကြီး၏ အရေးပေါ် အ



ချက်ပေးသံ ဖြစ်မည်လားဟု ထင်မိသည်။

'တူတူ .. တူတူ .. တူတူ'

တစ်ဆက်တည်းမှာပင် ဂူတန်ဂိုဏ်းအချက်ပေး ခရာသံဟု ထင်ရသည့်အသံများ ပေါ်လာပြန်သည်။

အသံများသည် ခပ်တိုးတိုး ခပ်သဲ့သဲ့မျှသာဖြစ်ရာ အကယ်၍ ရှောင်လင်ဂိုဏ်းနှင့် ဂူတန်ဂိုဏ်းတို့ သိုင်းသမားများ ရောက်လာကြသည့်တိုင် အတော်အလှမ်းဝေးဝေး တွင် ရှိနေကြပေဦးမည်။

သည်နေရာသို့ ချက်ချင်းတော့ ရောက်မလာနိုင်ပါ။ သို့သော် အကျဉ်းချုပ်နှောင်ထားရာမှ လွတ်မြောက်ထွက်ပြေးလာခဲ့သူ စန်းဝန်းနာ အနေဖြင့် ပြန်လည်အဖမ်းခံရမည့် အခြေအနေကို နည်းနည်းလေးမျှ ရင်မဆိုင်ချင်။

ရှောင်လင်ဂိုဏ်းနှင့် ဂူတန်ဂိုဏ်းမှ သိုင်းသမားများ ရောက်လာနိုင်သော်လည်း သံသယဖြစ်ဖွယ်အခြေအနေရှိကြောင်း တွေးဆမိသည်နှင့် ထိုနေရာတွင် ဆက်နေဖို့ စိတ်မကူးတော့။

သူ့အတွက် အရန်သင့်ရှိနေသော လုကင်ခေမိန်းမချောကိုလည်း စိတ်မဝင်စားတော့။ လုကင်ခေကို အရယူသိမ်းပိုက်ရန် ပြင်ဆင်သော ခြေလှမ်းလည်း ရှေ့မတိုးတော့။

www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာဘီလူး စန်းဝန်းနာတစ်ယောက် ကြာနီတောဂူထဲမှ လေပွေ၏အရှိန်အဟုန်မျိုးဖြင့် သုတ်ခြေတင်ကာ ထွက်ပြေးသွားလေတော့သည်။

လုကင်ခေတစ်ယောက် စန်းဝန်းနာ၏ ယုတ်မာလှသော စက်ကွင်းတွင် သက်ဆင်းကျရောက်ရမည်ကို မည်သို့မျှ ကူညီကာကွယ်ပေးခြင်း မပြုနိုင်ဘဲ သည်အတိုင်း ကြည့်နေရမလို ရှိနေသော ဟန်စစ်ဟိန်မှာ ဘယ်လိုမှမထင်မှတ်ဘဲ ရုတ်တရက် ပြောင်းလဲသွားသောအခြေအနေကြောင့် အလွန်အမင်း အံ့သြသွားသည်။

ယုတ်မာဘီလူး စန်းဝန်းနာတစ်ယောက် ဘာကြောင့် သေမင်းနှင့်ရင်ဆိုင်တွေ့ရသလို ကမူးရှူးထိုး ထွက်ပြေးသွားရသည်ဆိုခြင်းကို ဘယ်လိုမျှ မစဉ်းစားတတ်။

တဒင်္ဂမျှပင် ကြက်သေသေသွားမိလေသေးသည်။

"အင့် ဟင့်"

လုကင်ခေ၏ အံကြိတ်မြည်တမ်းလိုက်သည့် အသံလေးကြောင့် မှင်တက်မိသလို ဖြစ်နေသော ဟန်စစ်ဟိန် အသိပြန်ဝင်လာသည်။ လုကင်ခေရှိရာသို့ ကမန်းကတန်း ပြေးဝင်သည်။

စိတ်အာရုံထွေပြား လှုပ်ရှားနေရာ လုကင်ခေတစ်ယောက်



အဝတ်စားမရှိ၊ သဘာဝပင်ကိုအလှအပအတိုင်း ဖြစ်လျက် ရမ္မက်ဆန္ဒ ပြင်းပြထက်သန်စေသော ဆေးများမိနေကြောင်းကိုပင် သတိမမူမိတော့။

ယုတ်မာဘီလူး စန်းဝန်းနာမရှိတော့သောကြောင့် သူတားထားသော စည်းကလည်း ဟန်စစ်ဟိန်ကို တားဆီးခြင်းမပြုတော့။ စည်းကို အလွယ်ပင် ဖြတ်ကျော်လျက် လုကင်ခေ၏အနီးသို့ ဟန်စစ်ဟိန် ရောက်ရှိသွားသည်။

စန်းဝန်းနာ၏ အောက်တန်းကျပြီး ယုတ်မာပက်စက်လှသော ဆေးမိနေသည့် လုကင်ခေမှာ သိစိတ် လုံးဝပျောက်ကာ သွေးတွေဆူဝေလျက် အရူးအမူး ဖြစ်နေသည်။ ပေါက်ကွဲလုလု မီးတောင်တစ်လုံး၏ အခြေအနေမျိုးပင် ရှိနေသည်။ အရှက်အကြောက်လည်း ကင်းနေပြီး ဆင်ခြင်တုံတရားလည်း ပျောက်နေပြီ။ စောင့်စည်းရမည့် ဣန္ဒြေနှင့်သိက္ခာတို့ကိုလည်း မသိတော့။

ရင်တလှပ်လှပ်ဖိုကာ စိတ်ရိုင်းစိတ်မိုက်တို့က တစ်ကိုယ်လုံးကို လွှမ်းမိုးနေသည်။ လုကင်ခေသည် သူ့အနီးသို့ ချဉ်းကပ်ရောက်လာသော ဟန်စစ်ဟိန်ကို ဆီး၍ ပွေ့ဖက်လိုက်သည်။ ဟန်စစ်ဟိန်မှာပင် ဟန်ချက်ကို မထိန်းနိုင်၊ လုကင်ခေ သိုင်းဖက်ရာသို့ ပါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ဖက်လျက်သား လဲကျသည်။

လုကင်ခေမှာ အသက်ရှူ အရမ်းပြင်းနေသည်၊ ရင်ခုန်သံ အရမ်းမြန်နေသည်။ သူမ၏စိတ်ထဲတွင် တစ်စုံတစ်ရာကို လိုလား တပ်မက်လွန်းစွာ တမ်းတနေသည်။ သူမနှင့် ဖက်လျက်သား ပူးပူး ကပ်ကပ် ရှိနေသော ဟန်စစ်ဟိန်၏ကိုယ်ပေါ်မှ အဝတ်အစားများကို အတင်းပင် ဆွဲဖယ်သည်၊ ဆုတ်ဖြဲပစ်သည်။

မမျှော်လင့်သောအဖြစ်နှင့် ရုတ်တရက် ရင်ဆိုင်တိုးရလေ သော ဟန်စစ်ဟိန်မှာလည်း ဘာလုပ်ရမည်ကိုမသိတော့။

☆ ☆ ☆

BURMESE CLASSIC .com



မြွေဖြူစမ်းချောင်းဘက်မှ အရေးပေါ်အချက်ပေးမီးကျည် တစ်ခု ကောင်းကင်သို့ ထိုးတက်လာသည်ကို တွေ့ရတော့ မိမိတွေးပူ မိသလိုပင် ယုတ်မာဘီလူးစန်းဝန်းနှာ ထိုနေရာသို့ရောက်နေကြောင်း ဝါးစိမ်းကိုယ်တော် နားလည်လိုက်သည်။

အန္တရာယ် အခြေအနေ ကျရောက်နေသည်မို့ ဝါးစိမ်းကိုယ် တော်လည်း ကောင်းမိုးချိုကိုပါ အတူခေါ်ကာ မြွေဖြူစမ်းချောင်း ဘက်သို့ အမြန်လိုက်သည်။

စမ်းချောင်းသို့ရောက်ကြသောအခါ ချင်လီနိဝေနှင့်ဆုံကာ ဖြစ်ပျက်ပုံများကို သိရှိကြသည်။

သိုင်းလောကအတွေ့အကြုံ ရင့်ကျက်ပြီး ပရိယာယ်ကြွယ်ဝ သော ဝါးစိမ်းကိုယ်တော်သည် သူကြားသိထားဖူးသော ရှောင်လင် ဂိုဏ်း၏ အချက်ပေးလေချွန်သံနှင့် ဂူတန်ဂိုဏ်း၏ အချက်ပေးခရာသံ တို့နှင့် တူနိုင်သမျှ အတူဆုံးသောအသံတုအချက်ပေးမှုများကို ပြု လုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းချုပ်နှောင်ထားရာမှ လွတ်မြောက်ထွက်ပြေးလာသော စန်းဝန်းနာသည် ထိုအသံများကို ကြားလျှင် ရှောင်လင်ဂိုဏ်းအချက်ပေး လေချွန်သံနှင့် ဂူတန်ဂိုဏ်း၏ အချက်ပေးခရာသံများဖြစ်လေမည်လားဟု ထင်မှတ်ကာ စိတ်လှုပ်ရှားကြောက်လန့်ပြီး ဝေးရာသို့ အမြန်ရှောင် ထွက်သွားစေဖို့ ရည်ရွယ်သည်။

ဝါးစိမ်းကိုယ်တော်၏ ထိုအကြံကောင်း ထိရောက်အောင်မြင်သည်ဟု ဆိုရမည်။ ဝါးစိမ်းကိုယ်တော် ဖန်တီးလိုက်သော အသံတုများက ယုတ်မာဘီလူး စန်းဝန်းနာကို ကောင်းကောင်း ခြောက်လှန့်နိုင်သည်။

လုကင်ခေကို အနိုင်ကျင့်စော်ကားလုဆဲဆဲ အခြေအနေတွင်ရှိနေရာမှ စန်းဝန်းနာ အလန့်တကြားပင် ရှောင်တိမ်းထွက်ပြေးသွားသည်။

လုကင်ခေမှာလည်း ရေတိမ်နစ်လုဆဲဆဲမှ လက်မတင်ကလေး လွတ်မြောက်ခဲ့ရသည်။ ဝါးစိမ်းကိုယ်တော်သည် သစ်ပင်မြင့်ကြီးထက်တွင် ရောက်နေသော ချင်လိန်ဝေကို အောက်သို့ပြန်ချပေးသည်။ ထို့နောက် သုံးယောက်သား ကြာနီတောဂူ ရှိရာသို့ လိုက်ကြလေသည်။



ချင်လိန်ဝေမှာ ဒဏ်ရာရထားသော်လည်း ချစ်ရသူ လုကင်ခေတစ်ယောက် အန္တရာယ်ဆိုးကြုံနေရမှုအတွက် အကြီးအကျယ် စိုးရိမ်ပူပန်သည့်စိတ်က စေ့ဆော်မှုကြောင့် ဝါးစိမ်းကိုယ်တော်နှင့်ကောင်းမိုးချိုတို့နောက်တွင်ကျန်မနေဘဲ သွက်သွက်မြန်မြန် လျှောက်လှမ်းလိုက်ပါလာနိုင်ခဲ့သည်။

ကြာနီတောဂူသို့ သွားရာလမ်းတွင် လုကင်ခေ၏ အဝတ်အစား အစုတ်အပြဲ အစအနများကို မြင်ရသည်တွင် ချင်လိန်ဝေ၏ စိုးရိမ်ပူပန်စိတ် ငယ်ထိပ်သို့ရောက်သည်။

စိတ်ဆောင်တာကြောင့် ခြေလှမ်းတို့ ပိုသွက်ပိုမြန်သည်။ ဝါးစိမ်းကိုယ်တော်နှင့် ကောင်းမိုးချိုတို့၏ရှေ့သို့ပင် ကျော်၍ရောက်သည်။

"ငါလုပ်လိုက်တဲ့ ရှောင်လင်ဂိုဏ်းနဲ့ ဂူတန်းဂိုဏ်းတို့ရဲ့ အချက်ပေးသံတွေကို အစစ်ထင်ပြီး စန်းဝန်းနာ ရှောင်တိမ်းထွက်ပြေးသွားလောက်ပါပြီ၊ သိပ်လည်း စိုးရိမ်မနေပါနဲ့လေ"

ဝါးစိမ်းကိုယ်တော်က ဖြေသိမ့်စကား ဆိုသော်လည်း ချင်လိန်ဝေ စိတ်မလျှော့ဘဲရှိနေရာ ခြေလှမ်းများ သွက်နေသည်။

ဤသို့ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



ကြာနီတောဂူသို့ရောက်သောအခါတွင် ချင်လိန်ဝေက ရှေ့ဆုံးမှ အရင်ဆုံး ပြေးဝင်ကာ ကောင်းမိုးချိုက ချင်လိန်ဝေ၏နောက်မှ ကပ်၍ပါလာသည်။ ဝါးစိမ်းကိုယ်တော်မှာမူ နောက်ဆုံးမှ ဝင်ရောက်လာသည်။

☆ ☆ ☆

BURMESE CLASSIC .com



"ဟာ"

ကြာနီတောဂူထဲသို့ ရှေ့ဆုံးမှ အပြေးအလွှား ဝင်ရောက်လာသော ချင်လိန်ဝေ ခြေထောက်များ တုံ့ဆွဲခံလိုက်ရသကဲ့သို့ တုံ့ခနဲရပ်ပြီး ပါးစပ်ကလည်း အံ့သြတုန်လှုပ်စွာ ရေရွတ်သည်။

"အလို"

ချင်လိန်ဝေ၏နောက်မှ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဝင်ရောက်လာသော ကောင်းမိုးချိုလည်း ခြေလှမ်းတုံ့ရပ်ပြီး တအံ့တသြ အာမေဋိတ်သံ ပြုမိသည်။

ချင်လိန်ဝေနှင့်ကောင်းမိုးချိုတို့ နှစ်ယောက် အံ့သြတုန်လှုပ်သွားရလောက်အောင် တွေ့မြင်လိုက်ကြရသည်မှာတော့ ဂူ၏အလယ်ပိုင်းတွင် လုကင်ခေနှင့် ဟန်စစ်ဟိန်တို့နှစ်ယောက် ပွေ့ဖက်လူးလိမ့်နေကြခြင်းပင်။

လုကင်ခေက အဝတ်အစားမရှိ။ ပင်ကိုသဘာဝအလှအ... တို့က အဖွေးသား၊ အရှင်းသား။ ဟန်စစ်ဟိန်က အဝတ်အစား မရှိ

www.burmeseclassic.com

www.burmeseclassic.com



ဖရဲနှင့်။

ဝါးစိမ်းကိုယ်တော် ဂူထဲဝင်လာသောအခါတွင်တော့ လုကင်ခေနှင့် ဟန်စစ်ဟိန်တို့ ပွေ့ဖက်လူးလိမ့်နေမှု ရပ်တန့်သည်။ ဟန်စစ်ဟိန်က ဝေါက်ခနဲ ထရပ်လာသည်။

"ဒါ ... ဒါက ဘာဖြစ်နေတာလဲ"

စိတ်မြန်သော ကောင်းမိုးချိုက အသံကုန်ခြစ်ကာ အော်ဟစ်မေးမြန်းရင်း ဟန်စစ်ဟိန်ထံ ပြေးသွားသည်။ ဟန်စစ်ဟိန်မှာ ချွေးတွေအရွှဲသားထွက်ကာ အသက်ရှူလည်း မမှန်။ ဟောဟဲ ဟောဟဲ ဖြစ်နေသည်။ ကောင်းမိုးချိုမေးသည်ကို ပြန်မဖြေနိုင်။ စကားပင် ပြောမထွက်နိုင်။

"တောက် ... လူယုတ်မာ"

စိတ်မြန်စိတ်ဆတ်လှသူ ကောင်းမိုးချိုက ဒေါသတကြီး ပြောပြီး ညာလက်ဝါးဖြင့် ဟန်စစ်ဟိန်၏ ဘယ်ဘက်ပါးကို ဖြတ်ရိုက်သည်။

'ဖြန်း'

ရိုက်ချက်ပြင်းသည်။ ဟန်စစ်ဟိန်၏ခေါင်း လည်ထွက်သွားသည်။ လူလည်း ယိမ်းယိုင်သည်။ ဘာဖြေရှင်းမှုမျှ မလုပ်နိုင်။



ကောင်းမိုးချိုသည် ဟန်စစ်ဟိန်၏ပါးကို ရိုက်ပြီးနောက် ဂူပြင်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားသည်။

BURMESE CLASSIC .com

"မိုးချို ... ဟိုပြေးသည်ပြေး လုပ်မနေနဲ့ အန္တရာယ်ရှိတယ်"

ဝါးစိမ်းကိုယ်တော်က အသံမာမာနှင့် သတိပေးဟန့်တားလိုက်ရာ ကောင်းမိုးချို ဂူဝနားတွင် တုံ့ရပ်သွားသည်။ ဂူပြင်သို့ရောက်အောင် ဆက်ပြေးထွက်မသွားတော့သော်လည်း ဂူထဲသို့တော့ ပြန်ဝင်မလာ။ ဂူအတွင်းဘက်ကို ကျောခိုင်းလျက် ဂူဝနားတွင် ရပ်နေသည်။

ကောင်းမိုးချိုကို ဟန့်တားပြီးနောက် ဝါးစိမ်းကိုယ်တော်သည် သူ၏ အပြင်ဝတ် ဝတ်ရုံရှည်ကြီးကို ချွတ်ကာ ပင်ကိုသဘာဝအတိုင်း ရှိနေလေသော လုကင်ခေ၏ကိုယ်ပေါ်တွင် အသာလွှမ်းအုပ်ပေးလိုက်သည်။

ငေးကြောင်ကြည့်နေသော ချင်လိန်ဝေမှာလည်း ယခုမှ သတိဝင်လာသလိုဖြစ်ကာ လုကင်ခေအနီးသို့ အပြေးချဉ်းကပ်လာသည်။ လုကင်ခေ မလှုပ်မယှက် ငြိမ်သက်စွာရှိနေသည်ကို တွေ့ရသည်။

"ဆရာ ... သူ ဘယ်လိုဖြစ်တာလဲ၊ သတိလစ်နေတာလား၊

www.burmeseclassic.com

www.burmeseclassic.com



အသက်မှ ရှိသေးရဲ့လား”

ချင်လိန်ဝေက ဝါးစိမ်းကိုယ်တော်ကို အလန့်တကြား မေးလေသည်။

“သတိလစ်နေတာ မဟုတ်ပါဘူး၊ သူ့မှာမိနေတဲ့ ဆေးအာနိသင်တွေ ပြယ်သွားအောင် ဟန်စစ်ဟိန်က ကုသဖြေဖယ်ပေးထားတာကြောင့် အိပ်ပျော်နေတာပါ။ သူ ကောင်းကောင်းအိပ်ပါစေ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားပြီး ပြန်နိုးလာရင် သူ အကောင်းပကတိ ပြန်ဖြစ်လာမှာပါ”

အတွေ့အကြုံ ကြွယ်ဝသော ဝါးစိမ်းကိုယ်တော်က ဘယ်လိုဖြစ်ပျက်ခဲ့သည်ကို မှန်းဆသိရှိသောကြောင့် လေသံအေးအေးဖြင့် ရှင်းပြလိုက်သည်။

ဝါးစိမ်းကိုယ်တော်၏ မှန်းဆတွေးတောမှုသည် တကယ့်ဖြစ်ရပ်နှင့် တစ်ထပ်တည်းကျအောင်ပင် မှန်ကန်သည်။

ယုတ်မာဘီလူးက ဆေးတိုက်ကျွေးပြီး အကြောများကိုလည်း ထိုးဆွပေးထားမှုကြောင့် သိစိတ်ပျောက်အောင်ပင် သွေးများဆူဝေကာ ဆန္ဒရမ္မက် ပေါက်ကွဲပြင်းထန်နေသော လုကင်ခေကို ဟန်စစ်ဟိန်က အရေးပေါ် ကုသပေးမှု လုပ်ပေးခဲ့သည်။



စိတ်ရိုင်းစိတ်မိုက်တွေ ထိန်းမနိုင်သိမ်းမရအောင် နိုးကြွနေလေသော လုကင်ခေသည် ဟန်စစ်ဟိန်ကို အတင်းပွေ့ဖက်ကာ အငမ်းမရ သောင်းကျန်းကာ လုံးလားထွေးလားပြုနေရာ ဟန်စစ်ဟိန်မှာ လုကင်ခေ၏အကြောများကို ထိုးပိတ်၍ လျှော့ခြင်း၊ ဖြေဆေးတိုက်ကျွေးခြင်းတို့ကို မနည်းကြီးပင် ကြိုးစားပမ်းစား လုပ်ခဲ့ရသည်။

ဂူထဲသို့ ချင်လိန်ဝေနှင့် ကောင်းမိုးချိုတို့ ဝင်ရောက်လာချိန်တွင် အမြင်မတော်ဖွယ်ရာ အခြေအနေတွေ တွေ့မြင်ခဲ့ရခြင်း ဖြစ်သည်။

ဟန်စစ်ဟိန်သည် သွေးကြောများဆိုင်ရာ ဆေးဝါးကုသခြင်းအတတ်ပညာကို အတော်ပင် ပိုင်နိုင်ကျွမ်းကျင်လျက် မိမိ၏စိတ်ကိုလည်း ကောင်းစွာထိန်းချုပ်နိုင်စွမ်းရှိသာကြောင့်သာ လုကင်ခေကို အောင်မြင်စွာ ကုသဆေးဖြေပေးနိုင်ခြင်း ဖြစ်သည်။

ယခုမူ ဟန်စစ်ဟိန်၏ ကြိုးစားကုသမှုကြောင့် လုကင်ခေကို လွှမ်းမိုးထားသောဆေးအာနိသင်များ လျော့ပါးကာ ပုံမှန်အနေ ထားနီးပါးရှိလျက် အခြေအနေ ကောင်းမွန်နေပေပြီ။

စိတ်မြန်စိတ်ဆတ်သော ကောင်းမိုးချိုကတော့ မြင်လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည့် မဖွယ်မရာမြင်ကွင်းကြောင့် ဒေါမာန်ပွား အထင်လွဲလျက် ဟန်စစ်ဟိန်ကို ပါးရိုက်နားရိုက်ပင် စိတ်ထင်တိုင်း ပြုမိလေသည်။

ယခု အခြေအနေမှန်ကို သိရှိနားလည်ရသော်လည်း ကောင်းမိုးချို၏ စိတ်အာရုံထဲတွင်တော့ ဟန်စစ်ဟိန်နှင့်လုကင်ခေတို့၏ မဖွယ်မရာဖြစ်နေခဲ့ကြပုံမြင်ကွင်းတွေက မပျောက်။ နက်ရှိုင်းစွာ စွဲထင်နေသည်။ မကျေနပ်စိတ်များကလည်း ထုထည်ကြီးစွာပင် ရှိနေဆဲ။

ဝါးစိမ်းကိုယ်တော်သည် လုကင်ခေစိတ်နှင့် သွေးသားများ ငြိမ်သက်အေးချမ်းရေးအတွက် အထောက်အကူပြုစေမည့် ဖြည့်စွက် အပ်စိုက်ကုသမှုများ လုပ်ပေးသည်။

စိတ်မငြိမ်နိုင်သေးဘဲ ရှိနေသူ ကောင်းမိုးချိုသည် ဂူအတွင်းဘက်ကို ကျောခိုင်းကာ ဂူဝနားတွင် ရပ်မြဲရပ်နေရာ ချင်လိန်ဝေက လာရောက်ချော့မော့ခေါ် ယူသည်။

"လုကင်ခေ အိပ်ပျော်ရာက နိုးလာတဲ့အထိ စောင့်နေကြရမှာ၊ ဒီလိုမျိုး ဂူဝမှာရပ်နေရင် မိုးချို ပင်ပန်းနေမှာပေါ့၊ ဂူထဲမှာလာပြီး သက်သောင့်သက်သာ နေပါလား"

စိတ်ဆတ်ပြီး ဒေါသကြီးသော ကောင်းမိုးချိုသည် အချော့



အမော့ကိုလည်း အတော်ပင် သဘောကျသည်။

သို့သော် ယခု လာ ရောက်ချော့မော့ဖြေသိမ့်သူမှာ သူ့ချစ်သူ ဟန်စစ်ဟိန်မဟုတ်ဘဲ သိုင်းပညာ အတူသင်ဖက် သွေးသောက် အစ်ကိုတော်ဖြစ်နေသော ကြောင့် ကောင်းမိုးချိုအတွက် အောင့်သက်သက် ဖြစ်နေသည်။

ဟန်စစ်ဟိန်မှာ ဝါးစိမ်းကိုယ်တော်၏ အပ်စိုက်ကုသပေးမှုများကို လက်တွေ့သင်ခန်းစာအဖြစ် အနီးကပ် ကြည့်ရှုလေ့လာနေပေရာ ကောင်းမိုးချိုကို လာမချော့နိုင်သေးပေ။

ဲ စိတ်ဆတ် စိတ်တိုပြီး စိတ်ကောက်တတ်သော ဆယ်ကျော်သက်အရွယ် မိန်းမပျိုလေးများ၏ ထူးဆန်းသော အကျင့်စရိုက်အတိုင်း မိမိချစ်သူ ဟန်စစ်ဟိန်အပေါ် အကြီးအကျယ် မကျေနပ်ဖြစ်နေလေသော ကောင်းမိုးချိုသည် သူကို ကြင်နာအလေးထားကာ ဖြေသိမ့်ချော့မော့လာသော ချင်လိန်ဝေကို အခွင့်အရေးပေးကာ အရေးတယူ ပြုလေတော့သည်။

"ဟုတ်ကဲ့ ... အစ်ကိုချင်ပြောသလိုပါပဲ၊ ကျွန်မ ဂူထဲဝင်ပြီး အေးဆေးသက်သာ နေပါတော့မယ်ရှင်"

ကောင်းမိုးချိုက မူနွဲ့သံမျိုး အသံလွင်လွင်ဖြင့် ပြော

www.burmeseclassic.com

www.burmeseclassic.com



ကာ ဂူအတွင်းဘက်သို့ ပြန်ဝင်သည်။ အမှတ်မထင်လိုလို ချင်လိန်ဝေ၏ ညာဘက်လက်ကို ဆုပ်ကိုင်တွဲခိုသည်။

ချင်လိန်ဝေမှာ သူ့ချစ်သူ လုကင်ခေနှင့်ပင် ရင်းရင်းနှီးနှီး ပူးပူးကပ်ကပ် မနေဖူးခဲ့ပေ။ စောင့်စည်းအပ်သော ထုံးတမ်းစဉ်လာ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာကာ ထိန်းထိန်းသိမ်းသိမ်း နေခဲ့သည်။

ယခု ကောင်းမိုးချို့နှင့် ပူးပူးကပ်ကပ်ရှိသွားသောအခါ လူပျိုလူရွယ်တို့၏သဘောသဘာဝအတိုင်း ပူထူမိန်းရှိန်းကာ ရင်ခုန်စိတ်လှုပ်ရှားမိသည်။ ကောင်းမိုးချို့လည်း အလားတူစိတ်လှုပ်ရှားမှုမျိုး ခံစားရလေသည်။

ဝါးစိမ်းကိုယ်တော်၊ ဟန်စစ်ဟိန်၊ ချင်လိန်ဝေနှင့် ကောင်းမိုးချို့တို့ လေးယောက်သည် ဆေးမိနေရာမှ ပျက်ပြယ်စပြုနေသော လုကင်ခေ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်အနားယူနိုင်စေရန် သတိရှိရှိဖြင့် စောင့်ကြပ်ပေးနေကြသည်။

ယုတ်မာဘီလူး စန်းဝန်းနာ၏ အန္တရာယ်မှ လုံးဝကင်းလွတ်ပြီဟု စိတ်ဒုန်းဒုန်းချနိုင်သော အခြေအနေလည်း မရှိသည့်အတွက် အလှည့်ကျကင်းစောင့်မှုမျိုး မနေပြုကြဘဲ လေးယောက်လုံး နိုးနိုး



ကြားကြားနှင့် စောင့်ကြပ်ပေးကြသည်။

စန်းဝန်းနာ တစ်ကြော့ပြန်ရောက်ရှိလာလျှင် လေးယောက်ပူးပေါင်းကာ စွမ်းစွမ်းတမံ ရင်ဆိုင်တိုက်ခိုက်ရန်လည်း အထွေအထူး ညှိနှိုင်းတိုင်ပင်ကြခြင်း မရှိကြစေကာမူ မိမိတို့၏အသိစိတ်ဖြင့် အသင့်ပြင်ဆင်ထားကြသည်။

ယုတ်မာဘီလူး စန်းဝန်းနာ ကြာနီတောဂူသို့ တစ်ကြော့ပြန်ရောက်လာခြင်း မရှိပါ။

လုကင်ခေမှာမူ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေခဲ့ရာ နောက်တစ်နေ့ မိုးစင်စင်လင်းမှပင် အိပ်ပျော်နေရာမှ နိုးထလာသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



လုကင်ခေ အိပ်ပျော်နေရာမှ နိုးထလာပြီးသောအခါ သူတို့လူစု လိဟန်ဘုံကျောင်းသို့ ပြန်ခဲ့ကြသည်။ ဖြစ်ပျက်ပုံများကို အရိပ်အမြွက်မျှသာ ပြောပြခဲ့ကြသော်လည်း အကင်းပါး၍ ဉာဏ်ကောင်းသော လုကင်ခေကမူ မိမိဘယ်လိုမျိုးအခြေအနေထိ ရောက်ခဲ့ရသည်မှန်း ချက်ချင်း နားလည်သဘောပေါက်သည်။

မိမိ ဆေးမိကာ သွေးသားများ ဆူဝေကာ စိတ်ဆန္ဒနိုးကြားတက်ကြွခဲ့စဉ်က ဟန်စစ်ဟိန်နှင့် ဆုံတွေ့ဖြစ်ပျက်ခဲ့ပုံများသည် လုကင်ခေ၏ စိတ်ထဲတွင် စွဲထင်နေရာ ဘယ်လိုမျှ ပြေပျောက်ခြင်းမရှိ။

မိမိစိတ်ဆင်ရိုင်းကြောင့် မဆင်မခြင်ပြုမူခဲ့ပုံများအတွက် လုကင်ခေ တွေးမိတိုင်း ရှက်ကြောက်နေသည်။ အထူးသဖြင့် ဟန်စစ်ဟိန်ကို မျက်နှာချင်းပင် မဆိုင်ရဲ။ ဟန်စစ်ဟိန်နှင့်ဆုံမိတိုင်း လုကင်ခေ ရှက်စနိုးဖြင့် စိတ်လှုပ်ရှားနေရသည်။

ဤအရေးကိစ္စများ ဖြစ်ပေါ်ခဲ့ပြီးနောက် ပထမရသေ့ ဘုံကျောင်းရှိ ဝါးစိမ်းကိုယ်တော်၏ တပည့်လေး[illegible]ာက်တို့၏ အခြေ



အနေတို့သည်လည်း ထူးထူးခြားခြားပင် ပြောင်းလဲ၍ သွားခဲ့သည်။

မိမိနှင့်လုကင်ခေတို့၏ မဖွယ်မရာအနေအထားကို ကောင်းမိုးချိုတို့ တွေ့မြင်သွားခဲ့သည့်အတွက် ဟန်စစ်ဟိန်မှာ များစွာ ရှက်ရွံ့နေသည်။ ကိုယ့်လိပ်ပြာ ကိုယ်မလုံသလို ဖြစ်ကာ ကောင်းမိုးချို၊ ချင်လိန်ဝေတို့ကို မျက်နှာချင်းမဆိုင်ရဲတော့။ တတ်နိုင်သမျှ လူချင်းမဆုံမိရလေအောင် ရှောင်နေသည်။

လုကင်ခေကမူ မိမိ၏ဘဝ ညစ်နွမ်းရေတိမ်နစ်ခံရတော့မည့်အခြေအနေမှ ကယ်တင်ပေးခဲ့သူအဖြစ် ဟန်စစ်ဟိန်ကို အထူးကျေးဇူးတင်မိသည်။ မိမိ၏အရှက်နှင့်ဂုဏ်သိက္ခာကို ကာကွယ်ပေးခဲ့သူအပေါ် အရေးတယူပြုတတ်သော မိန်းကလေးတို့၏သဘာဝအတိုင်း ဟန်စစ်ဟိန်ကို အလူးလေးစားစွာ ခင်ခင်မင်မင် ဆက်ဆံသည်။

မိမိကို ခပ်ရှောင်ရှောင်လုပ်ကာ လုကင်ခေနှင့်တော့ ရင်းရင်းနှီးနှီးရှိနေသော ဟန်စစ်ဟိန်ကို ကောင်းမိုးချိုက တစ်မျိုးတစ်မည်ထင်သည်။ လုကင်ခေ၏ ပင်ကိုသဘာဝအလှအပများကို တွေ့မြင်ခဲ့ပြီး ပူးပူးကပ်ကပ်လည်းရှိခဲ့ရမှုကြောင့် လုကင်ခေအပေါ် ဟန်စစ်ဟိန် စိတ်တိမ်းညွတ်သွားလေပြီဟု အထင်လွဲသည်။

ချင်လိန်ဝေကတော့ လုကင်ခေ၏ ပင်ကိုသဘာဝအလှအပ

www.burmeseclassic.com

www.burmeseclassic.com



တို့ကို တွေ့မြင်ခဲ့ရသည့်အတွက် ဤဖြစ်ပျက်မှုကြောင့် လုကင်ခေ အတော်ပင်ရှက်ရွံ့နေမည်ဟု တွေးသည်။ ထို့ကြောင့် လုကင်ခေ အနားသို့ မသွားဘဲ ခပ်ခွာခွာပြုနေသည်။ ယောကျ်ားပျိုတို့၏သဘာဝအတိုင်း ဟန်စစ်ဟိန်အပေါ် မနာလိုစိတ်တွေ ဖြစ်ပေါ်နေသည်။

သည်ကြားထဲတွင် လုကင်ခေက ဟန်စစ်ဟိန်ကို ခါတိုင်းထက် ပိုအရေးပေးသလို ရှိနေသည်တွင် ချင်လိန်ဝေ၏ မနာလို ဝန်တိုစိတ်များ ပို၍ ပြင်းပြထက်သန်လာသည်။

မိမိတို့ဘာသာ တစ်မျိုးတစ်မည် စိတ်ခံစားမှုများ ဖြစ်ပေါ်ကာ အထင်လွဲ၊ သဝန်တို ရှိနေကြသော ကောင်းမိုးချိုနှင့် ချင်လိန်ဝေတို့သည် စိတ်ဝေဒနာများကို မခံမရပ်နိုင်တော့သည့်အတွက် လီဟာန်ဘုံကျောင်းမှ ထွက်ခွာသွားကြလေတော့သည်။

နှစ်ယောက်သား မိမိတို့၏ စိတ်ခံစားမှု သဘောအတိုင်း မိမိတို့ဘာသာ ပြုလုပ်ခဲ့ကြခြင်း ဖြစ်သော်လည်း ကြိုတင်တိုင်ပင်စီစဉ်ထားကြသလို ချင်လိန်ဝေနှင့် ကောင်းမိုးချိုတို့ ပထမရသေ့ ဘုံကျောင်းကို စွန့်ခွာထွက်သွားကြသည်မှာ တစ်နေ့တည်း တစ်ချိန်တည်း တိုက်ဆိုင်၍နေသည်။

ဤတွင် ဟန်စစ်ဟိန်နှင့်လုကင်ခေတို့သာမက ဝါးစိမ်းကိုယ်



တော်ကပင် ချင်လိန်ဝေနှင့် ကောင်းမိုးချိုတို့နှစ်ယောက် အတူတကွ ထွက်သွားကြသည်ဟုပင် ထင်မိကြသည်။

ဟန်စစ်ဟိန်နှင့် လုကင်ခေတို့ကမူ လီဟာန်ဘုံကျောင်းတွင် ဆက်လက်နေထိုင်ကြကာ ဝါးစိမ်းကိုယ်တော်ထံမှ ပညာများ သင်ယူကြသည်။

ထို့နောက် ထိုခေတ်ထိုကာလ၏ ထုံးတမ်းစဉ်လာအတိုင်း ဆရာဖြစ်သူ ဝါးစိမ်းကိုယ်တော်က အောင်သွယ်ပြုလုပ်လျက် တပည့်နှင့် တပည့်မတို့ကို ကြောင်းလမ်းပေးသည်။

ဟန်စစ်ဟိန်နှင့် လုကင်ခေတို့မှာ မိမိတို့၏ ချစ်သူများက မိမိတို့ကို စွန့်ခွာသွားကြပြီဟု ယုံကြည်နေကြသည့်အပြင် တစ်ယောက်အပေါ်တစ်ယောက် ခင်မင်ရင်းစွဲကလည်း ရှိကြသောကြောင့် ဆရာဖြစ်သူ၏အောင်သွယ်ကြောင်းလမ်းခြင်းကို အပျေအတူး ငြင်းဆန်ခြင်းမပြုကြ။

နှစ်ယောက်လုံးက သဘောတူလက်ခံလိုက်ကြသည်။

☆ ☆ ☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

ချစ်ကံခေခဲ့ရသည်ဟု အတွေးအမြင်မှားကာ မုန်းတီးစိတ်၊ မနာလိုစိတ်၊ ဒေါသစိတ်တို့၏ ဖိစီးမှုဒဏ်ကို ခံနေရသော ကောင်းမိုးချိုတစ်ယောက် စိတ်ရှုပ်ရှုပ်နှင့် လေလွင့်သွားလာနေရာ မြောက်ပိုင်းဒေသ အာအော်ထိုက်စမ်းတောင်တန်းကြီး၏ အရှေ့ဖျား တောင်စွယ်တစ်ခုဖြစ်သော တိမ်လျှပ်တောင်ပေါ်သို့ ရောက်လာခဲ့သည်။

ရည်ရွယ်ချက်ဟူ၍ မယ်မယ်ရရ မရှိ။ တောင်ခြေသို့ ရောက်လာသည့်အတွက် တောင်ပေါ်သို့ ဆက်တက်လာခြင်း ဖြစ်သည်။ ကောင်းမိုးချို၏နောက်မှ တိမ်လျှပ်တောင် တစ်ပွဲစားကြီး လုတာရှင်းနှင့် သူ၏လက်စွဲ တပည့်ကျော် နှစ်ယောက်ဖြစ်သော ကျောက်ယွင်နှင့် စုမာကျန်းတို့ ပုန်းလျှိုးကွယ်လျှိုး နောက်ယောင်ခံလိုက်လာကြသည်။



လုတာရှင်းသည် တိမ်လျှပ်တောင်၏ တောတောင်အနှံ့တွင် လှည့်လည်ကျက်စားသည့် အမဲလိုက်မုဆိုးကျော် တစ်ယောက် ဖြစ်သည်။

တောတောင်ရေမြေကျွမ်းကျင်ကာ သားကောင်များ၏ သဘာဝစရိုက်များကိုလည်း သိရှိသောကြောင့် ထိုဒေသရှိ အခြားသောမုဆိုးများက ဆရာတင်ခဲ့ကြရာ တစ်ပွဲစားဟူသောအမည် ရခဲ့သည်။

နာမည်ရလာသောအခါတွင် လုတာရှင်းက ဇလေးတွေ ပြလာသည်။ အမဲလိုက်မှုကို ရိုးရိုးသားသား မလုပ်တော့။ တောလိုက်မုဆိုးငယ်များကို ဓိုလ်ကျခြင်းမျိုးမှစကာ အခွင့်အရေးကောင်းလျှင် ခရီးသွားများကို လုယက်တိုက်ခိုက်ခြင်းများအထိ လုပ်လာသည်။ ပိုင်းပညာလည်း အတန်အသင့် တတ်မြောက်ရာ သည်နယ် သည်ဒေသတွင် တစ်ဓိုလ်တစ်မင်းလို လူတွင်ကျယ် ဖြစ်လာသည်။

တိမ်လျှပ်တောင်ခြေ တောအုပ်တစ်နေရာတွင် ကောင်းမိုးချိုကို အမှတ်မထင်တွေ့ခဲ့ရာ ငယ်ရွယ်နုပျိုပြီး ချောမောလှပသော မိန်းမပျိုလေးတစ်ယောက်တည်း ယောင်လည်လည်သွားလာနေမှုကြောင့် မိမိအတွက် အခွင့်အလမ်းကောင်း ကြုံရပြီဟု လုတာရှင်းက ယူဆခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်စွဲတပည့်ကျော် နှစ်ယောက်နှင့်အတူ ကောင်းမိုးချို နောက်မှ တိတ်တဆိတ်လိုက်လာခဲ့သည်။

စိတ်လေနေသော ကောင်းမိုးချိုသည် ပတ်ဝန်းကျင်အခြေအနေကို သိပ်သတိမပြုမိ။

ထို့ပြင် လုတာရှင်းတို့ကလည်း တောကျွမ်းသောမုဆိုးကျော်များဖြစ်ကြရာ နောက်ယောင်ခံလိုက်လာမှုကို ကောင်းမိုးချို မရိပ်မိခဲ့ပေ။

ဤသို့ဖြင့် လေးယောက်သား တိမ်လွှပ်တောင်၏ တောင်ထိပ်သို့ ရောက်သွားကြသည်။

အာအေဘ်ထိုက်စမ်းတောင်တန်းကြီးသည် နှင်းဖုံးတောင်တန်းဖြစ်သော်လည်း တိမ်လွှပ်တောင်မှာ အရှေ့ဘက်အစွန်အဖျားတွင်ရှိကာ ကျန်တောင်စွယ်တောင်ကြောများလောက် မြင့်မားခြင်းမရှိသည့်အပြင် ရာသီကလည်း နွေအကုန်ဖြစ်သောကြောင့် တောင်ထိပ်တွင် ဆီးနှင်းများ ရှိမနေ။

အထိုက်အသင့်တော့ အေးစိမ့်သည်။ လေအေးများက တစ်ချက်တစ်ချက် တိုက်ခတ်နေသည်။ သစ်ပင်ဝါးပင်များ ထူထပ်ကာ အုပ်အုပ်ဆိုင်းဆိုင်း ရှိသည်။



တောင်ထိပ်ပေါ်ရောက်တော့မှပင် လုတာရှင်းတို့က လူလုံးထွက်ပြကြသည်။

"ဘယ်လိုလဲ မိန်းကလေး ... တောင်ပေါ်ကို တစ်ယောက်တည်း ဘာလာလုပ်တာလဲ၊ ဆေးပင်ဆေးမြစ် လာရှာတာတော့ မဟုတ်လောက်ပါဘူး"

ရုတ်တရက် စကားသံကြားရသောကြောင့် ကောင်းမိုးချို လှမ်းကြည့်သည်။ လုတာရှင်းတို့သုံးယောက်ကို တွေ့ရသည်။ မျက်နှာစိမ်းတွေမို့ ကောင်းမိုးချို မျက်မှောင်တစ်ချက်ကြုတ်သည်။ ယခုမှ မြင်ဖူးတွေ့ဖူးသော်လည်း ကောင်းသောတွေ့ဆုံမှုမဟုတ်ကြောင်းတော့ 'ဒက်' ခနဲပင် အကဲခတ်မိသည်။

"ရှင်တို့က ဘယ်သူတွေလဲ"

ကောင်းမိုးချိုက ခတ်ဆတ်ဆတ်မေးလိုက်သည်။ ဘာရယ်ညာရယ်လို့တော့ မဟုတ်။ ရုတ်တရက် တွေ့မိသောကြောင့် လွှတ်ခနဲမေးလိုက်ခြင်း ဖြစ်သည်။

"ကျုပ်နာမည် လုတာရှင်း၊ ဒီ တိမ်လွှပ်တောင်တစ်ကြောမှာတော့ တစ်ပွဲစားကြီးလို့ ခေါ်တယ်၊ သူတို့နှစ်ယောက်က ကျုပ်ရဲ့ လက်စွဲတပည့်ကျော်တွေ၊ ကျောက်ယွင်နဲ့စုမာကျန်"

www.burmeseclassic.com

www.burmeseclassic.com



လုတာရှင်းက ပြုံးစစဖြင့် မိမိတို့ကိုယ်ကိုယ် မိတ်ဆက်ပေးသည်။

ကောင်းမိုးချိုသည် အမှတ်တမဲ့မို့ ပါးစပ်က လွှတ်ခနဲ ပြောလိုက်မိသော်လည်း လူကောင်းသူကောင်းဖြစ်ပုံမရသော မျက်နှာစိမ်းသုံးယောက်နှင့် မိတ်ဖွဲ့ရန်ဆန္ဒ အလျဉ်းမရှိ။ စကားပင် ဆက်မပြောလိုသောကြောင့် 'ဟွန်း' ခနဲ မကျေနပ်သံလေးတစ်ချက်ပြုကာ မျက်နှာထားတည်တည်နှင့် ခပ်သွက်သွက် လျှောက်လှမ်းထွက်သွားသည်။

ကောင်းမိုးချို ဦးတည်သွားနေသည့် ဘက်တွင် ချောက်ကမ်းပါးနက် တစ်ခုရှိသည်။ သစ်ပင်ချုံနွယ်များ အတော်ထူထူထပ်ထပ်ပေါက်နေရာ ချောက်ကမ်းပါးနေရာမှာ မျက်ကွယ်တစ်ခုလို ဖြစ်နေသည်။

တိမ်လွှာပ်တောင်ပေါ်သို့ ယခုမှ ပထမဆုံးအကြိမ် ရောက်ဖူးသော ကောင်းမိုးချိုမှာ မျက်ကွယ်နေရာတွင် ချောက်ကမ်းပါးနက်ရှိနေကြောင်း လုံးဝမသိ။ သာမန်တောင်ပေါ် မြေပြန့်နေရာ တစ်ခုဟုသာထင်လျက် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းသွားနေသည်။



တိမ်လွှာပ်တောင်ဝန်းကျင်၏ ရေမြေသဘာဝ အနေအထားကို ကောင်းကောင်းကျွမ်းကျင်နေသော လုတာရှင်းတို့ ဆရာတပည့်သုံးယောက်ကတော့ သစ်ပင်ချုံနွယ်များ အုပ်ကာထားသည့်အကြားတွင် ချောက်ကမ်းပါးနက် ရှိနေကြောင်း သိသည်။

"ဟေ့ ဟေ့ ... မသွားနဲ့လေ"

ခြေလှမ်း (၁၀) လှမ်းခန့် ဆက်လျှောက်သွားလျှင် ချောက်ကမ်းပါးနက်ထဲ ထိုးကျသွားနိုင်ကြောင်း သေသေချာချာ သိနေသော လုတာရှင်းက ကမန်းကတန်း လှမ်းအော်တားမြစ်သည်။ တကယ့်စိုးရိမ်စိတ်ဖြင့် ဟန့်တားခြင်းဖြစ်သော်လည်း လုတာရှင်းတို့အပေါ် အမြင်မကြည်လင်သော ကောင်းမိုးချိုကတော့ တစ်မျိုးထင်နေသည်။

ဟန့်တားမှုကို အရေးမလုပ်။ ပို၍ပင် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းလိုက်လေသေးသည်။ ချောက်ကမ်းပါးနက်နှင့် ခြေလှမ်း (၅) လှမ်းမျှသာ ဝေးကွာတော့သည်။

လုတာရှင်း၏ လက်စွဲတပည့်ကျော်တစ်ယောက်ဖြစ်သော ကျောက်ယွင်က ရှေ့သို့ ခုန်လွှားတက်ကာ ကောင်းမိုးချို၏ လက်မောင်းတစ်ဖက်ကို လှမ်းဆွဲသည်။

www.burmeseclassic.com

www.burmeseclassic.com



ငယ်ရွယ်နုပျိုပြီး ချောမောလှပကာ ကိုယ်နေဟန်ထားလည်း ကြော့ရှင်းတောင့်တင်းသော သည်မိန်းကလေးကို ကျောက်ယွင်က အရမ်းကို သဘောကျနေလေကာ ဘာမျှမလုပ်လိုက်ရဘဲ ချောက်ကမ်းပါးနက်ထဲ ပြုတ်ကျသွားမှာကို နှမြောနေသည်။

စိတ်တိုင်းကျ အနိုင်ကျင့်ပြီးလျှင်တော့ ချောက်ကမ်းပါးနက်ထဲ ပစ်ချလိုက်ဖို့ပင် စိတ်ကူးထားသည်။ လှမ်းဆွဲသည်မှာလည်း ချောက်ကမ်းပါးနက်ထဲ ပြုတ်ကျမသွားအောင်ကာကွယ်ပေးလိုသည့် စေတနာကြောင့် မဟုတ်။ ယခု လောလောဆယ် မိမိတို့လက်မှ လွတ်ထွက်မသွားရအောင် ဖမ်းထားဖို့ အကြံရှိပြီးနှင့်သား ဖြစ်သည်။

ကျောက်ယွင်နှင့် တစ်စိတ်တည်း တစ်ဝမ်းတည်း ဆန္ဒ သဘောထားချင်း အတူတူဖြစ်သော လုတာရှင်းနှင့် စုမာကျန်းတို့ နှစ်ယောက်လည်း ရှေ့သို့လှမ်းတက်လာကြသည်။

အမဲလိုက်နေကျလူများမို့ လူခွဲ၍ တက်လာကြပုံကလည်း စနစ်ကျသည်။ ကျောက်ယွင်ကို မြားဦးသဘော အလယ်ဗဟိုမှထားကာ လုတာရှင်းက ကျောက်ယွင်၏ ညာဘက်၊ စုမာကျန်းက ကျောက်ယွင်၏ ဘယ်ဘက်တို့က နေရာဖြန့်ကြက် ယူထားကြသည်။

သမင်မပျိုလေးတစ်ကောင်ကို သူ့တာကိုယ့်တာ ခွဲကာ ဝိုင်း



[illegible]တ်ပြီး အမိဖမ်းကြလေတော့မည့် အသွင်မျိုး။

ယခု သူတို့လိုက်နေကြသည့် သမင်ပျိုမလေးမှာ ကြောက်[illegible]န့်စိုးထိတ်နေသည့် သာမန်မိန်းကလေးမဟုတ်ဘဲ ကျားရိုင်းမလေး[illegible]စ်ကောင်လို ဒေါမာန်တင်းတင်းနှင့် ရန်စွယ်ပြင်းသည့် သိုင်းက[illegible]ာပျိုလေးတစ်ယောက်ဖြစ်ကြောင်း တိမ်လွှပ်တောင်တစ်ပွဲစားကြီး [illegible]ုတာရှင်းတို့ ဆရာတပည့်တွေ မသိကြပေ။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကံခေခဲ့ရမှုကြောင့် စိတ်ရိုင်းတွေဝင်နေသော ကောင်းမိုးချိုသည် သူစိမ်းတစ်ရံဆန် ယောကျ်ားတစ်ယောက်၏ အထိအကိုင်၊ အဆွဲအယမ်းကို ဘယ်မှာလျှင် ခံပါမည်နည်း။

ပြီးတော့ ...

ကောင်းမိုးချိုသည် သိုင်းပညာများ စနစ်တကျ သင်ကြားတတ်မြောက်ထားသည်။

နောက်ဘက်ဆီမှ လှုပ်ရှားမှုကို သိသည်နှင့် ကောင်းမိုးချိုသည် ဝါးဆူးလက်နက်ပုန်းတစ်ခု လက်ပြန်လွှတ်လိုက်သည်။ နောက်သို့ လှည့်ပင်မကြည့်။

ရှေ့သို့ ခပ်သွက်သွက် လျှောက်လှမ်းသွားမြဲ သွားနေရာမှ ပစ်လိုက်သော်လည်း ဝါးဆူးလက်နက်ပုန်းသည် ကျောက်ယွင်၏ လည်ပင်းဆီသို့ တည့်မတ်စွာ တန်းဝင်သည်။

သည်မိန်းကလေး သိုင်းပညာတတ်လိမ့်မည်ဟု ကျောက်ယွင် လုံးဝမထင်ထားပါ။ ရုတ်တရက် လက်နက်ပုန်းနှင့် ပစ်လိမ့်မည်ဟုလည်း မတွက်မိပေ။ အကယ်၍ ထင်ထား တွက်ထားမိသည့်တိုင် သိုင်းပညာ သာမန်မျှသာတတ်မြောက်သော ကျောက်ယွင်မှာ ကောင်းမိုးချို၏ ဝါးဆူးလက်နက်ပုန်းကို ခုခံရှောင်တိမ်းနိုင်စွမ်း မရှိပါ။



'ထောက်'

ဝါးဆူးလက်နက်ပုန်း ထိခတ်သံသဲ့သဲ့ပေါ်သည်။ ကျောက်ယွင်မှာတော့ အသံတစ်ချက်မျှပင် မထွက်နိုင်။ ကိုယ်ဆတ်ခနဲ တစ်ချက်တွန့်လိမ်ကာ မြေကြီးပေါ် ဘိုင်းခနဲ လဲကျသွားလေတော့သည်။

ကျောက်ယွင်တစ်ယောက် ဘယ်သို့သော အဖြစ်မျိုး ကြုံရသည်ကို လုတာရှင်းနှင့် စုမာကျန်းတို့ မတွေးတတ်ကြ။ မိန်းကလေးကို ချုပ်ဖမ်းရန် ခုန်လွှားဝင်သွားသော ကျောက်ယွင်၏ ခန္ဓာကိုယ် ရုတ်တရက် နောက်ပြန်လန်ကာ ပုံလျက်သားလဲကျသွားသည်ကိုသာ အကြောင်သား ကြည့်နေမိသည်။

ဤမိန်းကလေးသည် မိမိတို့တွေးထင်သလို သာမန်အရပ်သူတစ်ယောက် မဟုတ်ကြောင်းကိုတော့ လုတာရှင်းတို့ ဆရာတပည့်နှစ်ယောက် ကောင်းကောင်းသဘောပေါက်သွားကြလေပြီ။

ထိုအခိုက် ...

"အား"

www.burmeseclassic.com

www.burmeseclassic.com



စူးစူးဝါးဝါး အော်သံကို သူတို့ကြားရသည်။

"ဟာ ... ဟိုမိန်းကလေး ချောက်ကမ်းပါးနက်ထဲ ပြုတ်ကျသွားပြီ"

စုမာကျန်းက အလန့်တကြား ရေရွတ်သည်။

"အင်း ... သူ့ကုသိုလ်ပဲပေါ့ကွာ"

လုတာရှင်းက ခေါင်းတစ်ချက်ယမ်းကာ မှတ်ချက်ချသည်။

နဂိုကပင် စိတ်နောက်ကျိရှုပ်ထွေး အာရုံထွေပြားနေသော ကောင်းမိုးချိုသည် လုတာရှင်းတို့နှင့် မထင်မှတ်ဘဲ ဆုံမိပြီး ဝါးဆူးလက်နက်ပုန်းတစ်ခု ပစ်လွှတ်တိုက်ခိုက်ရသည့်အခြေအနေသို့ ရောက်သောအခါ စိတ်တွေပိုရှုပ်လာသည်။

စိတ်ရှုပ်ရှုပ်နှင့်ရှေ့တိုး၍ ခပ်မြန်မြန်ခပ်သုတ်သုတ် လျှောက်လှမ်းသွားရာ သစ်ပင်ချုံနွယ်များ အုပ်ဆိုင်းကာထား၍ မျက်ကွယ်ဖြစ်နေသော ချောက်ကမ်းပါးကို မသိမမြင်သည့်အတွက် ချောက်ကမ်းပါးထိပ်တွင် မရပ်တန့်မိဘဲ ရှေ့ဆက် ခြေလှမ်းလျှောက်သည်။

ဆက်လျှောက်လှမ်းလိုက်သော ကောင်းမိုးချို၏ ခြေဖဝါးအတွက် ချနင်းစရာ မြေကြီးမရှိတော့။ ဟင်းလင်းပြင်ပေါ် ခြေချမိကာ သူမ၏ခန္ဓာကိုယ်မှာလည်း ချောက်ကမ်းပါးနက်ထဲသို့ ပြုတ်ကျ



သွားပါလေတော့သည်။

ရုတ်တရက်မို့ လန့်ပြီး ကောင်းမိုးချိုက အားခနဲ စူးစူးဝါးဝါး အော်လိုက်မိလေသည်။ မိမိ ချောက်နက်ထဲပြုတ်ကျကြောင်း သိသည်နှင့် အရှိန်ကိုထိန်းကာ အပေါ်သို့ ပြန်ခုန်လွှားတက်ဖို့ ကြိုးစားသေးသည်။

အချိန်နှောင်းခဲ့ပေပြီ။

အောက်သို့ ပြုတ်ကျနေမှုကို ဘယ်လိုမှ ထိန်း၍မရ။ ဟန်ချက်လည်း ပျက်သွားခဲ့ပြီ။

ထိုအခိုက် ကောင်းမိုးချို၏မျက်လုံးအမြင်တွင် မည်းခနဲ အရိပ်အရောင်တစ်ခု ဖြတ်သန်းသွားသည်။ တောင်ကမ်းပါးရံတွင် ကပ်ကာပေါက်နေသော သစ်ပင်ကြီးတစ်ပင်ဘေးမှ ဖြတ်ကျသွား၍ အပင်အရိပ် ကျလာခြင်း ဖြစ်သည်။

ကောင်းမိုးချိုသည် ကိုယ့်ကိုကောက်ကွေးကာ ထိုသစ်ပင်ကြီး၏အနားသို့ ရောက်နိုင်သမျှ ရောက်အောင်ပြု၍ ညာလက်ကို ဆန့်ထုတ်သည်။

ကံကောင်းထောက်မသည်ဟု ဆိုရမည်။

ဆန့်ထုတ်လိုက်သော ညာလက်သည် သစ်ပင်ကြီး၏ သစ်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်းတစ်ကိုင်းကို ဆုပ်ကိုင်မိသည်။

ထိုသို့ သစ်ကိုင်းကို ညာလက်ဖြင့် ဆုပ်ကိုင်မိမှုကြောင့် ချောက်နက်ထဲထိုးကျနေမှု ရုတ်ခြည်းရပ်တန့်သည်။ သစ်ကိုင်းကို ဆုပ်ကိုင်လျက် လေထဲတွင် တွဲလွဲကြီးဖြစ်နေသည်။

ချောက်နက်ထဲကျကာ စိစိညက်ညက်ကြေရမည့် အန္တရာယ်မှ ကင်းဝေးပြီဟု ကောင်းမိုးချို တွေးမိသည်။

သို့သော် ...

'ဂျွတ်'

အောက်သို့ပြုတ်ကျလာသော အရှိန်အဟုန် ထပ်ဖြည့်ထားသော ကောင်းမိုးချို၏ ကိုယ်ခန္ဓာအလေးချိန်ကို သစ်ကိုင်းက တောင့်မခံနိုင်။ ဂျွတ်ခနဲမြည်လျက် ကောင်းမိုးချို ဆုပ်ကိုင်ဆွဲထားသော သစ်ကိုင်းကျိုးကျသည်။

ကောင်းမိုးချို အလွန်စိတ်ဓာတ်ကျသွားသည်။ သည်တစ်ခါဖြင့် မိမိအသက်သေရတော့မည်ဟုလည်း တွေးမိသည်။ ကုသိုလ်ကံက ကောင်းမိုးချိုကို မျက်နှာသာတစ်ချက် ပေးသည်။

သစ်ကိုင်းကို ဆုပ်ကိုင်မိကာ တွဲလွဲဖြစ်သွားချိန်က ကိုယ်ဖော့ပညာ စနစ်တကျ လေ့ကျင့်ထားခဲ့မှုကြောင့် ကောင်းမိုးချိုက



သစ်ကိုင်းကို အားအပြည့်ပြုထားလိုက်ရာ သစ်ကိုင်းကျိုးကျသည်နှင့် ထိုသို့အားပြုထားမှုကို အပြည့်အသုံးချပြီး အပေါ်သို့ အလိုအလျောက် ခုန်တက်မိသည်။

ကောင်းမိုးချို၏ခန္ဓာကိုယ် အပေါ်သို့ မြောက်ကြွတက်သွားရာ ချောက်ကမ်းပါးမှ ချွန်ထွက်နေသော ကျောက်စွန်းတစ်ခုပေါ်သို့ ကံကောင်းထောက်မစွာ ရောက်သွားသည်။

ဟန်ချက်ကို ထိန်းကာ ကျောက်စွန်းပေါ်တွင် ကောင်းမိုးချို ခြေချရပ်မိချိန်၌ သူဆွဲယူအားပြုခဲ့သော သစ်ကိုင်းကျိုးကတော့ ချောက်ကမ်းပါးအောက်ခြေသို့ တစ်ဟုန်ထိုး ကျရောက်သွားလေတော့သည်။

ချောက်ကမ်းပါးအောက်ခြေသို့ သစ်ကိုင်းကျိုး ထိရိုက်မိသံကို ကောင်းမိုးချို ကြားရသည်။ သေသေချာချာ မမြင်သော်လည်း ထိုသစ်ကိုင်း အစိတ်စိတ် အမွှာမွှာ ကွဲကြေသွားသည်ကိုတော့ ကြားရသည့်အသံများအရ သိနားလည်သည်။

အကယ်၍ ကုသိုလ်ကံလေး တစ်ချက် ထောက်မကာ ဤကျောက်စွန်းပေါ်သို့ တက်ရောက်နိုင်ခြင်းမရှိခဲ့လျှင် မိမိခန္ဓာကိုယ်ဟာ သစ်ကိုင်းပမာ ဖြစ်သွားမည်ကို တွေးမိတော့ ကောင်းမိုးချို ကြက်

www.burmeseclassic.com

www.burmeseclassic.com



သီးတစ်ချက် ထသည်။

ကျောက်စွန်းပေါ်တွင် ခေတ္တမျှ နားနေပြီးနောက် ကောင်းမိုးချိုသည် ချောက်ကမ်းပါးအောက်သို့ တွယ်ကပ်ကာ ဆင်းလာခဲ့သည်။ ကျောက်စွန်းသည် ချောက်ကမ်းပါး၏ အောက်ခြေတွင် ပေ (၁၀၀) သာသာခန့် ဝေးပြီး ချောက်ကမ်းပါးထိပ်သို့ဆိုလျှင်တော့ ပေ (၆၀၀) ကျော်ကျော်ဝေးလှပေရာ အပေါ်သို့တွယ်တက်ရန် မစဉ်းစားတော့ဘဲ အောက်သို့သာ တွယ်ဆင်းလာခဲ့သည်။

☆☆☆



ပေ (၇၀၀) ကျော် (၈၀၀) နီးပါးခန့် နက်သော မတ်စောက်သည့် ချောက်ကမ်းပါးအောက်ခြေသို့ ကောင်းမိုးချို ရောက်လာသည်။ ကျောက်ကမ်းပါးအောက်ခြေသည် တောင်ကြားလမ်းတစ်ခုလို ဖြစ်နေသည်။

သစ်ရွက်ချောက်နှင့် အမှိုက်သရိုက်တွေ အတော်များကာ အရိုးစုတွေလည်း ရှိနေသည်။ တိရစ္ဆာန်အရိုးစုတွေအကြားတွင် လူအရိုးစု သုံးခုလည်း ရှိနေသည်။

အသာလျှောက်လှမ်းလာခဲ့ရာ ကောင်းမိုးချို၏နှာခေါင်းတွင် စိမ်းရွှေရွှေအနံ့တစ်ခုကို ရသလိုရှိသည်။ သေချာအောင် စူးစမ်းကြည့်ရာ အမှန်ပင် စိမ်းရွှေရွှေရနံ့ကို ရှူမိနေကြောင်း တွေ့ရသည်။ အနံ့က သိပ်တော့မပြင်း။ သတိထားကာ ရှူကြည့်မှသာ အနံ့ရနေကြောင်း သိနိုင်သည်။

စိမ်းရွှေရွှေအနံ့ ပေါ်ထွက်လာရာနေရာကို ကောင်းမိုးချို မှန်းဆကြည့်သည်။ ထို့နောက် ထိုသို့မှန်းဆမိသော နေရာဆီသို့ ဦး

www.burmeseclassic.com

www.burmeseclassic.com



တည်ကာသွားသည်။ ဘာရယ်လို့တော့ မဟုတ်ပါ။ ချောက်နက်၏ အောက်ခြေသို့ ရောက်လာခဲ့ပြီး ဘာလုပ်ရမည်ကိုမသိဘဲ ယောင်ချာချာရှိသည်မို့ လုပ်စရာတစ်ခုခုကို ရှာကြံကာ လုပ်ကြည့်မိခြင်း ဖြစ်သည်။

စိမ်းရွှေရွှေအနံ့က ပိုးစူးရှလာသည်။ မိမိ၏ မှန်းဆချက် မှန်ကန်သည့်သဘောနှင့် ကောင်းမိုးချို စိတ်ခတ်တက်ကြွလာသည်။ စိတ်ခတ်တက်ကြွလာသည်နှင့်အတူ ခြေလှမ်းများက ပိုသွက်လာသည်။ ထိုစိမ်းရွှေရွှေအနံ့နှင့်ပတ်သက်၍ စူးစမ်းဖော်ထုတ်ကြည့်လိုသော စိတ်ဆန္ဒများ ပိုမိုပြင်းပြထက်သန်လာသည်။

နောက်ဆုံးတော့ စိမ်းရွှေရွှေအနံ့များပေါ်ထွက်နေသည့် ပင်ရင်းအခြေခံနေရာသို့ ကောင်းမိုးချို ရောက်သွားသည်။ ထိုနေရာသည် ဂူကြီးတစ်ခု ဖြစ်သည်။

စိမ်းရွှေရွှေနှင့် ညှီစို့စို့အနံ့များ ခပ်ပြင်းပြင်း ထွက်နေသည်မို့ ထိုဂူကြီးထဲတွင် အဆိပ်ရှိသော သတ္တဝါတွေ အုံကျင်းနှင့် ရှိနေလေမည်လားဟု ကောင်းမိုးချို တွေးမိသည်တွင် ဂူထဲသို့ စူးစမ်းကြည့်ရန် ခပ်တွန့်တွန့် ဖြစ်သည်။ ခြေလှမ်းပင် တုံ့ရပ်သည်။

ထိုသို့ ခြေလှမ်းတုံ့ရပ်သွားချိန်တွင် စိမ်းရွှေရွှေနှင့် ညှီစို့စို့



အနံ့ ခပ်ပြင်းပြင်းလှိုင်လှိုင်ထွက်နေသော ဂူထဲမှ စကားသံပေါ်လာသည်။

"ဂူဝမှာ ရောက်နေတာ ဘယ်သူလဲ"

စကားသံကြောင့် ကောင်းမိုးချို ထိတ်လန့်တုန်လှုပ်သွားသည်။ ချောက်ကမ်းပါးနက်၏ အောက်ခြေတွင် သက်ရှိလူသား တစ်ယောက် ရှိနေမည်ဟု ကောင်းမိုးချို လုံးဝမထင်မိခဲ့ပါ။ ယခု စကားသံကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရသည်မို့ ထိုဂူထဲတွင် သက်ရှိလူသားတစ်ယောက်ယောက် ရှိနေသည်ကတော့ သေချာနေပေပြီ။

စကားသံက ခပ်အက်ကွဲကွဲမို့ ဂူထဲတွင်ရှိနေသူမှာ ယောကျာ်းလား၊ မိန်းမလား ခွဲခြားဖို့က ခက်နေသည်။ မည်သူမည်ဝါ ယောကျာ်း မိန်းမ တိကျသေချာစွာ ခွဲခြားသိရှိလိုသောကြောင့် ဂူထဲသို့ ကောင်းကောင်းစူးစမ်းကြည့်ရှုနိုင်ရန် ဂူဝဆီသို့ ကောင်းမိုးချို ချဉ်းကပ်သည်။

ဂူဝနှင့် ခြေလှမ်း (၁၀) လှမ်းခန့်အကွာသို့ ရောက်သောအခါ ဂူထဲမှ ကြိုးနက်တစ်ချောင်း ရုတ်တရက် တန်းထွက်လာသည်။ ကောင်းမိုးချိုလည်း ခါးတွင်ချိတ်ထားသော ဓားအိမ်ထဲမှ ဓားရှည်ကို 'ရွှမ်း' ခနဲ ဆွဲထုတ်ကာ ဆီး၍ ခုတ်ပိုင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'နေခြည်အလင်းတန်း ဓားကွက်' ဖြင့် ထိထိမိမိ ခုတ်ပိုင်းလိုက်ရာ ဓားရိပ်ဓားရောင်များ လင်းလက်သွားလျက် ဂူထဲမှ ထိုးထွက်လာသော ကြိုးနက်မှာ အပိုင်းပိုင်းပြတ်ကျသည်။

ဤအခါတွင် ဂူထဲမှ တန်းထွက်လာသည်မှာ ကြိုးနက်မဟုတ်ဘဲ မဟူရာရောင် မည်းနက်နေသော မြွေတစ်ကောင် ဖြစ်ကြောင်း သိရှိရသည့်တွင် ကောင်းမိုးချိုမှာ ထိတ်လန့်သလိုလိုပင်ဖြစ်သွားရလေသည်။

ထိတ်လန့်တုန်လှုပ်နေသည့်ကြားကပင် ဂူထဲသို့ လှမ်းကြည့်လိုက်ရာ ဂူအလယ်ပိုင်းလောက်တွင်ရှိသော ကျောက်တုံးကြီး တစ်တုံးပေါ်တွင် အဘွားကြီးတစ်ယောက် တင်ပျဉ်ခွေထိုင်နေသည်ကိုတွေ့ရသည်။

အဘွားကြီးမှာ (၇၀) ဝန်းကျင် အရွယ်ဖြစ်မည်ဟု ကောင်းမိုးချို ခန့်မှန်းမိသည်။ အရုပ်ခပ်ပျပ်ပျပ်၊ ပိန်ပိန်ပါးပါး ခန္ဓာကိုယ်ရှိသည်။ ခေါင်းပေါ်ရှိ ဆံပင်များကတော့ ဒွေးနီရောင် သန်းနေသည်။ သေသေချာချာ ဖြီးသင်ထားခြင်းမရှိသော ဆံပင်နီများကကပိုကရိုဖြစ်ကာ မျက်နှာပေါ် ဖုံးကျနေသည်။

ဖားဖားလျားလျားနေသော ဆံပင်နီနီများကြားမှ မြင်လိုက်



ရသည့် မျက်လုံးအစုံကတော့ စူးရှတောက်ပြောင်နေသည်။ အဘွားအိုမှာ သာမန်မဟုတ်။ အဆင့်မြင့် သိုင်းအကျော်အမော်တစ်ယောက်ဖြစ်ကြောင်း ကောင်းမိုးချို အကဲခတ်မိသည်။

အဘွားကြီး၏ အရောင်ဖိတ်ဖိတ်တောက်နေသော မျက်လုံးအစုံက ကောင်းမိုးချိုကို စူးစူးစိုက်စိုက်ကြည့်သည်။ ထို့အကြည့်စူးစူးသည် မိမိ၏နှလုံးသားကိုပင် ထွင်းဖောက်မြင်သိသွားသည်ဟု ကောင်းမိုးချို ခံစားရကာ ကြက်သီးဖြန်းဖြန်းထသည်။

"ဟွန့်"

ရေရွတ်သံတစ်ချက်နှင့်အတူ အဘွားကြီးသည် တင်ပျဉ်ခွေထိုင်နေလျက်ကပင် ကောင်းမိုးချိုရှိရာသို့ ရွေ့လျားတိုးဝင်လာသည်။

ကောင်းမိုးချိုမှာ အတော်ကြီးကို ထိတ်လန့်တုန်လှုပ်သည်။ ဆံပင်နီအဘွားကြီး၏ အတွင်းအားနှင့် ကိုယ်ဖော့ပညာမှာ အဆင့်မြင့်မားလှကြောင်း အကဲခတ်မိသည်။ မိမိထက် သိုင်းပညာ အဆင့်များစွာ သာလွန်နေကြောင်းလည်း သိသည်။

မိမိထံသို့ ဆံပင်နီအဘွားကြီး တင်ပျဉ်ခွေထိုင်လျက် အနေအထားမပျက် တိုးဝင်လာမှုတွင် ရန်လိုမှုတွေ အပြည့်ပါဝင်နေသည်ကိုလည်း သိသည်။

www.burmeseclassic.com

www.burmeseclassic.com



"နေဦးလေ ... နေဦး"

ကောင်းမိုးချိုက ကမန်းကတန်းပင် တားမြစ်စကား ဆိုလိုက်သည်။ ဆံပင်နီအဘွားကြီးက ကောင်းမိုးချို၏စကားသံကို အရေးမထား၊ ကြားဟန်ပင် မပြဘဲ တင်ပျဉ်ခွေထိုင်လျက်နှင့် ရှေ့သို့ ရွေ့လျားတိုးမြဲ တိုးလာသည်။ ကောင်းမိုးချိုလည်း မတတ်သာတော့ဘဲ လက်ထဲရှိ ဓားရှည်ဖြင့် ဆံပင်နီအဘွားကြီးကို ဆီးကြိုထိုးခုတ်တိုက်ခိုက်ရလေတော့သည်။

မိမိအားအကိုးဆုံးဖြစ်သော 'နေခြည်အလင်းတန်းဓားကွက်' ကိုပင် ထုတ်သုံးသည်။ မြွေနက်ကို အပိုင်းပိုင်း ခုတ်ပိုင်းပစ်နိုင်ခဲ့သော နေခြည်အလင်းတန်းဓားကွက်သည် ယခုအခါတွင်မူ အစွမ်းမပြနိုင်တော့။

ကောင်းမိုးချို၏ သွက်လက်မြန်ဆန်ပြီး အားပြည့်သော ဓားချက်များသည် ဆံပင်နီအဘွားအိုကို တစ်ချက်မျှ မထိ၊ ဟန့်တားခြင်းလည်း မပြုနိုင်။ ဆံပင်နီအဘွားအိုသာ ကောင်းမိုးချိုအနီးသို့ ချဉ်းကပ်ရောက်ရှိသည်။

ဆန့်တန်းကုတ်ဆွဲလာသော လက်ချောင်းများက ကောင်းမိုးချို၏ ဓားကိုင်ထားသော ညာလက်၏ လက်ကောက်ဝတ်ကို ဆုပ်



ကိုင်မိသည်။ ညင်သာသော ဆုပ်ကိုင်မှု ဖြစ်သော်လည်း သွေးကြောကွက်နေရာပေါ်တွင် တိတိကျကျ မိမိရရ ဆုပ်ကိုင်မိရာ ကောင်းမိုးချိုညာလက် ကျင်ခနဲဖြစ်သွားပြီး ညာလက်ထဲရှိဓားရှည် လွတ်ကျသွားသည်။

ဆံပင်နီအဘွားကြီး၏ ညာလက်ဖြင့် ဖမ်းချုပ်မိသော ကောင်းမိုးချိုလည်း ကားခနဲပင် ပါသွားသည်။ သိုင်းကွက်တစ်ကွက်တည်းတွင်ပင် အရေးနိမ့်ကာ အချုပ်အဖမ်းခံလိုက်ရသည်ကို ကောင်းမိုးချို မကျေနပ်။ ချုပ်ဖမ်းခေါ်ယူသွားမှုကြောင့် ဆံပင်နီအဘွားအိုနှင့်အနီးကပ် ရောက်ရှိသွားမှုကို အခွင့်ကောင်းယူကာ လျှပ်တစ်ပြက် တိုက်ကွက်ဖော်ဆောင်သည်။

ဘယ်ဘက်လက်ညှိုး လက်ခလယ်တို့ဖြင့် ဆံပင်နီအဘွားအို၏ မျက်စိအစုံကို လှန်ထိုးနှိုက်သည်။ ထိုးနှိုက်လိုက်သော လက်ချောင်းနှစ်ချောင်း ဦးတည်ပစ်မှတ်နေရာဆီ မရောက်မီမှာပင် ဆံပင်နီအဘွားအို ဘယ်လက်ထဲရောက်နေသော ဓားရှည်က မြောက်တက်လာသည်။

ဓားရှည်ထိပ်ဖျားက ကောင်းမိုးချို၏လည်မျိုကို ထောက်မိသည်။ မိမိသည် ဆံပင်နီအဘွားကြီးနှင့် ယှဉ်ပြိုင်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြောင်းလည်း ကောင်းမိုးချို နားလည်လိုက်သည်။

သိုင်းကွက်ဆက်ထုတ်လျှင် ကောင်းမိုးချို၏ လက်ချောင်းများက ဆံပင်နီအဘွားကြီး၏ မျက်လုံးများကို ထိုးနှိုက်ခြင်း မပြုနိုင်မိမှာပင် ဓားသွားက ကောင်းမိုးချို၏ လည်မျိုကို ထိုးဖြတ်သွားပေလိမ့်မည်။

ကောင်းမိုးချို အရဲကိုးကာ စွန့်စားခြင်း မပြုရဲတော့။ ဆံပင်နီ အဘွားကြီး၏ မျက်လုံးများကို ထိုးနှိုက်ရန် ပြင်ထားသော တိုက်ကွက်ကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

"ဟား ဟား ဟား ... ဟား ဟား"

မိမိကိုယ်မိမိ ဟုတ်လှပြီဟု ထင်ခဲ့မှုကို သဘောကျကာ ကောင်းမိုးချိုက ရယ်မောလိုက်လေသည်။ လည်မျိုကို တေ့ထောက်ထား သော ဓားသွားကမူ ရွေ့တိုးမလာတော့။

☆ ☆ ☆



"ကောင်မလေး ... ဘာကြောင့်ရယ်တာလဲ"

ကောင်းမိုးချို လည်မျိုကို ဓားသွားဖြင့်တေ့ထောက်ထားလျက် ဆံပင်နီအဘွားကြီးက မေးသည်။

"ရယ်ချင်စိတ်ပေါက်လာတာကို အောင့်မထားနိုင်လို့ ရယ်လိုက်တာ"

ကောင်းမိုးချိုက အမှန်အတိုင်းပင် အဖြေပေးလိုက်သည်။ သည်အဖြေစကားကို ဆံပင်နီအဘွားကြီး ကျေနပ်ပါမည်လားဟုလည်း တွေးမိသည်။

"ကောင်မလေး ... မင်းရဲ့ဓားရှည် ငါ့လက်ထဲ ရောက်နေပြီ၊ မင်းကိုလည်း ငါ အမိအရ ချုပ်ဖမ်းထားပြီ၊ ငါ့လက်ထဲရောက်နေတဲ့ မင်းကို ငါ ဘာလုပ်မယ်ဆိုတာကိုကော တွေးမိရဲ့လား"

ကောင်းမိုးချိုက ဆံပင်နီအဘွားကြီးကို ဖျတ်ခနဲ တစ်ချက်ကြည့်သည်။ အေးစက်မာကျောသော အဘွားကြီး၏မျက်လုံးများထဲတွင် လူသတ်ချင်သည့် ရန်လိုမှု အငွေ့အသက်မျိုး ယှက်သန်းနေ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့ရသည်။

စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသော်လည်း ကောင်းမိုးချိုက ကြောက်လန့်ဟန်မပြဘဲ လေသံအေးအေးပင် ပြန်ပြော၏။

"ရှင့်စိတ်ထဲမှာ ဘယ်လိုရှိတယ်ဆိုတာ ကျွန်မက သိနိုင်မှာလား။ ကျွန်မကို ဘယ်လိုလုပ်လုပ် ရှင့်စိတ် ရှင့်သဘောပဲ"

"နင့်ကို ငါ အသေသတ်ပစ်မယ်၊ လွယ်လွယ်သေရမယ်လို့တော့ မထင်နဲ့၊ ဝေဒနာ မချိမဆံ့ ခံရပြီးမှ အသက်ထွက်မှာ၊ ငါ့ကို အသနားခံ တောင်းပန်မယ်ဆိုရင်တော့ ဝေဒနာကြာကြာ မခံစားရအောင် မြန်မြန် လက်တုံးစီရင်မယ်"

"ဟား ဟား ဟား … ရှင့်ကို တောင်းပန်ရမှာတဲ့လား … ဝေးပါသေးရဲ့"

တစ်သက်လုံး မည်သူ့ကိုမျှ အောက်မကျို့ခဲ့ဘဲ မိမိစိတ်ကြိုက်သာ ပြုမူနေထိုင်လာခဲ့သော ကောင်းမိုးချိုသည် အသက်အန္တရာယ်ကြုံနေရသည့်တိုင် ဦးမကျိုးသေး။ သူမ၏ဝသီအတိုင်း ကြွပ်ဆတ်ဆတ် ပြန်ပြောသည်။

ဆံပင်နီအဘွားအိုု၏မျက်နှာ တင်းခနဲ ဖြစ်သည်။ မျက်လုံးအစုံ အေးစက်မာကျောလာသည်။ လူသတ်လိုသည့်အရိပ်အသွင်များ



သိသာထင်ရှားစွာ ပေါ်လွင်လာသည်။ ကောင်းမိုးချိုကတော့ အလျှော့ပေးကာ အောက်ကျခံတောင်းပန်အသနားခံဖို့ လုံးဝ စိတ်မကူး။ ခပ်တည်တည်ပင် ရှိနေသည်။

"ကောင်မလေး တယ်ခေါင်းမာတာကိုး"

ဆံပင်နီအဘွားအိုက အံကြိတ်ကာ ရေရွတ်သည်။ ချုပ်ဖမ်းမိထားသော ကောင်းမိုးချို၏ ညာလက်ကောက်ဝတ်ကို ဆုပ်ကိုင်ညှစ်ထားမှုက ပိုတင်းကျပ်လာသည်။ အားပြင်းလာသည်။ နာကျင်မှုပိုပြင်းပြလာသည်။ အားပြင်းတင်းကျပ်လှသော ဆုပ်ကိုင်ညှစ်မှုကြောင့် မိမိ၏ညာလက်ကောက်ဝတ်ရိုး ကျိုးပင်ကျိုးကြေကုန်ကြလေမည်လားဟု ကောင်းမိုးချို ထင်မိသည်။

သို့သော် ကြောက်ရွံ့စိုးထိတ်မှုကား စိုးစိမျှမဖြစ်။ ဆံပင်နီအဘွားအိုကို တစ်ချက်ပင် ပြုံးပြလိုက်လေသေးသည်။

ဆံပင်နီအဘွားအို၏ မျက်နှာပေါ်ရှိ တင်းမာခက်ထန်ပြီးရန်လိုသော အရိပ်အသွင်တို့ ရုတ်တရက် ပပျောက်သည်။ မျက်လှည့်ပြလိုက်သည့်အလား ပြုံးပြုံးရွှင်ရွှင် ဖြစ်လာသည်။

"တော်တော်ခေါင်းမာတဲ့ ကောင်မလေးပဲ"

ခပ်ပြုံးပြုံးပြောသည်။ ထို့နောက် ခပ်တင်းတင်းဆုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ထားသော ကောင်းမိုးချို၏ညာလက်ကို လွှတ်ပေးသည်။ အခြေအနေ အနည်းငယ်တင်းမာမှု လျော့ပါးလာသော်လည်း ကောင်းမိုးချို အနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီဟုတော့ စိတ်ဒုံးဒုံးမချနိုင်သေး။ ဆံပင်နီအဘွားအို၏ စိတ်အပြောင်းအလဲကို ခန့်မှန်းရခက်လှသည်။

ယခု မျက်နှာအမူအရာ ပြုံးပြုံးရွှင်ရွှင် ဖြစ်နေသော်လည်း ချက်ချင်း အေးစက်တင်းမာလာနိုင်ကြောင်း နားလည်သည်။

"ကောင်မလေး ... ဘယ်လိုလုပ်ပြီး ဒီ အသေဆိုးချောက်နက်ထဲကို ရောက်လာတာလဲ"

ဆံပင်နီအဘွားအိုက မေးခွန်းထုတ်သည်။

"ဒီချောက်ကမ်းပါးကို အသေဆိုးချောက်နက်လို့ ခေါ်သလား"

ကောင်းမိုးချိုက သေချာအောင် ထပ်မေးလိုက်သည်။

"မမှားဘူး"

ဆံပင်နီအဘွားအိုက ခပ်ပြတ်ပြတ် ပြောသည်။

"ကျွန်မ ဒီအသေဆိုးချောက်နက်ထဲ ရောက်လာရတဲ့ အကြောင်းက ရှင်နဲ့မပတ်သက်ဘူး ထင်ပါတယ်"

ဆံပင်နီအဘွားအိုက ခြောက်ကပ်ကပ် ရယ်မောလိုက်



သည်။

"မင်းက တိမ်လွှပ်တောင်ရဲ့ ရေမြေအနေအထားကို မကျွမ်းဘူး။ ဒီနေရာမှာ ချောက်ပါးတစ်ခုရှိနေမှန်း မသိဘဲ ဒီဘက်ကို ဦးတည်ပြီး ခပ်သွက်သွက် လျှောက်လှမ်းလာရင်း ဘွားခနဲ တွေ့လိုက်မှ ဘယ်လိုမှမထိန်းနိုင်ဘဲ အောက်ကိုပြုတ်ကျလာတာ မဟုတ်လား"

မိမိသည် 'အသေဆိုးချောက်နက်' ထဲသို့ ပြုတ်ကျလာမှုကို အစအဆုံး ကိုယ်တိုင်မြင်တွေ့ခဲ့ရသလို 'ဒက်ထိ' မှန်ကန်အောင် ပြောလိုက်သော ဆံပင်နီအဘွားအို၏ စကားကြောင့် ကောင်းမိုးချို အံ့သြသွားရသည်။

"ဟုတ်တယ် ... ရှင်က အမှန်းအဆအတော်ကောင်းတာပဲ"

"အမှန်းအဆကောင်းတာ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ငါးနှစ်က ငါကိုယ်တိုင်လည်း အဲဒီလိုအခြေအနေမျိုးနဲ့ အသေဆိုးချောက်နက်ထဲ ပြုတ်ကျခဲ့ဖူးတာကိုး။ အင်း ... တွေးရခက်စရာ ထူးခြားချက်တစ်ခုတော့ ရှိတယ်"

"ဘာများပါလိမ့်"

"ငါဟာ သိုင်းပညာအတော်ကောင်းတာတောင် ချောက်ထဲ ပြုတ်ကျမှုကြောင့် ခြေထောက်နှစ်ဖက်လုံး သွင်သွင်ကျိုးခဲ့ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မင်းကတော့ ငါ့လောက် သိုင်းပညာမစွမ်းပေမယ့် ဘာဒဏ်ရာမှ မရဘဲ အကောင်းပကတိအတိုင်း ရှိနေတယ်၊ သာမန်အားဖြင့် ပြောရရင် မင်းရဲ့သိုင်းပညာအဆင့်နဲ့ဆိုရင် ချောက်ထဲခြေချော်ကျလာတာမှာ အသက်မသေရင်တောင် ခြေကျိုးလက်ကျိုးတော့ ဖြစ်ရမှာ"

"ကျွန်မက ချောက်ကမ်းပါးမှာပေါက်နေတဲ့ သစ်ပင်တစ်ပင်ရဲ့အကိုင်းကို ခိုဆွဲအားပြုပြီး အပေါ်ပြန်ခုန်ပျံတက်လိုက်တော့ ချောက်ကမ်းပါးထိပ် ပြန်မရောက်ပေမယ့် ချောက်ကမ်းပါးအောက်ခြေနားက ကျောက်စွန်းတစ်ခုပေါ် ရောက်သွားတယ်လေ၊ အဲဒီကနေ ချောက်နက်အောက်ခြေကို တွယ်ကပ်ဆင်းလာခဲ့တာ"

ကောင်းမိုးချိုက မိမိထိခိုက်ဒဏ်ရာမရဘဲ အသေဆိုးချောက်ကမ်းပါးအောက်သို့ ရောက်ခဲ့ရပုံကို ရှင်းပြလိုက်သည်။

"မင်းက ကံလည်းကောင်းတာကိုး။ အခု မင်း ချောက်ကမ်းပါးထိပ်ကို ပြန်တက်ချင်သလား"

ဆံပင်နီအဘွားအို၏စကား ထူးခြားသည်ဟု ကောင်းမိုးချိုထင်မိသည်။

"ရှင်ကော ဒီချောက်ထဲကပြန်တက်ဖို့ စိတ်ကူးမရှိဘူးလား"

ကောင်းမိုးချိုက တန်ပြန်မေးခွန်းထုတ်လိုက်သည်။



ဆံပင်နီအဘွားအိုက တဟားဟား ရယ်မောလိုက်ပြီး ...

"အမှန်အတိုင်း ပြောပြရင် ငါ ဒီအသေဆိုးချောက်ကမ်းပါးကနေ ပြန်မတက်ချင်တော့ဘူး။ အဲ ... မင်းကိုတော့ ဒီချောက်ကမ်းပါးကနေ ပြန်တက်နိုင်အောင် ငါကူညီပေးနိုင်ပါတယ်"

"ချောက်ကမ်းပါးပေါ် ပြန်တက်နိုင်တဲ့ လမ်းကြောင်းနေရာကို ရှင်သိထားလို့လား"

"စိတ်ထင်ရာ လျှောက်ပြောမနေနဲ့၊ မင်းပြောသလို ဘာလမ်းကြောင်းမှ မရှိဘူး၊ မင်းကို ချောက်ကမ်းပါးပေါ် ပြန်တက်နိုင်လောက်တဲ့ သိုင်းပညာအဆင့်မျိုးရောက်အောင် ငါက သင်ပေးမှာ"

"ရှင်က ကျွန်မကို အဆင့်မြင့်အစွမ်းထက်သိုင်းပညာ သင်ပေးမယ်လို့ ဆိုလိုတာလား"

"မမှားဘူး"

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမိုးချို ချက်ချင်း ပြန်မပြော။ အလေးအနက်ပင် ဆင်ခြင်စဉ်းစားနေသည်။ သိုင်းလောကတွင် အဆင့်မြင့်အစွမ်းထက်သိုင်းပညာများ သင်ကြားမှုသည် အထူးပင် အလေးအနက်ထားသည့် အရေးကြီးကိစ္စဖြစ်သည်။ သင်ကြားပေးမည့်စကားကို အလွယ်တကူဆုံးဖြတ်ခြင်း မပြုသလို သင်ယူမည့်တပည့်ကလည်း သေသေချာချာ စဉ်းစားကြလေ့ရှိသည်။

ယခု ချောက်ကမ်းပါးအောက်တွင် မထင်မှတ်ဘဲ ဆုံတွေ့မိလျက် စကားအနည်းအကျဉ်းသာ ပြောဆိုပြီးသူ ဆံပင်နီအဘွားအိုက မိမိကို အဆင့်မြင့် အစွမ်းထက်သိုင်းပညာ သင်ကြားပေးမည်ဟု ဆိုလာရာ သိုင်းလောက၏လုပ်နည်းလုပ်ဟန်နှင့် လုံးဝဆန့်ကျင်ကွဲပြားကာ အလွန်ထူးခြားနေရာ ကောင်းမိုးချို အမှန်ပင် ဝေခွဲမရဖြစ်နေသည်။

"မင်း သိပ်အတွေးခေါင်ပြီး စဉ်းစားမနေနဲ့၊ မင်းကို ငါ့ရဲ့ အဆင့်မြင့် အစွမ်းထက်သိုင်းပညာပေးမယ်ဆိုတာမှာ ငါ့အတွက်



ရည်ရွယ်ချက်ခိုင်ခိုင်မာမာ ရှိပါတယ်၊ စိတ်ရှူးပေါက်ပြီး ထလုပ်တာမဟုတ်ပါဘူး"

ကောင်းမိုးချို၏စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်နေသည်ကို အကဲခတ်မိဟန်ဖြင့် ဆံပင်နီအဘွားအိုက ပြောသည်။

"ဘာရည်ရွယ်ချက်ကြောင့်လဲ"

"ဘာရည်ရွယ်ချက်လဲဆိုတာကိုတော့ မင်းဘာသာမင်း သိကောင်းသိလာပါလိမ့်မယ်၊ မသိရင်လည်း ကိစ္စမရှိပါဘူး"

ဆံပင်နီအဘွားအို၏အဖြေစကားက ပဟေဠိဆန်နေသည်။

"ရှင့်ဆီက အဆင့်မြင့် အစွမ်းထက်သိုင်းပညာ သင်ယူပြီးရင် ရှင့်အတွက် ကျွန်မက ဘာလုပ်ပေးရမှာလဲ"

ကောင်းမိုးချိုက မေးလိုက်ပြန်သည်။

"ဘာမှလုပ်ပေးစရာ မလိုဘူး"

ဆံပင်နီအဘွားအို၏အဖြေက ပြတ်သည်။ အဖြေပြတ်သော်လည်း ပဟေဠိကတော့ အဖြေမရှိသေး။

ချစ်ကံခေခဲ့ရသူကြောင့် စိတ်ညစ်ညစ်နှင့် သိုင်းလောကတွင် လေလွင့်သွားလာနေမည့်အစား အဆင့်မြင့် အစွမ်းထက်သိုင်းပညာ တစ်ခု သင်ယူလိုက်တာက သင့်မြတ်လျော်ကန်မည်ဟု ကောင်းမိုးချို

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်သည်။

အနည်းဆုံးတော့ သည်အသေဆိုးချောက်နက်ထဲမှ မထွက်နိုင်ဘဲ ပိတ်လှောင်မိသလိုရှိနေသည့် အခြေအနေမှတော့ လွတ်မြောက်နိုင်သည်။ ချောက်ကမ်းပါးထိပ်သို့ ပြန်တက်နိုင်သည်။

"ကောင်းပြီ … ကျွန်မ သင်မယ်၊ ရှင်သင်ပေးမယ့် အဆင့်မြင့် အစွမ်းထက်သိုင်းပညာက ဘာလဲ"

"လျှပ်စီးဓားမြန်သိုင်းလို့ ခေါ်တယ်"

ဆံပင်နီအဘွားအိုက သူသင်ပြပေးမည့် အဆင့်မြင့် အစွမ်းထက် သိုင်းပညာ၏အမည်ကို ပြောပြပြီး ညာလက်ကို ဆတ်ခနဲ တစ်ချက် ဝှေ့ယမ်းသည်။ ရွှေရောင်အလင်းတန်းတစ်ခု လက်ခနဲ ဖြစ်လျက် ဆံပင်နီအဘွားအို၏လက်ထဲတွင် ဓားတစ်လက် စွဲကိုင်လျက် ဖြစ်သွားသည်။

ဘယ်နေရာကနေ၍ ဘယ်နည်းဘယ်ပုံ ထုတ်ယူကိုင်စွဲလိုက်သည်ကိုတော့ ကောင်းမိုးချို မတွေ့မမြင်လိုက်ရပေ။ သေသေချာချာ ကြည့်ရှုနေသည့်တိုင် ဓားယူလိုက်မှုကို မမြင်၊ လက်ထဲ ဓားရောက်လာသည်ကိုသာ တွေ့ရသည်။

ဓားက သိပ်မရှည်ပါ။ အရိုးအသွား တစ်ပေခွဲသာသာခန့်



သာ ရှိသည်။ နှစ်ဖက်သွားဓားဖြစ်လျက် ရွှေရောင်ဝင်းဝင်းလက်နေသည်။ တကယ့် ရွှေစင်ရွှေသားအစစ်ဖြင့် သွန်းလုပ်ထားသည်လား၊ ဒါမှမဟုတ် အဆင့်မြင့် အတတ်ပညာနည်းလမ်းဖြင့် ရွှေရည်သွန်းလောင်းထားသည်လားတော့ အတိအကျ မဆိုနိုင်။

"လျှပ်စီးဓားမြန်သိုင်းမှာ သိုင်းကွက်ငါးကွက်ရှိတယ်၊ သိုင်းကွက်တစ်ခုစီမှာ ဓားချက် ငါးချက်စီ ပါရှိတယ်၊ အားလုံးပေါင်း ဓားကွက် နှစ်ဆယ့်ငါးကွက်ဆိုပါတော့၊ ဓားကွက်တိုင်းဟာ အသက်ချွေဓားကွက်တွေချည်းပဲဆိုတာကိုတော့ စွဲစွဲမြဲမြဲ မှတ်ထား"

စကားဆုံးသည်နှင့် ဆံပင်နီအဘွားအိုသည် လျှပ်စီးဓားမြန်သိုင်း၏ ဓားရေးဓားကွက်များကို လက်တွေ့လှုပ်ရှား ကစားပြသည်။ ဓားရေးဓားမာန်တို့က ဆန်းပြားပြီး အားပြည့်သည်။ အလှည့်အပြောင်း ပီရိသေသပ်လှသည်။ ဆံပင်နီအဘွားအိုကို ဗဟိုပြုလျက် ငါးတစ်ပြန် ဝန်းကျင်တစ်ခို ရွှေရောင်အလင်းတန်းများ ပြိုးပြက်လွှမ်းမိုးသည်။

လေထုကို ဓားက ထိုးခုတ်ခွင်းသံ တစ်ဝှစ်ဝှစ် တရှမ်းရှမ်းပွဲတင်ထပ်နေသည်။ ဓားရိပ်ဓားရောင်တို့၏ လွှမ်းမိုးဖိနှိပ်မှုကြောင့် ကောင်းမိုးချို၏ရင်ထဲ မွန်းကျပ်လာသည်။ အသက်ရှူမဝှားရအောင်၊

www.burmeseclassic.com

www.burmeseclassic.com



သတိလက်လွတ် ဖြစ်မသွားရအောင် မနည်းပင် ကြိုးစားကာ ထိန်းနေရသည်။

ရင်တလှပ်လှပ်တုန်ကာ မူးမေ့လဲပြိုကျလုလုတွင် ဆံပင်နီအဘွားအို၏ ဓားသိုင်းလှုပ်ရှားမှု ရပ်တန့်သွားရာ ကောင်းမိုးချို့မှာ သတိလစ်မေ့လဲကျလုလုအခြေအနေမှ ကံကောင်းထောက်မစွာ လွတ်ခဲ့ရသည်။

ဓားဇွေ့ယမ်းလှုပ်ရှားပြမှုကို ရပ်နားထားရင်း ဆံပင်နီအဘွားအိုက လျှပ်စီးဓားမြန်သိုင်း၏ အခြေခံသဘောတရားနှင့် ဓားရေးဓားဟန် အပြောင်းအလဲပရိယာယ်များ၊ လျှို့ဝှက်ချက်များကို အသေးစိတ် ရှင်းလင်းပြောပြသည်။

ထို့နောက် လျှပ်စီးဓားမြန်သိုင်း၏ သိုင်းကွက် (၅) ကွက်၊ ဓားချက် (၂၅) ချက်တို့ကို လက်တွေ့ လှုပ်ရှားကစားပြပြန်သည်။ ဒုတိယအကြိမ် ဓားသိုင်းလှုပ်ရှားကစားပြရာတွင် ဓားရိပ်ဓားရောင် စွမ်းရည်များ၏ လွှမ်းမိုးဖိစီးမှုကို ခံရသော်လည်း ကောင်းမိုးချို့မှာ ပထမအကြိမ်လောက် အခြေအနေမဆိုး။

အသက်ရှူကျပ်ကာ စိတ်အာရုံ ထွေပြားမွန်းကျပ်မှုဖြစ်သော်လည်း ပထမအကြိမ်တုန်းကလို အသက်ရှူကျပ်ကာ သတိလစ်လုလု အခြေအနေသို့မရောက်။



သိုင်းကွက် (၅) ကွက်၊ ဓားချက် (၂၅) ချက် ပြည့်စုံပြီးမြောက်အောင် လှုပ်ရှားကစားပြီးနောက် ဆံပင်နီအဘွားအိုက ဓားသိုင်းကွက်များ ရပ်သည်။ ကောင်းမိုးချို့ကို အကဲခတ်သလို တစ်ချက်ကြည့်သည်။

ကောင်းမိုးချို့က ဘာစကားမျှမဆို၊ နှုတ်ဆိတ်ကာ ရပ်နေသည်။

ဆံပင်နီအဘွားအိုလည်း ဘာမျှပြောမနေတော့ဘဲ လျှပ်စီးဓားမြန်သိုင်း၏ သိုင်းကွက် (၅) ကွက်၊ ဓားချက် (၂၅) ချက်ကို တတိယအကြိမ် အပြန်အလှန် လှုပ်ရှားကစားပြပြန်သည်။

ရွှေရောင်အလင်းတန်းများ ပြိုးပြက်လင်းလက်သည်၊ ဓားရိပ်ဓားရောင်တို့က ကောင်းမိုးချို့ကို အုပ်စီးလွှမ်းမိုးသည်။ သို့သော် ကောင်းမိုးချို့မှာ ရင်ထဲ မွန်းကျပ်အောင် ဓားသိုင်းပညာ၏ဖိစီးမှုကို မခံရတော့။

အသက်မှန်မှန်ရှူကာ စိတ်အာရုံကြည်လင်စွာဖြင့် ဆံပင်နီအဘွားအို၏ ဓားရေးဓားဟန်လှုပ်ရှားမှုများကို သေသေချာချာ ကြည့်ရှုမှတ်သားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တတိယအကြိမ်မြောက် လျှပ်စီးစားမြန်သိုင်း၏ ဓားရေးဓားကွက်များ လှုပ်ရှားပြသမှု ပြီးပြည့်စုံပြီးမြောက်သည်။ ဆံပင်နီအဘွားအိုက ကောင်းမိုးချိုကို တစ်ချက်လှမ်းကြည့်သည်။

ကောင်းမိုးချိုကတော့ မတုန်မလှုပ်၊ အသာပင် ရပ်မြဲရပ်နေသည်။

"ကောင်မလေး ... မင်း နားမလည်, မရှင်းတာရှိရင် မေးနိုင်တယ်၊ ဘာမှ အားနာစရာမရှိဘူး"

နောက်ဆုံးတော့ ဆံပင်နီအဘွားအိုကပင် စတင်ပြောရလေတော့သည်။

ကောင်းမိုးချိုက ဘာမှ ပြန်မပြော။ တစ်ချက်ပြုံးရယ်ကာ ခေါင်းကို ဆတ်ခနဲညိတ်ပြီးနောက် သူမ၏ ဓားရှည်ကို ညာလက်ဖြင့် ဆွဲထုတ်ကိုင်စွဲကာ ဇေ့ယမ်းလျက် စောစောက တွေ့မြင်မှတ်သားထားခဲ့သော လျှပ်စီးဓားမြန်သိုင်း၏သိုင်းကွက်များကို လှုပ်ရှားကစားသည်။

☆ ☆ ☆



ကောင်းမိုးချိုက သူမ ကြည့်ရှုမှတ်သားထားခဲ့သော လျှပ်စီးဓားမြန်သိုင်း၏ ဓားရေးဓားကွက် လှုပ်ရှားမှုများကို လက်တွေ့ လေ့ကျင့် ကစားပြသည်။ ဓားရိပ်ဓားရောင်များသည် ကောင်းမိုးချို ဗဟိုပြုလျက် အနီးဝန်းကျင် ဝါးတစ်ပြန်မရှိတရှိ နေရာက ချိုကို လွှမ်းခြုံအုပ်စီးသည်။

ဆံပင်နီအဘွားအို၏ မျက်နှာပေါ်တွင် အံ့ဩဝမ်းမြောက်သည့် အရိပ်အသွင်ချည်းသာ ထင်ရှားစွာ ပေါ်လွင်လာသည်။

သည်မိန်းကလေး သည်မျှလောက် မှတ်ဉာဏ်ကောင်းကာ ထိုးထွင်းသိမြင်နိုင်မည်ဟု ဆံပင်နီအဘွားအိုက လုံးဝ တွေးထင်မထားပေ။ ဉာဏ်ကောင်းလှသော ကောင်းမိုးချိုသည် ဆံပင်နီ အဘွားအို သုံးကြိမ်သုံးခါတိုင်တိုင် လှုပ်ရှားကစားပြသော လျှပ်စီးဓားမြန်သိုင်း၏ သိုင်းကွက် (၅) ကွက်နှင့် ဓားချက် (၂၅) ချက်တို့ကို ကောင်းစွာမှတ်သားနိုင်ကာ အမှားအယွင်းမရှိ လှုပ်ရှားကစားပြသည်။

www.burmeseclassic.com

www.burmeseclassic.com



အားအင်နှင့်တိုက်စစ်စွမ်းရည်တို့တွင် လိုအပ်ချက်ရှိနေသော်လည်း လျှပ်စီးဓားမြန်သိုင်း လှုပ်ရှားဟန်နှင့် ဓားကွက်တို့ကတော့ မှန်ကန်သည်။

သည်မိန်းကလေး သည်မျှမှတ်ဉာဏ်ကောင်းကာ ထိုးထွင်းသိမြင်နိုင်စွမ်း ရှိမည်ဟု ထင်မထားခဲ့သော ဆံပင်နီအဘွားအိုမှာ ကျေနပ်ပီတိဖြစ်မှုကြောင့် ခေါင်းတဆတ်ဆတ် ညိတ်နေမိသည်။

ကောင်းမိုးချို လျှပ်စီးဓားမြန်သိုင်းကို ကောင်းစွာ သဘောပေါက်ကာ ပိုင်နိုင်တတ်မြောက်သွားခဲ့လေပြီ။

"ဘယ့်နှယ်လဲ ... ကျွန်မ လေ့ကျင့်ကစားပြတာ ဟုတ်ရဲ့လား၊ အမှားအယွင်းတွေ၊ လိုအပ်ချက်တွေ ရှိနေလား"

လျှပ်စီးဓားမြန်သိုင်း၏ သိုင်းကွက် (၅) ကွက်နှင့် ဓားချက် (၂၅) ချက်တို့ကို တစ်ကွက်မကျန်၊ အပြန်ပြန်အလှန်လှန် လှုပ်ရှားကစားပြပြီးနောက် ကောင်းမိုးချိုက ဟိတ်ဟန်အပြည့်ဖြင့် မေးလိုက်သည်။

ဆံပင်နီအဘွားအိုက သက်ပြင်းတစ်ချက်ချကာ ခေါင်းကို ဆတ်ခနဲ ညိတ်သည်။ မယုံနိုင်ဖွယ်ရာ ဖြစ်သော်လည်း သူကိုယ်တိုင် မျက်စိနှင့် တပ်အပ်သေချာစွာ တွေ့မြင်မှုကိုတော့ ဆံပင်နီအဘွား



အို ငြင်းချက်မထုတ်လိုတော့ပေ။

"ကောင်မလေး ... မင်း ဒီလောက် ဉာဏ်ကောင်းပြီး သိနိုင်မှတ်နိုင်လိမ့်မယ်လို့ ငါ မထင်မိတာကိုတော့ ဝန်ခံတယ်၊ မင်း လျှပ်စီးဓားမြန်သိုင်းကို ကောင်းကောင်းနားလည် တတ်မြောက်သွားပြီ၊ မင်းကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်တဲ့သူ သိုင်းလောကမှာ သိပ်မရှိတော့ဘူး၊ လက်ချိုးရေတွက်လို့ကောင်း ရတယ်၊ မင်းရဲ့သိုင်းပညာအဆင့်နဲ့ ဟောဒီ အသေခိုးချောက်ကမ်းပါးအောက်ကနေ ပြန်ထွက်သွား တက်သွားနိုင်ပြီ၊ ငါ ချီးမွမ်းဂုဏ်ပြုလိုက်ပါ့မယ်၊ ကဲ ... ချောက်ကမ်းပါး ထိပ်ကိုရောက်အောင် ပြန်တက်သွားပါတော့"

ဆံပင်နီ အဘွားအိုက ပြောသည်။

"ကျွန်မကို ကောင်းကောင်း အပြစ်ပေးမယ်ဆို၊ ဘာကြောင့် ဒီအတိုင်း ပြန်လွှတ်ပေးရတာလဲ"

ကောင်းမိုးချိုက မေးလိုက်သည်။ ဆံပင်နီအဘွားအို၏ မျက်နှာပေါ်တွင် အကဲခတ်ရခက်သောအမူအရာများ ပေါ်လာသည်။ ထို့နောက် အဘွားအိုက တစ်ချက်ရယ်မောလိုက်ရာ ထိုအမူအရာ အရိပ်အသွင်များ ရုတ်ခြည်းပင် ပပျောက်ကုန်သည်။

"ငါသင်ပေးလိုက်တဲ့ လျှပ်စီးဓားမြန်သိုင်းကို လက်တွေ့

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲမှာ ထုတ်သုံးခဲ့ပြီးရင် မင်းဘာသာမင်း နားလည်သဘော ပေါက်လာပါလိမ့်မယ်"

ဆံပင်နီအဘွားအိုက ပဟေဠိဆန်ဆန် အဖြေပေးသည်။

"ကြီးကြီးအနေနဲ့ အသေဆိုးချောက်နက်ကနေ အပေါ်ကို ပြန်တက်ချင်တယ်ဆိုရင် ကျွန်မ ကူညီခေါ်ယူသွားပါ့မယ်"

ကောင်းမိုးချိုက စေတနာမှန်ဖြင့် ပြောသည်။ ဆံပင်နီ အဘွားအို သင်ပေးလိုက်သော လျှပ်စီးဓားမြန်သိုင်းကွက်သည် တကယ်ပင် အဆင့်မြင့် အစွမ်းထက်ကြောင်း ကောင်းမိုးချို သံသယကင်းစွာ ယုံကြည်သည်။ လျှပ်စီးဓားမြန်သိုင်း လေ့ကျင့်အောင်မြင်ခဲ့မှုကြောင့် မိမိ၏သိုင်းပညာစွမ်းရည် မြင့်မားထက်မြက်လာကာ ချောက်ကမ်းပါးထိပ်သို့ အရောက်တက်နိုင်မည်လည်း ယုံကြည်သည်။

ထို့ကြောင့် ဆံပင်နီအဘွားအိုကို လေးစားမှုအပြည့်ဖြင့် ကြီးကြီးဟု သုံးစွဲ ခေါ်ဝေါ်သည်။

"ငါသာ ဒီချောက်ကမ်းပါးက ထွက်သွားချင်ရင် ပြန်တက်သွားတာကြာပြီ၊ မင်းရောက်လာပြီး ကူညီပေးတဲ့အချိန်အထိတောင် စောင့်နေစရာ မလိုပါဘူး"

ဆံပင်နီအဘွားအို၏စကားမှာ လူသူကင်းဝေးသည့် 'အသေဆိုးချောက်ကမ်းပါးနက်' ထဲတွင် သက်ဆုံးတိုင် နေသွားမည့် သဘောရှိနေကြောင်း ကောင်းမိုးချို နားလည်လိုက်သည်။ ဘာကြောင့် သည်လိုစိတ်ကူးမျိုး ရှိရသည်ကိုတော့ မခန့်မှန်းတတ်ပေ။ နာကြည်းစရာ အတိတ်ဇာတ်ကြောင်းတစ်ခုခုများ ရှိလေမည်လားဟု တွေးကာ စိတ်မကောင်းတော့ ဖြစ်မိသည်။



"ကြီးကြီးက ကျွန်မကို အဆင့်မြင့်အစွမ်းထက် သိုင်းပညာ သင်ပေးခဲ့တာဆိုတော့ ကြီးကြီးအတွက် လုပ်ပေးစရာရှိရင် ပြောပါ၊ ကျွန်မ အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးပါ့မယ်"

ကောင်းမိုးချိုက ပြောလိုက်သည်။ မိမိကို အဆင့်မြင့်အစွမ်းထက် သိုင်းပညာသင်ကြားပေးသော ကျေးဇူးရှင်တစ်ယောက်အဖြစ် သတ်မှတ်ကာ ပြောလိုက်သည့်စကားဖြစ်သည်။

ဆံပင်နီအဘွားအိုက ခြောက်ကပ်ကပ် ရယ်မောလိုက်သည်။

"ဘာလဲ ... မင်းက ငါ့ကို ကျေးဇူးရှင်လို့ သတ်မှတ်ပြီး ကျေးဇူးဆပ်တာလား၊ ဘာမှ ကျေးဇူးတင်မနေနဲ့၊ မင်းကို ဘာကြောင့် လျှပ်စီးဓားမြန်သိုင်း သင်ပေးရတယ်ဆိုတဲ့ အကြောင်းရင်း အမှန်ကို တစ်နေ့ကျ မင်းသိမှာပါ၊ အဲဒီအချိန်ကျမှ ကျေးဇူးတင်ထိုက်

www.burmeseclassic.com

www.burmeseclassic.com



မတင်ထိုက် မင်းဆုံးဖြတ်ပေါ့၊ ရော့ … ဟောဒီလျှပ်စီးမိုးကြိုးဓားကိုပါ ယူသွား၊ လျှပ်စီးမိုးကြိုးဓားကို ကိုင်စွဲပြီးတိုက်ခိုက်ရင် မင်းရဲ့ လျှပ်စီးဓားမြန်သိုင်းစွမ်းရည် အဆင့်ကုန် အပြည့်အဝ ပေါ်ထွက်လိမ့်မယ်၊ တခြားဓားသုံးရင်တော့ လျှပ်စီးဓားမြန်သိုင်းစွမ်းရည် အပြည့်အဝ ပေါ်ထွက်လာမှာမဟုတ်ဘူး”

ဆံပင်နီအဘွားအိုက ရွှေရောင်ဓားတိုကို လှမ်းပစ်ပေးလိုက်သည်။ ကောင်းမိုးချိုက အလိုက်သင့် ဆီး၍ဖမ်းယူလိုက်၏။ လျှပ်စီးမိုးကြိုးဓားတိုသည် ကောင်းမိုးချိုထင်ထားသလောက် အလေးချိန် မစီး။

ထိုဓားကို ရွှေစင်ရွှေသားအစစ်ဖြင့် သွန်းလုပ်ထားသည်ဟု ကောင်းမိုးချိုက ထင်မှတ်ကာ အလေးချိန်အတော်စီးမည်ဟု တွက်ဆခဲ့သည်။ ယခု လက်ထဲရောက်လာသော လျှပ်စီးမိုးကြိုးဓားမှာ အတော်ပင်ပေါ့နေသည်။

“ဒီဓားကို ဘာနဲ့ သွန်းလုပ်ထားတာလဲ၊ ရွှေသားတော့ မဟုတ်နိုင်ဘူး”

ကောင်းမိုးချိုက မေးလိုက်မိသည်။

“အဲဒါကိုတော့ ငါလည်း အမှန်မသိဘူး၊ ရွှေသားမဟုတ်



တာလောက်ကတော့ သေချာပါတယ်၊ ကဲ ကဲ … မင်းသွားစရာရှိတဲ့ လမ်းကို သွားပေတော့”

“ကောင်းပါပြီ … ကျွန်မ သွားပါတော့မယ် … ခွင့်ပြုပါ၊ ကြီးကြီးကို နှုတ်ဆက်ခဲ့ပါတယ်”

ကောင်းမိုးချို ဆံပင်နီအဘွားအိုကို ကျောခိုင်းကာ ဂူအပြင်ဘက်သို့ လျှောက်လှမ်းလာခဲ့သည်။

ဆံပင်နီအဘွားအိုသည် လျှောက်လှမ်းထွက်ခွာသွားသော ကောင်းမိုးချို၏ နောက်ကျောကို ကြည့်ကာ တဟားဟား ရယ်မောနေသည်။ အလုပ်ချင်ဆုံးသော အလုပ်တစ်ခုကို အောင်မြင်ချောမောစွာ ပြီးမြောက်အောင်လုပ်ဆောင်ခဲ့ရပြီးနောက် ကျေနပ်အားရစွာ ရယ်မောသည့်အသွင်အပြင်မျိုး ဖြစ်သည်ကို ကောင်းမိုးချို သတိပြုမိသည်။

ကောင်းမိုးချိုသည် ဂူဆီသို့ ဦးတည်လျှောက်လှမ်းနေသော ခြေလှမ်းတို့ကို တုံ့ရပ်ကာ ခေါင်းကို နောက်လှည့်ကြည့်သည်။ ဆံပင်နီအဘွားအို၏ ရယ်မောသံလည်း ရုတ်ခြည်းရပ်တန့်သည်။ ကောင်းမိုးချိုကို စူးစူးရဲရဲပင် စိုက်ကြည့်သည်။ ထိုအကြည့်ကြောင့် ကောင်းမိုးချိုမှာ ကျောချမ်းသလိုလိုပင် ဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးက ဘယ်သူလဲ ... နာမည် ဘယ်လိုခေါ်သလဲ"

ကောင်းမိုးချိုက မေးလိုက်သည်။ ဆံပင်နီအဘွားအိုဏ် မျက်နှာအမူအရာ လှုပ်ရှားပြောင်းလဲကာ ပါးစပ်မှ ဟွန့်ခနဲ အသံ တစ်ချက်ပြုသည်။

"အဲဒါကို ငါပြောနေစရာမလိုဘူး၊ မင်းက လျှပ်စီးစားမြန် သိုင်းတတ်မြောက်ပြီး လျှပ်စစ်မိုးကြိုးစားလည်း ကိုင်စွဲနိုင်ပြီဆိုတော့ ငါ ဘယ်သူဘယ်ဝါဆိုတာ မင်းကိုယ်တိုင် အနေးနဲ့အမြန် ဆိုသလို သိလာလိမ့်မယ်"

ကောင်းမိုးချိုလည်း ဘာမျှ ဆက်မပြောမနေတော့ဘဲ ဂူ အပြင်ဘက်သို့ ဆက်၍ ထွက်လာခဲ့လေတော့သည်။

☆ ☆ ☆ ☆ ☆



## အခန်း ( ၃ )

တောင်ပိုင်းဒေသ၊ တာ့လီနယ်ရှိ အရိုးဖြူတောင်တန်းသို့ ချင်လိန်ဝေ ရောက်ရှိလာသည်။ ရည်ရွယ်ချက်၊ ဦးတည်ချက်ဟူ၍ တော့ မယ်မယ်ရရ မရှိ။ စိတ်လေလေနှင့် ခြေဦးတည့်ရာ လျှောက် သွားရင်း ရောက်လာခြင်း ဖြစ်သည်။

တောင်ပိုင်းဒေသသည် ရာသီဥတု ဆိုးဝါးကြမ်းတမ်းခြင်း မရှိ။ သင့်တင့်မျှတ ကောင်းမွန်သည်။ ရာသီဥတု သမမျှတသော ကြောင့် တောတောင်ရေမြေတို့ စိမ်းလန်းစိုပြည်သည်။ ပန်းပေါင်းစုံ တို့ ဖူးပွင့်သည်။ ရှုကြည့်လေရာနေရာတိုင်းသည် သာယာတင့်မော နေသည်။

ဆွတ်ပျံ့ကြည်နူးဖွယ်ရာ သဘာဝအလှအပတို့သည် ချင် လိန်ဝေ၏ ညစ်ညူးနေသောစိတ်ကို ဆေးကြောသန့်စင်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြည်လင်အေးချမ်းသွားသည်နှင့်အမျှ လူကလည်း ကြည်လင်လန်းဆန်းရွှင်မြူးတက်ကြွလာသည်။

ချင်လိန်ဝေသည် သီချင်းတစ်ပုဒ်ကို တီးတိုးသီဆိုရင်း တောတန်းလေးတစ်ခုကို ဖြတ်သန်းသွားနေသည်။ သည်အရပ် သည်ဒေသသို့ ချင်လိန်ဝေ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးပါ။ အရာရာသည် သူ့အတွက် စိမ်းနေသည်။

ဝါးစိမ်းကိုယ်တော်၏ လက်အောက်တွင် ပညာများကို စနစ်တကျ သင်ယူဆည်းပူးခဲ့ရပြီး ပင်ကိုအားဖြင့်လည်း စည်းကမ်းကျနစွာ နေထိုင်တတ်သူမို့ နယ်စိမ်းပယ်စိမ်းသို့ ပထမဆုံးအကြိမ် ရောက်ရှိလာသောအခါ ပေါ့လျော့မှုမရှိဘဲ အစစအရာရာကို စူးစမ်းလေ့လာမှတ်သားသည်။

ထို့ကြောင့် ယခု မိမိရောက်ရှိနေသော နေရာသည် တောင်ပိုင်းဒေသ တာ့လီနယ်၊ အရိုးဖြူတောင်တန်း အရှေ့ဘက်ရှိ စိမ်းညို့ညို့ တောအုပ်ဖြစ်ကြောင်း ချင်လိန်ဝေ သိရှိနေသည်။

ကြည်နူးဆွတ်ပျံ့ဖွယ်ရာ လှပတင့်တယ်သောပတ်ဝန်းကျင်အလှနှင့် လုံးဝမလိုက်ဖက်သော အကျည်းတန်ဖြစ်ရပ်တစ်ခု ရုတ်တရက် ပေါ်ပေါက်သည်။



"ဟား ဟား ဟား"

"ဟီး ဟီး ဟီး"

"ဟဲ ဟဲ ဟဲ"

အက်ကွဲကွဲ ရှုတတ ရယ်မောသံများ ရုတ်တရက် ပေါ်ထွက်လာသည်။ ရယ်မောသံတွေဆိုသော်လည်း စိတ်ရွှင်လန်းဖွယ်ရာအငြိမ်အငွေ့ လုံးဝမရှိ၊ ကျက်သရေမင်္ဂလာကင်းမဲ့လှသည့် မကောင်းဆိုးဝါးနိမိတ်လက္ခဏာတွေသာ ပြည့်နှက်နေသည်။

တစ္ဆေသရဲ နတ်ဆိုးမိစ္ဆာတွေ မြူးထူးသည့်နှယ် တုန်လှုပ်ချောက်ချားဖွယ်ရာ ရယ်မောသံများသည် သာမန်လူတစ်ယောက်အတွက်ဆိုလျှင်တော့ ကြောက်စရာအတိ ဖြစ်သည်။

ရဲရင့်တည်ကြည်သော ချင်လိန်ဝေအတွက်ကတော့ ထိုရယ်သံများက ခြောက်လှန့်ခြင်း မဖြစ်ကြပေ။ ရယ်သံတို့၏ နောက်ကွယ်တွင် ဘယ်လိုခြိမ်းခြောက်ရန်ပြုမှု ပေါ်ထွက်လာလေမည်နည်းဟု စူးစမ်းရင်း အသင့်စောင့်နေသည်။

ရယ်သံတို့က တောတန်းလေးတစ်ဝိုက် ပဲ့တင်ထပ်သွားပြီးသည့်နောက် သစ်ပင်ချုံနွယ်များအကြားမှ လူတွေ တစ်ယောက်ပြီးတစ်ယောက် ခုန်ပေါက်ကာ ထွက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးပေါင်း (၅) ယောက်။ အသက်အရွယ် အမျိုးမျိုး၊ သက်ငယ်ပိုင်း၊ သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်း။ အရွယ်စုံသည်၊ အရပ်မြင့်သူ ပါသလို အရပ်ပုသူလည်း ထွက်ပေါ်လာသည်။ ပိန်သူတချို့၊ ဝသူတချို့နှင့် ကိုယ်လုံးကိုယ်ထည် အနေတော်ရှိသူများလည်း ပါရှိသည်။

တူညီသည်ကတော့ လူ (၅) ယောက်လုံး အစိမ်းရောင် ဝတ်စုံများ ဝတ်ဆင်လျက် လက်နက်ကိုယ်စီ ကိုင်စွဲထားကြခြင်းပင်၊ လက်နက်တွေကတော့ ဓား၊ လှံ၊ ပုဆိန်၊ တုတ်နှင့် ကျာပွတ် အမျိုးစုံလင်သည်။ မြင်လိုက်သည်နှင့်ပင် အထွေအထူး အကဲဖြတ်စရာ မလိုဘဲ လူဆိုးလူမိုက်၊ တောပုန်းဓားပြတွေဖြစ်ကြောင်း သိသာနိုင်သည်။

လူကောင်းတွေ မဟုတ်ကြောင်း ဒက်ခနဲဆို ချက်ချင်းသိလိုက်သည်နှင့် ချင်လိန်ဝေက ဓားရှည်ကို ရှမ်းခနဲ ဆွဲထုတ်ကာ အသင့်ခင်းလိုက်သည်။

"ကျွန်တော် တိုက်လားခိုက်လား မလုပ်ချင်ဘူး … ဖယ်ရှားပေးပါ"

ချင်လိန်ဝေက လေးနက်တည်ကြည်စွာ ပြောလိုက်သည်။ အချင်းမပွားလိုသောကြောင့် ရန်ငြိမ်းစကားဆိုသော်လည်း အသက်



(၂၀) ဝန်းကျင်အရွယ် လူငယ်တစ်ယောက်၏ဟိတ်ဟန်ကို တောပုန်းဓားပြ (၅) ယောက်တို့က လုံးဝ အရေးမထားကြပါ။

"ဟား ဟား ဟား … အပြောကောင်းတယ်၊ ငါတို့ စိမ်းညို့ညို့ သရဲငါးဖော်ကလည်း မင်းလို ဘာမဟုတ်တဲ့ ငချွတ်လေး တစ်ယောက်နဲ့ တိုက်လားခိုက်လား မလုပ်ချင်ပါဘူး၊ ဒီတော့ လိမ်လိမ်မာမာနဲ့ မင်းမှာပါလာတဲ့ အဖိုးတန်ပစ္စည်းတွေကို ထုတ်ပေးပြီး မင်းသွားရမယ့်လမ်းကို ဆက်သွားပေတော့"

လူ (၅) ယောက်အနက်မှ အသက်အကြီးဆုံးဖြစ်သော အရပ်မြင့်မြင့်၊ တုတ်တုတ်ခိုင်ခိုင် အသက် (၅၀) အရွယ်လူကြီးက ညာလက်တွင် ကိုင်ထားသော ဓားကောက်ကြီးကို တစ်ချက်ဝင့်ရင်း မာန်ဝါပါနှင့်ပြော၏။

စိမ်းညို့ညို့သရဲငါးဖော် ဆိုသည်ကို ချင်လိန်ဝေ မကြားဖူးပါ။ ထိုလူကြီးက ဟိတ်ဟန်အပြည့်ဖြင့် ထုတ်ဖော်ပြောဆိုသည့်အတွက် ဤနေရာဒေသတစ်လွှားတွင် နာမည်ထင်ရှား လူသိများသော လူဆိုးဓားပြသိုင်းသမားဆိုး အုပ်စုတစ်စု ဖြစ်လိမ့်မည်ဟုတော့ အကြမ်းဖျင်း နားလည်လိုက်သည်။

"ဒီလောက်တော့ မလွယ်ဘူးထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ချင်လိန်ဝေက အသင့်ခင်းထားသော ဓားရှည်ကို ရင်ဘတ်ပေါ်တွင် ဘယ်ဘက်သို့ ခပ်စောင်းစောင်း အနေအထား ပြုလိုက်သည်။

"အကြောင်းပြလိုက်ကြစမ်း"

ခေါင်းဆောင်လုပ်သူ ဓားကောက်ကိုင်လူကြီးက အမိန့်ပေးလိုက်ရာ သူ၏နောက်လိုက် (၄) ယောက်တို့ ချင်လိန်ဝေကို ဘယ်ညာဝိုင်းညှပ်ကာ ဝင်ရောက်တိုက်ခိုက်ကြသည်။

ဓားရှည်ကိုင်ထားသူနှင့် ကျာပွတ်ကိုင်စွဲသူတို့က ညာဘက်မှ၊ တုတ်ရှည်သမားနှင့် ပုဆိန်လက်နက်ရှင်တို့က ဘယ်ဘက်မှ တစ်ဖက်နှစ်ယောက်စီ ဝိုင်းညှပ်တိုက်ခိုက်ကြသော်လည်း ပူးပေါင်းမှုကတော့ သိပ်စနစ်မကျလှ။

လေးယောက်သား ပြိုင်တူလှုပ်ရှားတိုက်ခိုက်ကြသော်လည်း အားလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမဟုတ်။ မဆိုစလောက် မြန်ဆန်သူ၊ အနည်းငယ် တုံ့နှေးသူ၊ ရှေ့သို့ပိုတက်သူ၊ အဝင်နောက်ကျသူဟူ၍ လေးယောက်လုံးတွင် လစ်ကွက် ဟာကွက်လေးများ ရှိနေသည်။

သာမန်အားဖြင့်တော့ ပြိုင်တူ ဝိုင်းတိုက်ခိုက်ကြသည်ဟု



ဆိုရမည်ဖြစ်သော်လည်း သိုင်းပညာကို အဆင့်မြင့်မြင့် စနစ်တကျ လေ့ကျင့်သင်ယူ တတ်မြောက်လာခဲ့သော ချင်လိန်ဝေ၏ မျက်စိတွင်တော့ တစ်ဖက်လူလေးယောက်တို့၏ မဆိုစလောက်သော လစ်ကွက် ဟာကွက်လေးများကို ကောင်းစွာ ထင်ရှားတွေ့မြင်နေရသည်။

စိမ်းညို့ညို့သရဲဆိုသူ လေးယောက်တို့သည် စုပေါင်းတိုက်စစ်ဆင်ကြသော်လည်း အတူပူးပေါင်းတိုက်ခိုက်မှုကို သေချာကျနစွာ လေ့ကျင့်ထားမှုမရှိကြောင်း ချက်ချင်းပင် အကဲခတ်မိသည်။ တစ်ဖက်လူတို့၏ပျော့ကွက်ကို ခက်ခနဲ သိမြင်လိုက်ပြီမို့ ချင်လိန်ဝေအနေဖြင့် လေးယောက်တစ်ယောက် ရင်ဆိုင်ရသော်လည်း ကြောက်စရာမလိုတော့။

ချင်လိန်ဝေသည် တစ်ဖက်လူတို့၏ ပထမတိုက်ကွက်ကို ဖိဖိစီးစီး ရင်ဆိုင်ခြင်း မပြုဘဲ အသာပင် နောက်ဆုတ် ရှောင်တိမ်းပေးလိုက်သည်။ ချက်ချင်းဆိုသလိုပင် တစ်ဖက်ရန်သူများနှင့် ပတ်သက်၍ မိမိအကဲဖြတ်ချက် မှားယွင်းနေကြောင်း ချင်လိန်ဝေ သိလိုက်ရသည်။

စိမ်းညို့ညို့သရဲလေးယောက်တို့၏ ပူးပေါင်းတိုက်ခိုက်မှုသည် အားလုံး ပြိုင်တူ ညီညီညာညာမရှိဘဲ လစ်ကွက်ဟာကွက်များ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေခြင်းမှာ ပျော့ကွက်မဟုတ်။ တမင်ပင် ထိုကဲ့သို့ ထင်ခုတ်စေရန် ဖန်တီးသည့် လှည့်ကွက်ပရိယာယ် ဖြစ်နေသည်။

ချင်လိနိဝေသည် တစ်ဖက်လူတို့၏ပျော့ကွက်ကို တွေ့သိရပြီဟု ခပ်ပေါ့ပေါ့ဆဆလုပ်မိရာ စိမ်းညို့ညို့သရဲတို့၏ ပရိယာယ်ဆင်ကွက်ထဲ တည့်တည့်တန်းတန်း တိုးဝင်မိသွားရသည်။

တစ်ဖက်ရန်သူတို့က ချင်လိနိဝေကို လေးဖက်လေးတန်မှ အပိုင်အနိုင် ဝိုင်းညှပ်မိသွားကြသည်။ ရန်သူ လေးယောက်အကြားတွင် ညှပ်ပူးညှပ်ပိတ် ဆိုသလို လွတ်လမ်းမရှိအောင် ပိတ်မိသွားသော ချင်လိနိဝေမှာ မြုံးထဲမိသွားသော ငါးတစ်ကောင်လို ဖြစ်နေလေပြီ။

တစ်ဖက်လူများ ချေမှုန်းရေးတိုက်ကွက်ဆင်ကြလျှင် ချင်လိနိဝေအနေဖြင့် လည်စင်း၍သာ ခံရတော့မည့်အခြေအနေတွင် ဆိုက်ရောက်နေသည်။

သေရေးရှင်ရေးအခြေအနေနှင့် ရင်ဆိုင်ရသောအခါ သက်စောင့်စွမ်းရည်တစ်ခုခုကို အလိုအလျောက် ထုတ်သုံးတတ်သော လူသားတို့၏သဘောသဘာဝအတိုင်း စိမ်းညို့ညို့သရဲလေးယောက်တို့၏ ပွဲသိမ်းချေမှုန်းရေးသိုင်းကွက်အောက်တွင် အသက်ပျောက်



လုလုအခြေအနေရောက်နေသော ချင်လိနိဝေသည် ရုတ်တရက် ဓားကွန်ချာသိုင်းကွက်ကို ထုတ်သုံးလိုက်လေသည်။

ဓားကွန်ချာသိုင်းကွက်သည် ချင်လိနိဝေတို့ တာ့လိနယ် ချင်မျိုးနွယ်စု၏ မျိုးဆက်သိုင်းပညာတစ်ခု ဖြစ်သည်။ ချင်လိနိဝေ လူသားမြောက်စအရွယ်ကပင် ဖခင်ကိုယ်တိုင် ကြပ်မတ်မှုဖြင့် ဓားကွန်ချာသိုင်းကွက်ကို အခြေခံမှစ၍ စနစ်တကျ သင်ယူလေ့ကျင့် ခဲ့ရသည်။

လူလားမြောက်စပြုချိန်မှစ၍ အသက် (၁၈) နှစ်အရွယ်ကိုင်အောင် နေ့စဉ် အချိန်မှန်မှန် မပျက်မကွက် လေ့ကျင့်လာခဲ့ရသည့်အတွက် ဓားကွန်ချာသိုင်းကွက်သည် ချင်လိနိဝေ၏ အသွေးအသားများသာမက ရိုးတွင်းခြင်ဆီကိုင်အောင်ပင် စူးနစ်စွဲမြဲနေသည်။ သက်စောင့်စွမ်းရည်တစ်ခုလိုပင် ဖြစ်နေခဲ့သည်။

ယခု အသက်ဘေးအန္တရာယ် တွေ့ရသောအခါ ချင်လိနိဝေသည် ဓားကွန်ချာသိုင်းကွက်ကို အလိုအလျောက်ပင် ထုတ်သုံးလိုက်လေပြီ။

ဓားရိပ်ဓားရောင်တို့ ပြုးပြက်ပေါ်ထွက်သည်။ အပိုင်အနိုင်ဝိုင်းညှပ်ထားပြီး ပွဲသိမ်းချေမှုန်းရေး တိုက်ကွက်ဆင်လာသော စိမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖက်ရန်သူလေးယောက်တို့၏ သိုင်းကွက်တွေ ရုတ်ခြည်း ပျက်ပြယ်ကုန်သည်။ ဘယ်လိုမှ ထင်မှတ်မထားသော တန်ပြန်တိုက်ကွက်ကြောင့် အံ့သြတုန်လှုပ်ကုန်ကြသည်။

☆ ☆ ☆



တကယ်တမ်းတော့ ဓားကွန်ချာသိုင်းကွက်သည် ထိပ်တန်းအစွမ်းထက် သိုင်းကွက်တစ်ခုတော့ မဟုတ်ပါ။ သာမန်အဆင့်မြင့် ဓားရေးဓားကွက်တွေသာ ဖြစ်သည်။ သို့သော် မျိုးဆက်သိုင်းပညာရပ်တစ်ခုအဖြစ် မိဘဘိုးဘွားတို့က သားစဉ်မြေးဆက်သို့ အဆင့်ဆင့်လက်ဆင့်ကမ်းကာ အမွေပေးသင်ကြားခဲ့သည်မို့ တာ့လီနယ် ချင်းမျိုးနွယ်သိုင်းသမားများနှင့်တော့ အထူးပင် အထာကျနေသည်။

ပင်လယ်ရေလှိုင်းတို့သည် နောက်လှိုင်းက ရှေ့လှိုင်းကို အားဖြည့်တွန်းတင်ပေးသည့် သဘောသဘာဝလို မျိုးဆက်တစ်ဆက်ထက် တစ်ဆက် ပို၍ကျွမ်းကျင်ပိုင်နိုင်လာသည်။ ငယ်ရွယ်စဉ်ကလေးဘဝက စကာ (၁၈) နှစ်တိုင် သေသေချာချာ လေ့ကျင့်လာခဲ့ရသူ ချင်လိန်ဝေသည် ဓားကွန်ချာသိုင်းကွက်ကိုတော့ မွေးရာပါ သိုင်းပညာလို ပိုင်နိုင်ကျွမ်းကျင်နေသည်။

ထို့ကြောင့် ချင်လိန်ဝေထုတ်သုံးလိုက်သော ဓားကွန်ချာသိုင်းကွက်၏ ဓားရေးဓားဟန် လှုပ်ရှားထိုးခုတ်မှုတို့သည် အစိုအလို

www.burmeseclassic.com

www.burmeseclassic.com



မရှိ။ အားလုံး ကွက်တိဖြစ်လျက် အထူးပင် စနစ်ကျန မှန်ကန်ကြသည်။

သိုင်းကွက်သိုင်းဟန်တစ်ခုကို ကျနပြည့်စုံစွာ လှုပ်ရှားလျှင် သိုင်းစွမ်းရည်အပြည့်အဝ အလျှံပယ်ဆိုသလို ပေါ်ထွက်လာတတ်ပေရာ ချင်လိန်ဝေ၏ဓားချက်များ အထူးထက်မြက်နေသည်မှာ မဆန်းပါ။

စိမ်းညို့ညို့သရဲလေးယောက်တို့ ဖရိုဖရဲ ဖြစ်ကုန်သည်။ လန်ထွက်သွားကြသည်။ မိမိ၏လူများ အခြေမဟန်သည်ကို တွေ့ရသောအခါ ခေါင်းဆောင်လုပ်သူ ဓားမောက်ကိုင်လူထွားကြီးသည် ကိုယ်တိုင်ပါဝင်တိုက်ပွဲဝင်ရန် ရှေ့သို့ပြေးတက်လာသည်။

ခေါင်းဆောင်ကိုယ်တိုင် ထွက်လာ၍ အားတက်သွားကြသော စိမ်းညို့ညို့သရဲလေးယောက်တို့လည်း ဖရိုဖရဲဖြစ်နေရာမှ ပြန်စုစည်းကြသည်။ ခေါင်းဆောင်လူထွားကြီး၏ နောက်တွင် တစ်ဖက် နှစ်ယောက်စီ ဝင်နေရာယူကြသည်။

ဓားမောက်ကိုင် ခေါင်းဆောင်လူထွားကြီးက ရှေ့ဆုံးတွင် နေရာယူကာ ဝဲဘက်တွင် နှစ်ယောက်၊ ယာဘက်တွင် နှစ်ယောက် စပ်စောင်းစောင်း ဝင်ရပ်လိုက်ရာ မြားဦးထိပ်သဏ္ဍာန် အနေအထား



မျိုး ဖြစ်သွားသည်။

စနစ်တကျ နေရာယူလိုက်ကြပြီးနောက် ချင်လိန်ဝေကို အတင်းဝင်ရောက်တိုက်ခိုက်တော့မည်အပြုတွင် ဟန့်တားသံတစ်ခု ပေါ်ထွက်လာသည်။

"ရပ်လိုက်ကြစမ်း"

ခပ်တိုးတိုး ဖြစ်သော်လည်း အတွင်းအားအပြည့်ပါသော အသံစူးစူးက နားထဲ တိုးဝင်လာရာ ကြားရသူတို့ လှုပ်လှုပ်ရှားရှား ဖြစ်သည်။ အသံပေါ်လာရာသို့ စိမ်းညို့ညို့သရဲ ငါးဖော်ရော၊ ချင်ဖိန်ဝေပါ လှမ်းကြည့်လိုက်ကြသည်။

ချုံပုတ်ကြီးတစ်ခုနောက်မှ လူတစ်ယောက် ထွက်ပေါ်လာသည်။ အရပ် ခပ်ပျက်ပျက်၊ ပိန်ပိန်ပါးပါး။ အဖြူရောင်ဝတ်စုံကို သေသေသပ်သပ် ဝတ်ထားသည်။ ရုပ်ရည်နုနယ်သည်။ ချင်လိန်ဝေ၏ စိတ်ထဲတွင် အသက် (၁၆) နှစ်သာသာမျှသာ ရှိမည်ဟု ထင်မိသည်။

အသက်ငယ်ရွယ်သေးသည့် လူငယ်လေးတစ်ယောက်က အတွင်းအားပြည့်ဝသော စကားသံ ဖော်ထုတ်နိုင်သည်ကိုတွေ့ အံ့သြမိသည်။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းညို့ညို့သရဲငါးကောင်တို့၏ အသွင်အပြင် အခြေအနေတို့သည်လည်း ချက်ချင်းပင် မျက်လှည့်ပြလိုက်သလို ပြောင်းလဲသည်။ လက်နက်များ တဝင့်ဝင့်နှင့် ရှိခဲ့သော လူဆိုးဓားပြတို့၏ ဟိတ်ဟန်တွေ လုံးဝမရှိတော့။

ကြောင်ရှေ့ရောက်သော ကြွက်သူငယ်လေးများလို ရှိကျိုးငြိမ်ဝပ်သွားကြသည်။ လက်ထဲတွင် လက်နက်များ ကိုင်ထားဆဲ ရှိကြသော်လည်း လက်များက အောက်သို့ကျနေရာ လက်နက်တို့သည်လည်း ရန်မူမည့်အနေအထား မရှိကြတော့။

“မင်းတို့ ထွက်မသွားကြသေးဘူးလား”

ဝတ်စုံဖြူဝတ် လူငယ်လေးက ပြောသည်။ ခပ်မာမာ ခပ်ဆတ်ဆတ်ဖြစ်လျက် အမိန့်သြဇာ ဟိတ်ဟန်များ အပြည့်ပါသည်။ စိမ်းညို့ညို့သရဲ ငါးကောင်မှာ တစ်ခွန်းမျှပင် မပြောကြ။ ငြိမ်ကုပ်စွာပင် ထိုနေရာမှ ထွက်သွားကြသည်။

အသက် (၁၆) နှစ်သာသာ လူငယ်လေးတစ်ယောက်၏ စကားတစ်ခွန်းဖြင့် အားကောင်းမောင်းသန် လူဆိုးဓားပြ ငါးယောက် မာန်လျှော့ထွက်ခွာသွားကြသည်မှာ ယုံနိုင်ဖွယ်ရာပင် မရှိပေ။

“အခုလို အကူအညီပေးတာ အများကြီး ကျေးဇူးတင်ပါတယ်၊ ဒီက ညီမောင်ရဲ့ နာမည်ကို သိပါရစေလား”



စိမ်းညို့ညို့သရဲငါးကောင်တို့ ထွက်ခွာသွားကြသောအခါ ချင်လိန်ဝေက လူငယ်လေးအား မိတ်ဆက်စကား ဆိုလိုက်သည်။

“ဟား ဟား ဟား ... မင်းက ငါ့ကို ညီမောင်လို့ ခေါ်တာ ကျုပ်အသက် မင်းထက်ငယ်တယ် ထင်လို့လား”

လူငယ်လေးက သဘောကျသလို ရယ်မောပြောဆိုသည်။ ချင်လိန်ဝေမှာ ခပ်ကြောင်ကြောင် ဖြစ်သွားရသည်။ အသက် (၁၆) နှစ်ခန့် ဝန်းကျင်အရွယ် လူငယ်လေးတစ်ယောက်ကို ညီမောင်ဟု မခေါ်လျှင် ဘယ်လိုခေါ်ရမည်နည်း။

“ကျုပ်အသက် ဘယ်လောက်ရှိပြီထင်လဲ”

လူငယ်လေးက မေးပြန်သည်။

“ဟို ဟို ... ဆယ့်ခြောက်နှစ်လောက်”

“ဟား ဟား ဟား ... ဘယ်ကလာကွာ ... ကျုပ်အသက် ခုနစ်ဆယ်ကျော်နေပြီ”

“ခင်ဗျာ”

ချင်လိန်ဝေ မယုံနိုင်အောင် အံ့ဩသွားရပြန်လေသည်။

“သိုင်းလောကမှာတော့ ကျုပ်ကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



လို့ ခေါ်ကြတယ်"

"ဟုတ်ကဲ့"

"မင်းက တာ့လိနယ် ချင်မျိုးနွယ်က မျိုးဆက်လား"

"ဟုတ်ပါတယ်"

"ချင်လိန်ရောင်နဲ့ ဘယ်လိုပတ်သက်လဲ"

"ကျွန်တော့်အဘိုးပါ"

"ဟုတ်ပြီ … မင်းက ချင်လိန်ရောင်ရဲ့မြေးကိုး၊ ဒါကြောင့် ဓားကွန်ချာသိုင်းကွက်ကို ပိုင်ပိုင်နိုင်နိုင် သုံးနိုင်တာပေါ့"

"ကျွန်တော့်ဘိုးဘိုးကို သိလို့လား"

ကလေးဘိုးဘိုး စောချိုဖုန်းက တဟားဟား ရယ်မောလိုက်ပြန်သည်။

"ဟားနဲ့ ဟား ဟား … သိရုံတင်ဘယ်ဟုတ်မလဲကွာ … ကျုပ်က မင်းအဘိုး ချင်လိန်ရောင်နဲ့ ငယ်သူငယ်ချင်းတွေကွ၊ ကျုပ် အခု အသက်ခုနစ်ဆယ်ကျော်နေတာတောင် ဆယ့်လေးငါးခြောက် နှစ်အရွယ် လူငယ်လေးလို အရွယ်တင်နုပျိုနေတာလည်း မင်းအဘိုး ချင်လိန်ရောင်ရဲ့ ကျေးဇူးကြောင့်ပဲ၊ သူ ဘယ်လို ကျေးဇူးပြုခဲ့တယ် ဆိုတာကိုတော့ အခါအခွင့်သင့်ရင် မင်းနားလည်သိရှိလာပါလိမ့်မယ်"



ချင်လိန်ဝေသည် ကလေးဘိုးဘိုးစောချိုဖုန်း အသက်အရွယ်နှင့်မမျှအောင် အရွယ်တင်နုပျိုနေမှုနှင့်ပတ်သက်၍ အထူးစိတ်ဝင်စားသည်။ မရမက မေးမြန်းကြည့်ရ၍ပင် စိတ်ကူးထားသည်။

သို့သော် စောချိုဖုန်းက ဝိတ်ပြောလိုက်သောစကားကြောင့် ချင်လိန်ဝေမှာ သူသိလိုသည့်အကြောင်းကို မေးမြန်းစူးစမ်းရန် ခက်သွားသည်။

"ကျုပ်သွားတော့မယ်၊ မင်းနဲ့ကျုပ် မကြာခင် ပြန်ဆုံတွေ့ကြဦးမှာပါ"

စကားဆုံးသည်နှင့် ကလေးဘိုးဘိုး စောချိုဖုန်းသည် လျင်မြန်စွာ ပြေးလွှားထွက်သွားရာ ရုတ်ခြည်း ကိုယ်ပျောက်သလို ချင်လိန်ဝေ၏မျက်စိမြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ကလေးဘိုးဘိုး စောချိုဖုန်း ပျောက်ကွယ်သွားသည်။ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် ချင်လိန်ဝေ၏မျက်စိမြင်ကွင်းထဲတွင် မိန်းကလေးတစ်ယောက်၏သွင်ပြင် ပေါ်လာသည်။

အသက် (၁၇) နှစ်သာသာလောက်ရှိသည့် အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည်။ ဆံပင်ကို ထူးခြားသောဆင်ယင်ထုံးဖွဲ့မှုတစ်မျိုးဖြင့် ပြုပြင်ထားကာ အစိမ်းရောင်ဖဲပြားရှည်ဖြင့် ပတ်ရစ်အလှဆင်ထားသည်။

မျက်လုံးကြည်ကြည်၊ မျက်တောင်ကော့ကော့၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းဖူးဖူးနှင့် အတော်ပင် ချောမောလှပသည်၊

"ချင်လိန်ဝေဆိုတာ ရှင်ပဲလား"

မိန်းမပျိုလေးက မျက်လုံးရွဲကြီးများဖြင့် ဟန်ပါပါ ကြည့်ကာ အသံချိုချိုလွင်လွင်လေးဖြင့် မေးသည်။

"ဟုတ်တယ် ... ကျွန်တော် ချင်လိန်ဝေပဲ"

ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေး၏ ညို့အားပြင်းသော သွင်ပြင်



ဟန်ပန်နှင့် ပြောပုံဆိုပုံတို့တွင် ယစ်မူးပျော်ဝင်သွားသော ချင်လိန်ဝေက မြန်မြန်သွက်သွက် အဖြေပေးလိုက်သည်။

"ကောင်းပြီ ... ရှင် ကျွန်မနဲ့လိုက်ခဲ့ပါ"

"ခင်ဗျားက ဘယ်သူလဲ ... ဘာကြောင့် ခင်ဗျားခေါ်ရာနောက် ကျွန်တော်က လိုက်ခဲ့ရမှာလဲ"

ညို့အားပြင်းသော ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေး၏ အလှအပ၊ အကြည့်အရှုများတွင် တိမ်းမူးသွားသော်လည်း သတိလက်လွတ်လောက်အောင်တော့ မဖြစ်သေးသော ချင်လိန်ဝေက ပြန်မေးလိုက်သည်။

"ကျွန်မက ပေဟဒီ သိုင်းထိပ်ခေါင်တင် ကျောက်စိမ်းအမိန့်တော်ပြား၊ ညွှန်ကြားမှုအရ ဆောင်ရွက်တာ၊ ဒီတော့ ရှင် ကျွန်မနောက် အေးအေးဆေးဆေးလိုက်ခဲ့တာ ကောင်းလိမ့်မယ်"

ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေးက ဤသို့ပြောရင်း နဂါးပုံတံဆိပ်ထွင်းထုထားသော ကျောက်စိမ်းပြားဝိုင်းတစ်ခုကို ထုတ်ပြသည်။

သိုင်းထိပ်ခေါင်တင် ကျောက်စိမ်းအမိန့်တော်ပြားဆိုသည်ကို ယခုမှ ကိုယ်တိုင် မြင်ဖူးတွေ့ဖူးသော်လည်း သူ့ဆရာ ဝါးရွက်စိမ်းကိုယ်တော် ပြောပြထားသည့်အတွက် ချင်လိန်ဝေကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



သိနေသည်။

'သိုင်းထိပ်ခေါင်တင် ကျောက်စိမ်းအမိန့်တော်ပြား' သည် သိုင်းပညာ အဆင့်မြင့်မားလွန်းလှသော အမျိုးသမီး သိုင်းပညာရှင် တစ်ယောက်ကို ကိုယ်စားပြုသည်။ ထိုအမျိုးသမီး သိုင်းပညာရှင်ကြီး ၏ အမည်နာမကိုတော့ မည်သူမျှ မသိကြ။ သိုင်းထိပ်ခေါင်တင်ဒေဝီ ဟုသာ သိမှတ်ထားကြသည်။

သိုင်းထိပ်ခေါင်တင်ဒေဝီသည် အထူးပင် လျှို့ဝှက်ဆန်းပြား သည်။ မည်သည့်နေရာတွင် နေထိုင်ကြောင်း မည်သူမျှ မသိသလို ကိုယ်တိုင်မြင်ဖူးတွေ့ဖူးသူလည်း မရှိသေးကြောင်း၊ ရုပ်ရည်သွင်ပြင် က မည်သို့မည်ပုံရှိကြောင်းကိုလည်း သိုင်းလောကတွင် မည်သူမျှ မသိကြပေ။

သိုင်းထိပ်ခေါင်တင်ဒေဝီကို ကိုယ်စားပြုသည့် သိုင်းထိပ် ခေါင်တင် ကျောက်စိမ်းအမိန့်တော်ပြားကို တွေ့ဖူးသည့် သိုင်းသမား တွေကတော့ မနည်းလှပေ။ သိုင်းထိပ်ခေါင်တင် ကျောက်စိမ်းအမိန့် တော်ပြား ပေါ်ထွက်လာသည်နှင့် ထိုအမိန့်တော်ပြား ယူဆောင်လာ သူ စေစားသမျှကို မငြင်းတမ်း နာခံကြသည်။ ငြင်းပယ်ဆန့်ကျင်လျှင် အန္တရာယ်အကြီးအကျယ် ကြုံတွေ့ရကာ ပြင်းထန်ရက်စက်သော



အပြစ်ဒဏ်များကို ကျခံကြရသည်။

ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေးက သိုင်းထိပ်ခေါင်တင် ကျောက်စိမ်းအမိန့်တော်ပြားဟု ထုတ်ဖော်ပြောဆိုလာသည်တွင် ချင် လိန်ဝေမှာ အတော်လေး တုန်လှုပ်ချောက်ချားသွားသည်ကတော့ အမှန်ပင်။

သို့သော် သတ္တိကောင်းပြီး အောက်မကျို့တတ်သော စရိုက် ရှိသည်မို့ ချင်လိန်ဝေက ဆန့်ကျင်အာခံစကား ဆိုလိုက်သည်။

"သိုင်းထိပ်ခေါင်တင် ကျောက်စိမ်းအမိန့်တော်ပြားတဲ့လား။ အင်း အဲဒါကို ရည်ညွှန်းပြီးခေါ်ပေမယ့် ကျွန်တော် မလိုက်နိုင်ဘူး"

"တယ်သတ္တိကောင်းပါလား၊ သိုင်းထိပ်ခေါင်တင် ကျောက် စိမ်းအမိန့်တော်ပြားပိုင်ရှင် ဘယ်သူဘယ်ဝါဆိုတာ ရှင်မသိဘူးလား"

ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေးက လေသံမာမာဖြင့် မေး သည်။

"သိုင်းပညာ အရမ်းမြင့်မားအစွမ်းထက်တဲ့ သိုင်းထိပ်ခေါင် တင်ဒေဝီဆိုတာ ကျွန်တော်သိပါတယ်၊ သိုင်းထိပ်ခေါင်တင်ဒေဝီ အပေါ် ပြစ်မှားကျူးလွန်မှု တစ်ခုမှ ကျွန်တော် မလုပ်ဖူးသေးဘူး၊ ဒီတော့ သိုင်းထိပ်ခေါင်တင်ဒေဝီက ကျွန်တော့်ကို ဆင့်ခေါ်စရာ အ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှ မရှိဘူး”

“ရှင်က ကျွန်မကို လိမ်လည်ဖန်တီး လုပ်ဆောင်နေတယ်လို့ စွပ်စွဲချင်တာလား”

“အဲဒီသဘောမျိုးတော့ မဟုတ်ပါဘူး၊ ကျွန်တော်နဲ့ သိုင်းထိပ်ခေါင်တင်ဒေဝီတို့က ကန်ရေနဲ့ပင်လယ်ရေလို ဘယ်လိုမှ ပက်သက်မှု မရှိဘဲ ကိုယ့်ဘာသာကိုယ် နေထိုင်လှုပ်ရှားနေတာ၊ သိုင်းထိပ်ခေါင်တင် ကျောက်စိမ်းအမိန့်တော်ပြားနဲ့ ကျွန်တော့်ကို ဆင့်ခေါ်စရာအကြောင်း ဘာမှမရှိဘူး”

“ရှင်က သိုင်းထိပ်ခေါင်တင် ကျောက်စိမ်းအမိန့်တော်ပြားရဲ့ ဆင့်ခေါ်မှုကို ဆန့်ကျင်အာခံနေတာလား”

“ဟာ ... အဲဒီသဘောမျိုးတော့ မဟုတ်ပါဘူးလေ”

အစိမ်းရောင်ဝတ်စုံဝတ် မိန်းမပျိုက စကားထပ်မဆိုတော့ပါ။ ညာလက် ရုတ်တရက် လှုပ်ရှားလိုက်သည်။ ညာလက်ဝါး ရိုက်ချက်တစ်ချက် ချင်လိန်ဝေထံသို့ တည့်တည့်ဝင်လာသည်။

အစိမ်းရောင်ဝတ်စုံဝတ် မိန်းမပျိုလေး သည်လို ကြမ်းကြမ်းရမ်းရမ်း တိုက်ကွက်ထုတ်ဖော်လာလိမ့်မည်ဟု ချင်လိန်ဝေ လုံးဝတွက်မထားခဲ့ပါ။



ရုတ်တရက် တိုက်ခိုက်လာသည်တွင် အံ့ဩတုန်လှုပ်ကာ ကမန်းကတန်း ရှောင်တိမ်းလိုက်သည်။ သီသီလေး ကပ်ကာ လွတ်အောင်ရှောင်လိုက်နိုင်သည်။ လက်ဝါးရိုက်ချက်အားအဟုန်၏ လွှမ်းမိုးမှုကို ခံရကာ အသက်ရှူကျပ်သလို တစ်ချက်ဖြစ်သည်။

ချင်လိန်ဝေ ဇောချွေးတွေပင် ပြန်လာရသည်။ ငယ်ရွယ်နုပျိုသော မိန်းကလေးတစ်ယောက်၏ လက်ဝါးရိုက်ချက်ကား အတွင်းအားပြည့်ဝလှသည့်အတွက် ချင်လိန်ဝေ အံ့ဩတုန်လှုပ်မိသည်။

ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေးကို စေလွှတ်လိုက်သော သိုင်းထိပ်ခေါင်တင် ဒေဝီဆိုသူ၏ သိုင်းပညာ အဆင့်အတိုင်းအဆ ခန့်မှန်းခြင်း မပြုနိုင်လောက်အောင် မြင့်မားထက်မြက်မည်ဟုလည်း နားလည်လိုက်ရသည်။

“ခဏနေပါဦး”

ချင်လိန်ဝေက ကပျာကယာ ပြောလိုက်သည်။

“ရှင် ဘာပြောချင်လို့လဲ”

ချင်လိန်ဝေမှာ ချက်ချင်း စကားပြန်မဆိုနိုင်။ ဘယ်လိုပြောရလျှင် ကောင်းမည်နည်းဟု စဉ်းစားကြံနေသည်။

“ဘာပြောမလို့လဲ ပြောလေ”

www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... အဲ ... သိုင်းထိပ်ခေါင်တင်ဒေဝီက ဘာကြောင့် ကျွန်တော့်ကို ဆင့်ခေါ်ရတာလဲ"

ချင်လိန်ဝေ ကြံဖန်စကားရှာကာ မေးလိုက်သည်။

"ဒါကို ရှင်သိစရာမလိုဘူး။ သိုင်းထိပ်ခေါင်တင်ကျောက်စိမ်း အမိန့်တော်ပြားရဲ့ အမိန့်ကိုပဲ နာခံပါ"

"ဟာ ... ဒါကတော့"

အစိမ်းရောင်ဝတ်စုံဝတ် မိန်းမပျိုလေးက စကားမဆိုတော့။ ဘယ်ညာလက်ဝါးရိုက်ချက် နှစ်ချက် ဆင့်ကဲရိုက်ထုတ်လိုက်သည်။

လက်ဝါးရိုက်ချက်အား အရှိန်အဟုန် ကြီးမားပြင်းထန်စွာ ပေါ်ထွက်သည်။ ချင်လိန်ဝေ မျက်လုံးများပင် ပြာဝေသွားရသည်။ ညာလက်ရှိ ဓားရှည် သုံးပိုင်းကျိုးပြတ်ထွက်သွားသည်ကို သိလိုက်သည်။

ထိုဓားရှည်မှာ နာမည်ရ ဓားကောင်းဓားမြတ်တစ်လက် မဟုတ်သော်လည်း တာ့လိနယ် ချင်မျိုးနွယ်များ၏ မိသားစု ပန်းပဲဖိုမှ သွန်းလုပ်ကာ မိသားစုဝင် သိုင်းသမားများကိုင်စွဲကြသည့် ခိုင်မာတောင့်တင်းသော ဓားကောင်းတစ်လက် ဖြစ်သည်။

မိမိတို့ မိသားစုပန်းပဲဖိုထွက် ဓားရှည်များ တိုက်ပွဲတွင် ကျိုး



ပြတ်သည်ဟူ၍ ချင်လိန်ဝေ မကြားဖူးသေးပါ။ ယခု မိမိလက်ထဲတွင်ကျမှ ဝတ်စုံစိမ်းဝတ်မိန်းကလေး၏ ဘယ်ညာဆင့်ကဲ လက်ဝါးရိုက်ချက်ကြောင့် သုံးစိတ်သုံးပိုင်း ပြတ်ထွက်သွားရမှုကြောင့် အံ့ဩထိတ်လန့်ကာ ချင်လိန်ဝေ မျက်နှာတစ်ချက် ကွက်ခနဲပျက်သည်။

"ဘာလဲ ... ရှင့်ရဲ့ဓားရှည် ကျိုးပြတ်သွားလို့ မကျေမနပ်ဖြစ်နေတာလား။ ခပ်ညံ့ညံ့ဓားရှည်ကိုင်စွဲရင် ဒီလိုအဖြစ်မျိုး ကြုံတွေ့ရမှာပဲ"

ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေး၏ ရှုတ်ချစကားသည် ချင်လိန်ဝေကို ဒေါသထောင်းခနဲ ထွက်သွားစေသည်။ ချင်လိန်ဝေသည် မြစိမ်းဝါးရုံဓားသိုင်း၏ နေခြည်အလင်းတန်း ဓားကွက်ဖြင့် ရုတ်တရက် တိုက်စစ်ဆင်လိုက်သည်။

ဆောင်ဓားရှည် ကျိုးပြတ်ပျက်စီးသွားပြီမို့ ချင်လိန်ဝေသည် ဓားရှည်အစား လက်ဝါးကိုသာ အသုံးပြုရသည်။ လက်ဝါးကို ဓားရှည်နေရာတွင်သုံးကာ ဓားသိုင်းကွက်များ ဖော်ထုတ်ရာတွင် အသုံးများသော လက်ဝါးစောင်းခုတ်ချက်များကို မသုံး။ လက်ဝါးရိုက်ချက်များဖြင့်သာ နေခြည်အလင်းတန်းဓားကွက်ကို ဖော်ဆောင်သည်။

တစ်မူဆန်းသော သိုင်းဟန်လှုပ်ရှားမှုများကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံစိမ်း ဝတ် မိန်းမပျို အငိုက်မိခံရသလို ဖြစ်သည်။ တုံ့ပြန်လှုပ်ရှား ခုခံမှု အနည်းငယ် နှောင့်နှေးသည်။ ထိုသို့ နှောင့်နှေးမှုကြောင့် ဟာကွက် တစ်ကွက်ပေါ်ပေါက်လာရာ ချင်လိန်ဝေ၏ ဓားရှည်ဖြင့် ဆန့်တန်း ထိုးဟန် လက်ဝါးရိုက်ချက်တိုးဝင်လာသည်။

လက်ဝါးရိုက်ချက် ဖြစ်သော်လည်း ဓားသိုင်းဓားကွက်၏ ဟန်နှင့်စွမ်းရည်အပြည့်ပါနေသည်။

နေခြည်အလင်းတန်းဓားကွက်သည် အဆင့်မြင့်ပြီး အစွမ်းထက်သော တိုက်စစ်အသားပေး ဓားကွက်ဖြစ်ရာ အငိုက်မိသလို ဖြစ်သွားသော ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေးမှာ တစ်ကွက်တည်းနှင့်ပင် ဇီဝိန်ခြွေရတော့မလို ဖြစ်သွားသည်။

ချင်လိန်ဝေသည် စိတ်ထားဖြောင့်မတ်သည်၊ ရန်လိုစိတ်မရှိ၊ တစ်ဖက်မိန်းကလေး၏ နှိမ့်ချလျောင်ပြောင်မှုကြောင့် တိုက်စစ်ဓားကွက်ကို ရုတ်တရက် ထုတ်သုံးလိုက်သော်လည်း အသေသတ်လိုမှုတော့ မရှိပါ။

ယခု ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေး၏အသက်ကို အန္တရာယ်ပြုတော့မည့် အခြေအနေပေါ်လာသောအခါ ချင်လိန်ဝေသည် နေခြည်အလင်းတန်းဓားကွက်ကို ချက်ချင်းပြန်ရုပ်သိမ်းသည်။



ထိုအခိုက်အတန့် အချိန်အခါမှာပင် ဝတ်စုံစိမ်းဝတ် မိန်းမပျိုက ပေါ်ပေါက်နေသောဟာကွက်ကို ကာဆီးကာ တန်ပြန်တိုက်ကွက် ရုတ်တရက် ဆင်လာသည်။ တိုက်စစ်အကွက်ကို ပြန်လည်ရုပ်သိမ်းလိုက်လေသော ချင်လိန်ဝေမှာ ဝတ်စုံစိမ်းဝတ် မိန်းမပျို၏ တန်ပြန်တိုက်ကွက်ကို ခုခံကာကွယ်နိုင်သည့် အခြေအနေ မရှိပါ။

ရှောင်တိမ်းခြင်းပင် မပြုသာတော့။

'ဖုန်း .. ဖုန်း'

ဝတ်စုံစိမ်းဝတ် မိန်းမပျို၏ ဘယ်ညာလက်ဝါးစုံ ရိုက်ချက် ချင်လိန်ဝေ၏ ရင်ဘတ်ကို ထိမိသည်။ ဟာကွက်ကို ကာဆီး၍ တန်ပြန်တိုက်ကွက်ဆင်လိုက်သည့် အချိန်မှာပင် ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေးသည် ချင်လိန်ဝေက တိုက်ကွက်ကို အပြည့်အဝ မတိုက်ခိုက်ဘဲ တစ်ဝက်တစ်ပျက်နှင့် ပြန်ရုပ်သိမ်းသွားကြောင်း ရိပ်မိလိုက်သည်။

တစ်ဖက်က တိုက်ကွက်ကို ရုပ်သိမ်းသွားပြီမို့ မိမိအနေဖြင့်လည်း ထိမိပြင်းထန်သော တန်ပြန်တိုက်ကွက် မဆင်သင့်တော့ကြောင်း ဝတ်စုံစိမ်းဝတ်မိန်းမပျိုလေး နားလည်သည်။ သို့သော် သေရေးရှင်ရေးကြုံရချိန်တွင် အစွမ်းကုန် အဆင့်ကုန် တန်ပြန်တိုက်ကွက်ဖြင့် ရင်ဆိုင်လိုက်ရသည်မို့ သိုင်းကွက်ကို မရုပ်သိမ်းနိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ကွက်တွင် ထည့်သုံးထားသော အတွင်းအား အရှိန် အဟုန်ကိုသာ တတ်နိုင်သမျှ လျှော့ချလိုက်ရသည်။ သို့သော် လက်ဝါး စုံရိုက်ချက် ထိသွားသည့် အင်အားကတော့ အတော်ပင် ပြင်းထန် သည်။

ချင်လိန်ဝေ နောက်သို့ ခြေတစ်လှမ်း ယိမ်းယိုင်သွားသည်။ ပါးစပ်မှလည်း သွေးတစ်လုပ် အန်ထွက်သည်။

"ကျွန်မအသက်ကို မယူဘဲ တိုက်ကွက်ပြန်ရုပ်သိမ်းလိုက် တာကို အများကြီး ကျေးဇူးတင်ပါတယ်၊ ကျွန်မနာမည် ကျောက်စိမ်း လေးပါ၊ နှုတ်ဆက်ခဲ့ပါတယ်"

ဝတ်စုံစိမ်းဝတ် မိန်းမပျို ကျောက်စိမ်းလေးက နှုတ်ဆက် စကားဆိုကာ လှစ်ခနဲ ပြေးလွှားထွက်ခွာသွားသည်။ ချင်လိန်ဝေမှာ ရင်ဝတွင် တစ်ဆို့ကာ အသက်ရှူကျပ်နေရာ အတွင်းအားလည်ပတ် ကာ မိမိကိုယ်မိမိ ပြန်ထိန်းနေရသောကြောင့် စကားပြန်မပြောနိုင်။

ချင်လိန်ဝေ၏ အသက်ရှူမှု ပုံမှန်ပြန်ဖြစ်လာချိန်တွင်တော့ ကျောက်စိမ်းလေးဆိုသူ ဝတ်စုံစိမ်းဝတ် မိန်းမပျိုလေး သူ့အနားတွင် မရှိတော့ပါ။

သိုင်းထိပ်ခေါင်တင်ဒေဝီ ကျောက်စိမ်းအမိန့်တော်ပြားဖြင့်



ဆင့်ခေါ်မှုမှ လွတ်ကင်းသွားသလိုမို့ ချင်လိန်ဝေ စိတ်အတော်အေး သွားရသည်။

သို့သော် ဘာကြောင့် မိမိကို သည်လိုဆင့်ခေါ်သည်ကို ရေ ရေရာရာ မသိရသည့်အတွက်တော့ စိတ်ထဲ မတင်မကျဖြစ်နေရလေ သည်။

စဉ်းစားအဖြေရှာ၍ မရသော ချင်လိန်ဝေတစ်ယောက် စိမ်း ညို့ညို့တောအုပ်ထဲမှ အသာလျှောက်လှမ်း ထွက်လာခဲ့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



စိမ်းညို့ညို့ တောအုပ်အပြင်ဘက်သို့ ချင်လိန်ဝေ ရောက်လာသောအခါ နေဝင်သွားလျက် မှောင်ရီဖြိုးဖြပင် ဖြစ်နေလေပြီ။ ဝမ်းဗိုက်ကလည်း အတော်ကလေး ဆာလောင်နေပြီမို့ ချင်လိန်ဝေ ခဏတာ ရပ်နားကာ ဆောင်ယူလာသော ခရီးဆောင်ရိက္ခာ ဝက်သားကောက်ညှင်းထုပ် နှစ်ထုပ် ထုတ်ယူစားသောက်သည်။

ဗိုက်ပြည့်သွားလျက် လူလည်း အတော်လန်းလန်းဆန်းဆန်း ရှိလာသည်။ ယခု ချင်လိန်ဝေ ရောက်ရှိနေသော နေရာသည် ညအိပ်စခန်းချရန် သင့်တင့်လျှောက်ပတ်ခြင်း မရှိသည့်အတွက် နေဝင်သွားပြီဖြစ်သော်လည်း ညအိပ်စခန်းချရန် နေရာကောင်းတစ်ခု ရှာလိုသောကြောင့် ချင်လိန်ဝေ ဆက်လက်လျှောက်လှမ်းထွက်လာခဲ့သည်။

ခြေလှမ်းသုံးဆယ်ခန့်သာ လျှောက်လှမ်းသွားရသေးသည်။ ချင်လိန်ဝေအတွက် စိတ်ရှုပ်စရာ အဟန့်အတားတစ်ခုကို ရင်ဆိုင်ရလေတော့သည်။ ချင်လိန်ဝေ ရှေ့ရှုသွားနေသည့်လမ်းတွင် လူငါး



ယောက် ဝိတ်ဆို့တားဆီးနေသည်။

တခြားသူတွေတော့ မဟုတ်။ စိမ်းညို့ညို့သရဲငါးကောင်ပင် ဖြစ်သည်။

"မင်းကို ကူညီကာကွယ်ပေးမယ့် ကလေးဘိုးဘိုး စောချိုဖုန်းလည်း အဝေးကို ထွက်သွားပြီ၊ မင်းကို ကူညီမပေးနိုင်တော့ဘူး၊ ဒီတော့ မင်းမှာပါလာတဲ့ အဖိုးတန်ပစ္စည်းတွေကို လိမ်လိမ်မာမာနဲ့ ငါတို့လက် အပ်ပေတော့၊ မဟုတ်ရင် ..."

စိမ်းညို့ညို့သရဲငါးကောင်၏ ဦးစီးခေါင်းဆောင်ဖြစ်သော အားမောက်ကိုင်လူကြီးက မာန်ပါပါ ပြောသည်။ သည်လူစုနှင့် ထပ်မံတွေ့ရမှုကြောင့် ချင်လိန်ဝေမှာ အတော်ပင်စိတ်လှုပ်ရှားရသည်။ ကြောက်လန့်ခြင်းတော့ မရှိပါ။

"ခင်ဗျားတို့ ထွက်လာကြပြန်ပြီလား၊ ကျွန်တော့်ကို မနှောင့်ယှက်ရင် ကောင်းလိမ့်မယ်"

ချင်လိန်ဝေက ပြောလိုက်သည်။

"မင်းမှာ ပါလာတဲ့ အဖိုးတန်ပစ္စည်းတွေ ထုတ်ပေးခဲ့လေ၊ ဒါဆို မင်းကို ငါ ဘာမှ အနှောင့်အယှက် မပေးတော့ဘူး"

သည်လူစုကို အေးအေးသက်သာနှင့် ပြေလည်အောင်ပြလည်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြောနေ၍မဖြစ်။ နောက်ဆုတ်သွားကြမအောင် ဆုံးမလိုက်မှဖြစ်တော့မည်ဟု ချင်လိန်ဝေ ဆုံးဖြတ်သည်။

ထို့ကြောင့် ချင်လိန်ဝေက စကားဆိုမနေတော့ စိမ်းညို့ညို့သရဲငါးကောင်ဆိုသော လူဆိုးဓားပြများကို ရင်ဆိုင်တိုက်ခိုက်ပေတော့သည်။ တစ်ခါတည်း ဦးကျိုးသွားကြအောင် ချိုးနှိမ်ပစ်လိုသောကြောင့် ချင်လိန်ဝေက အစွမ်းကုန် တိုက်စစ်ဆင်ရန် သိုင်းကွက် ခင်းကျင်းလိုက်သည်။

နှစ်ဦးနှစ်ဖက် အသေအကျေတိုက်ကွက်များ ဖော်ထုတ်တော့မည့်အချိန်တွင် လူတစ်ယောက် လျင်မြန်သွက်လက်လှသော အရှိန်အဟုန်ဖြင့် ပြေးလွှားရောက်ရှိလာသည်။ ချင်လိန်ဝေကို ဆိုးခနဲဆတ်ခနဲဆိုသလို ဆွဲခေါ်ကာ တစ်ဟုန်ထိုးပြေးထွက်သည်။

ထိုသူ၏လှုပ်ရှားမှုများသည် အံ့မခန်းလောက်ဖွယ်ရာ မြန်ဆန်သွက်လက်လွန်းလှပေရာ စိမ်းညို့ညို့သရဲငါးကောင်မှာ မျက်လုံးမျက်ဆန်ပြူးနှင့် အံ့ဩတုန်လှုပ် ကျန်ခဲ့ကြသည်။

သူတို့ရှေ့မှောက်တွင်တော့ ချင်လိန်ဝေ ရှိမနေတော့ပါ။

ချင်လိန်ဝေကိုယ်တိုင်မှာလည်း မိမိကိုယ်မိမိ ဘာတွေဘယ်လိုဖြစ်မှန်းမသိ။ ရုတ်တရက် ပေါ်ပေါက်လာသူ ဆွဲခေါ်ရာ



နောက်သို့ ပါသွားခဲ့ရာ လေဟုန်စီးသလိုမျိုး လျင်မြန်စွာ ရွေ့လျားသွားနေသည်ကိုသာ သတိပြုမိသည်။ မိမိကို ဆွဲခေါ်သွားသူ မည်သူမည်ဝါဆိုသည်ကိုပင် မသိနိုင်သေး။

အချိန်အနည်းငယ်အကြာတွင် ချင်လိန်ဝေကို ဆွဲခေါ်လာသူက အပြေးရပ်သည်။ ဆွဲကိုင်ထားမှုကိုလည်း အသာလွှတ်ပေးသည်။ ဤအခါတွင်မှ ချင်လိန်ဝေသည် မိမိကို ဆွဲခေါ်လာသူကို သေသေချာချာ အကဲခတ်ကြည့်ရှုနိုင်လေတော့သည်။

အသက် (၇၀) ကျော်အရွယ် အဘိုးအိုတစ်ယောက်။ ခရမ်းရောင်ဝတ်စုံ ဝတ်ထားသည်။ အရပ်အတန်မြင့်ပြီး ကိုယ်ခန္ဓာက ပိန်ပိန်ပါးပါး။ ခေါင်းတွင်ရှိ ဆံပင်အားလုံး ဖွေးဖွေးဖြူနေသည်။ အသက်အရွယ် အိုမင်းနေသော်လည်း ကြံ့ခိုင်သန်စွမ်းသေးသည်။ အဆင့်မြင့်သိုင်းပညာရှင် တစ်ယောက်ဖြစ်ကြောင်း၊ မိမိကို ဆွဲခေါ်ပြေးလွှားခဲ့သည့်အစွမ်းကို ကြည့်ခြင်းဖြင့် ချင်လိန်ဝေ သံသယကင်းစွာ နားလည်သိရှိသည်။

"ဘဘက ဘယ်သူပါလဲ၊ ကျွန်တော့်ကို ကူညီပေးခဲ့တာ ကျေးဇူးတင်ပါတယ်"

ချင်လိန်ဝေက ကျေးဇူးတင် ဂါရဝပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကူညီပေးထိုက်လို့ ကူညီပေးခဲ့တာပဲ၊ အထွေအထူး ကျေးဇူးတင်စရာ မလိုပါဘူး၊ မင်း ငါ့ကို စတုတ္ထနှင်းတောင်ဘဘလို့ ခေါ်နိုင်တယ်"

"စတုတ္ထနှင်းတောင်ဘဘ ... ဟုတ်လား၊ ဒါဆို ဟို ... နှင်းတောင်ယောဂီ ..."

အဘိုးအိုက ချင်လိပ်ဝေ၏ စကားမဆုံးမီ ဖြတ်၍ ...

"မင်းအတွက် အကျိုးရှိမယ့်ကိစ္စ လုပ်ဆောင်ပေးစရာ ရှိတယ်၊ ဟောဟိုက နှင်းတောင်ထိပ်ကို အရောက်တက်လာခဲ့"

အဘိုးအို ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ရာ ဆီးနှင်းများ ဖုံးလွှမ်းနေသော တောင်ဆွယ်ဖြူဖြူတစ်ခုကို အဝေးဆီတွင် မှုန်ပျပျ မြင်ရသည်။ ထိုနှင်းတောင်ရှိရာသို့ လှမ်းကြည့်ရာမှ အဘိုးအိုဘက် မျက်နှာပြန်မူလိုက်သောအခါတွင်တော့ ချင်လိပ်ဝေမှာ ဟာခနဲ ရေရွတ်မိလုလု ဖြစ်သည်။

သူ့အနားတွင် အဘိုးအိုမရှိတော့။ ရုတ်ခြည်းပင် ပျောက်ခြင်းမလှ ပျောက်ကွယ်သွားမှုက အံ့သြစရာပင် ကောင်းနေသည်။

ယခု ချင်လိပ်ဝေ ရောက်နေသောနေရာသည် တောင်ကြား လွင်ပြင်တစ်ခု ဖြစ်သည်။ သစ်ပင်ချုံပုတ်များ မရှိ။ မြက်ပင်ရှည်များသာ ပေါက်ရောက်နေသည်။ မြက်ခင်းလွင်ပြင်သည် မျက်စိတစ်ဆုံး ကျယ်ပြောခြင်း မရှိသော်လည်း အတော်တော့ ကျယ်ပြန့်သည်။ မြက်ပင်များကလည်း တစ်တောင်သာသာလောက်သာ အမြင့်ဆုံး ဖြစ်ရာ ထိုမြက်ခင်းလွင်ပြင်တွင် အတော်ဝေးဝေးသို့တိုင် လှမ်းမြင်နိုင်သည်။

BURMESE CLASSIC .com



နှင်းတောင်ရှိရာ တစ်ချက် လှမ်းကြည့်လိုက်သည့် တိုတောင်းလှသော အချိန်လေးအတွင်း အဘိုးအိုသည် ချင်လိပ်ဝေ၏ မျက်စိမြင်ကွင်းမှ အပြင်ဘက်သို့ ရောက်အောင် ပြေးလွှားထွက်သွားလေပြီလား။

ဒါမှမဟုတ် ချင်လိပ်ဝေမသိသည့် နည်းလမ်းအတတ်ပညာ တစ်ခုခုဖြင့် ကိုယ်ယောင်ဖျောက် ပုန်းအောင်းလိုက်လေသည်လား။

အဖြေမရနိုင်သည့်ကိစ္စကို ချင်လိပ်ဝေ ဦးနှောက်အခြောက်ခံကာ စဉ်းစားမနေတော့။ ထိုအဘိုးအို ဖိတ်ခေါ်ထားသည့်အတိုင်း နှင်းတောင်ပေါ်သို့ အရောက်သွားရန်သာ စိတ်ပိုင်းဖြတ်လိုက်သည်။

ခေါ်ယူထားရာနေရာဖြစ်သည့် နှင်းတောင်ထိပ်သို့ ရောက်လျှင် ထိုအဘိုးအိုကို ပြန်၍တွေ့ဆုံနိုင်မည်ဟုတော့ ချင်လိပ်ဝေ မျှော်လင့်ယုံကြည်ထားသည်။ ထိုအဘိုးအိုနှင့်ပတ်သက်၍ အဖြေ…ရခက်

www.burmeseclassic.com

www.burmeseclassic.com



သည့် ပဟေဠိများလည်း ဖြေရှင်းသွားနိုင်လိမ့်မည်ဟု တွက်ဆသည်။

ယခု မိမိရောက်နေသည့် နေရာသည် မည်သည့်နေရာ ဖြစ်ကြောင်းကိုလည်း ချင်လိန်ဝေ မသိ။ အဘိုးအိုက သူ့ကို ဆွဲခေါ်လာခဲ့သည်မှာ အချိန်သိပ်မကြာသော်လည်း ကိုယ်ဖော့ပညာ အဆင့်မြင့်သောကြောင့် ခရီးအတော်ပေါက်ခဲ့သည်ကတော့ သေချာသည်။

စိမ်းညို့ညို့တောအုပ်နှင့်တော့ အတော်လေး ကွာဝေးနေလေပြီ။

ချင်လိန်ဝေသည် တာ့လီနယ်ဇာတိဖြစ်သော်လည်း တာ့လီနယ်၏ နေရာအနည်းအကျဉ်းလောက်ကိုသာ ရောက်ဖူးပေါက်ဖူးသည်။ ယခု မိမိ ဘယ်နေရာရောက်နေသည်ကိုလည်း ချင်လိန်ဝေ ဆက်စဉ်းစားမနေတော့။

အဝေးဆီတွင် ခပ်ပျပျ လှမ်းမြင်နေရသော နှင်းတောင်ဆီသို့သာ ဦးတည်၍ သွားလေတော့သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း ဆက်လက်ဖတ်ရှုပါရန်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

